# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၂၈ ရက်၊ အင်္ဂါနေ့ အတွဲ (၅၉)၊ အမှတ်(၁၂၀)




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။ သတင်းစဉ်

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတင်ကျင်းပ

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း စွန့်ပစ်အမှိုက်များ ပြုပြင်သန့်စင်သည့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပိုလန်နိုင်ငံအစိုးရထံမှ ODA ချေးငွေ ယူရို သန်း ၅၀ ရယူရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၇

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။**

ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် နှစ်ဟောင်းကို ပြန်ပြောင်းသုံးသပ်ပြီး နှစ်သစ်တွင် ပိုမိုကောင်းမွန်သည့် အတွေးသစ်၊ အမြင်သစ်များနှင့် အပြန်အလှန် လေးစားမှု၊ နားလည်ယုံကြည်မှုတို့ကို အခြေခံပြီး ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ဆက်လက်ဖော်ဆောင်ကြမည့် အနာဂတ်ပြည်ထောင်စုအတွက် ရင်းနှီးချစ်ကြည်စွာ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်နိုင်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ဒုတိယအကြိမ်လွှတ်တော်များ၏ သက်တမ်းကာလသည် မကြာမီရက်ပိုင်းတွင် လေးနှစ်ပြည့်မြောက်တော့မည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အတွေ့အကြုံပိုမိုရင့်ကျက်လာသည်နှင့်အမျှ ကျန်ရှိသည့် လွှတ်တော်သက်တမ်းကာလအတွင်းတွင် အချိန်ကို အကျိုးရှိရှိအသုံးချပြီး မိမိတို့၏ လွှတ်တော်ဆိုင်ရာ လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဦးစားပေးအလိုက် ပူးပေါင်းဆောင်ရွက်သွားကြရန် မျှော်လင့်ပါကြောင်း။

၂၀၁၉ - ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်ရရှိထားသည့် မြို့နယ်ပေါင်း ၃၂၅ မြို့နယ်အနက် ယနေ့အထိ လုပ်ငန်းဆောင်ရွက်ခွင့် အဆိုပြုချက် ပုံစံ(၁) များကို ၁၁၃ မြို့နယ်မှ ပေးပို့တင်ပြခဲ့ပြီး ဖြစ်ပါကြောင်း၊


*စာမျက်နှာ ၅ ကော်လံ ၁*


## ICJ ၏ ကြားဖြတ် စီမံဆောင်ရွက်ချက် ချမှတ်ခြင်းဆိုင်ရာ အတွေ့အကြုံများ စကားဝိုင်း ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂၇

ICJ ၏ ကြားဖြတ် စီမံဆောင်ရွက်ချက် ချမှတ်ခြင်းနှင့်စပ်လျဉ်း၍ အဆိုပါ အစီအစဉ်သို့ တက်ရောက်ခဲ့ကြသည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်သည့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါက်တာသီတာဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချမ်းအေး၊ ဥပဒေရေးရာ အကြံပေး(မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်) ဦးကျော်တင်နှင့် ဦးကိုကို(စက်မှုတက္ကသိုလ်)တို့၏ အတွေ့အကြုံ ရှင်းလင်းသည့် စကားဝိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)၊ မြန်မာ့အသံ ရေဒီယိုနှင့် MRTV Facebook Page တို့၌ ဇန်နဝါရီ ၂၈ ရက် အင်္ဂါနေ့ ည ၈ နာရီ မိုးလေဝသ သတင်းအပြီးတွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်


စာ-၉



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# မှန်ကန်သည့် အကြံပြုချက်များအတိုင်း နေထိုင်

အိမ်နီးချင်းနိုင်ငံမှ ကူးစက်ရောဂါပျံ့နှံ့မှုသတင်းက မိမိတို့ နိုင်ငံမှ ပြည်သူများအတွင်း၌လည်း စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေသည်။ ၂၀၁၉ – နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ဟု တရားဝင်အမည်ရှိသည့် အဆိုပါ ကူးစက်ရောဂါပိုးမှာ ရောဂါဖြစ်ပွားမှုစတင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံမှ ဝူဟန်မြို့ကို အစွဲပြုပြီး ဝူဟန်ကိုရိုနာဗိုင်းရပ်စ်ဟူ၍လည်း အမည်တွင်နေခဲ့ပြီဖြစ်သည်။ လူဦးရေ ၁၉ သန်းကျော် နေထိုင်သည့် ဝူဟန်မြို့ကြီးမှာ ပြီးခဲ့သည့် ဒီဇင်ဘာလလယ်တွင် ဗိုင်းရပ်စ်ပျံ့နှံ့မှုစတင်လာခဲ့ချိန်မှစ၍ ကူးစက်မှုအရှိန်အဟုန်မြင့်မားလာသည့် လက်ရှိအချိန်တွင်မူ လူသွားလူလာ အလျှင်းမရှိတော့ဘဲ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေပြီဖြစ်သည်ကို သတင်းများတွင် တွေ့ရသည်။ ဝူဟန်ကိုရိုနာဗိုင်းရပ်စ်မှာမူ ဟောင်ကောင်၊ မကာအို၊ တရုတ် (တိုင်ပေ) တို့အပြင် သြစတြေးလျ၊ ပြင်သစ်၊ ဂျပန်၊ နီပေါ၊ တောင်ကိုရီးယား၊ စင်ကာပူ၊ ထိုင်း၊ အမေရိကန်၊ ဗီယက်နမ်တို့အထိ ရောက်ရှိသွားပြီဖြစ်သည်။

အဆိုပါ နိုင်ငံများတွင် ၂၀၁၉ – နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရကြောင်း အတည်ပြုနိုင်သည့် လူနာစုစုပေါင်း ၂၃ ဦးရှိသည့်အနက် ၂၁ ဦးတို့မှာ ဝူဟန်မြို့သို့ ခရီးသွားခဲ့ကြ သူများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်ဟုဆိုသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား နယ်စပ်ဝင်ထွက်ပေါက်များရှိနေသည့်အပြင် လေကြောင်းမှ နေ့စဉ်ဝင်ထွက်မှုများလည်းရှိခြင်း၊ မြန်မာနိုင်ငံနှင့် နောက်ထပ် အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သည့် ထိုင်းနိုင်ငံသို့ပါ ရောဂါကူးစက်လာနေခြင်း၊ တရုတ်–မြန်မာနယ်စပ်အနီးရှိ တရုတ်ဘက်ခြမ်းမြို့အချို့၌ပါ ရောဂါပျံ့နှံ့မှုများ တွေ့ရှိလာရခြင်း သတင်းများကြောင့်လည်း မိမိတို့ မြန်မာနိုင်ငံအတွင်း စိုးရိမ်မှုများမြင့်တက်လာနေရခြင်းဖြစ်သည်။ ထို့ပြင် ဗိုင်းရပ်စ်ကူးစက်ခံရပြီးသူတစ်ဦးတွင် ရောဂါအစပျိုးချိန်မှာ ရက်သတ္တပတ် ၂ ပတ်ကျော်ကြာမြင့်သည်ဆိုသည့် အချက်မှာလည်း အထူးဂရုပြုဖွယ်ပင် ဖြစ်သည်။

သို့ဖြစ်သည့်အလျောက် လူတိုင်းလူတိုင်းက မိမိတို့၏ ကျန်းမာရေးကို ဂရုပြုကာကွယ်စောင့်ရှောက်ကာ ကျန်းမာရေးဆိုင်ရာ အကြံပြုချက်များနှင့်အညီ စားသောက်နေထိုင်သွားခြင်းဖြင့် ဗိုင်းရပ်စ်ကူးစက်မှုမှ ရှောင်ရှားနိုင်မည်ဖြစ်သည်။ လူအများသုံးစွဲကြသည့် လူမှုကွန်ရက်များတွင် ရောထွေးနေသည့်သတင်းမှား၊ သတင်းမှန်များ၊ မဟုတ်မမှန် လုပ်ကြံရေးသားထားသည်များ စသည်တို့ကြောင့် အချက်အလက်အမှန်များကို မရရှိဘဲ စိတ်ရှုပ်ထွေးဖွယ်ရာများကိုသာ တွေ့ကြုံရဖွယ်ရှိသည့်အလျောက် ခိုင်မာမှန်ကန်၍ ယုံကြည်စိတ်ချရသော သတင်းအရင်းအမြစ်များမှ သတင်းများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ထုတ်ပြန်ထားသည့် သတင်းအချက်အလက်များနှင့် ကျန်းမာရေးဆိုင်ရာ အကြံပြုချက်များကိုသာ ရယူကြရန် တိုက်တွန်းလိုသည်။

အဆုတ်ရောင်ရောဂါတစ်မျိုးဖြစ်သည့် ၂၀၁၉ – နိုဗယ်ကိုရိုနာဗိုင်းရပ်စ်သည် လေထဲမှတစ်ဆင့် ကူးစက်ခြင်း၊ ရောဂါပိုးတွယ်ကပ်နေသည့် အရာဝတ္ထုတစ်ခုခုကို ကိုင်တွယ်မိ၍ ကူးစက်ခြင်းဟူသော နည်းလမ်းနှစ်သွယ်ရှိနေရာ နှာခေါင်းနှင့် ပါးစပ်တို့ လုံခြုံအောင် နှာခေါင်းစည်း အသုံးပြုဖုံးအုပ်ခြင်း၊ ရေနှင့် ဆပ်ပြာတို့ကို အသုံးပြု၍ လက်များကို မကြာမကြာဆေးကြောခြင်းတို့က ရာခိုင်နှုန်းတော်တော်များများ ကာကွယ်ပေးနိုင်သည်။ လူထူသည့်နေရာများ၊ ပွဲလမ်းသဘင်များကို ရှောင်ကြဉ်ခြင်း၊ လူကျပ်သည့် ဘတ်စ်ကားများကို မဖြစ်မနေစီးရလျှင်လည်း အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်မှု မဖြစ်ပွားစေရန် ဂရုပြုခြင်း၊ သားငါးများကို ကျက်အောင် စနစ်တကျ ချက်ပြုတ်ပြီးမှ စားသောက်ခြင်း၊ တစ်ကိုယ်ရေ သန့်ရှင်းရေးဂရုပြုခြင်း၊ အာဟာရပြည့်ဝအောင် စားသုံး၍ ကောင်းစွာအိပ်စက်အနားယူခြင်း၊ ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ခြင်း စသည့် အကြံပြုချက်များအတိုင်း နေထိုင်ခြင်းဖြင့် ရောဂါကူးစက်မှုမှ ရှောင်ရှားနိုင်ကြသည်။

အဆုတ်ရောင်ရောဂါ(၂၀၁၉–nCoV)ကို မိမိကိုယ်တိုင် ဖြစ်ပွားသည်ဟု သံသယရှိလျှင်ဖြစ်စေ၊ အခြားတစ်ဦးဦးတွင် ဖြစ်ပွားနေသည်ဟု သံသယဖြစ်ဖွယ် တွေ့ရှိလျှင်ဖြစ်စေ နီးစပ်ရာဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများသို့ အမြန်ဆုံး သွားရောက်ကုသကြရန် လိုအပ်သည်။ သာမန်ဖျားနာရောဂါမဟုတ်သည့် အလျောက် ထိရောက်မှန်ကန်သည့် ကုသမှုကို ရယူနိုင်မှသာ ရောဂါဘယဘေး ကင်းဝေးနိုင်မည် ဖြစ်ပါကြောင်း။ ။

# ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး။

(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။

ဒို့ညီနောင်ထု တည်ထောင်ပြု ပြည်ထောင်စုနေ့ ဒို့မမေ့။

## အများအားဖြင့် သာယာ

နေပြည်တော် ဇန်နဝါရီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ အစည်းအဝေးတက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကော်မတီအနေဖြင့် သက်ကြီးရွယ်အိုသက်သေခံကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် သက်ကြီးရွယ်အို အမျိုးအစားအလိုက် အဆင့်ခွဲခြားခြင်းကို မသန်စွမ်းသူများ အဆင့်သတ်မှတ်ချက်နှင့် တိုက်ဆိုင်စိစစ်ရန်ဟူသော အချက်ကို ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် အိုသော်လည်း စွမ်းသည့် သက်ကြီးရွယ်အိုများကို လူမှုအကျိုးပြုလုပ်ငန်းများနှင့် လူ့အဖွဲ့အစည်းအတွင်း ကျန်းမာတက်ကြွစွာပါဝင်နိုင်ရန် သက်ကြီးရွယ်အိုအခွင့်အရေးများကို ဖော်ဆောင်ပေးရန် လိုအပ်ကြောင်း၊ သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကို ထုတ်ပြန်ပြီးဖြစ်၍ နည်းဥပဒေ အမြန်ဆုံးထုတ်ပြန်နိုင်ရန် အရေးကြီးပါကြောင်း၊ သက်ကြီးရွယ်အို အမျိုးအစားအလိုက် အိုမင်းစွမ်းနိုင်မှုအဆင့်ခွဲခြားပြီး ပံ့ပိုးကူညီမှုများကို စနစ်တကျ ဆက်လက်ဆောင်ရွက်နိုင်ရန် နည်းဥပဒေလိုအပ်ပါကြောင်း။

မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီကို နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဆက်လက်ဖွဲ့စည်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်ထားပါကြောင်း၊ ရန်ပုံငွေထူထောင်ရေးနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့နှင့် ပူးပေါင်းကာ သက်ကြီးသူများကိုယ်တိုင် ဦးဆောင်ပြီး မျိုးဆက်သစ်လူငယ်များ၊ လူလတ်ပိုင်းများ ပါဝင်၍ ခွဲခြားမှုမရှိဘဲ အားလုံးပါဝင်သောအချင်းချင်း ကူညီစောင့်ရှောက်ရေးအတွက် လူမှုအားမာန်အဖွဲ့များ ဖွဲ့စည်းခဲ့ပြီးဖြစ်ရာ ဆက်စပ်ဌာန ဆိုင်ရာများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဆက်လက် အကောင်အထည်ဖော်နိုင်ရန် ရန်ပုံငွေလျာထားပြီးဖြစ်ကြောင်း၊ နည်းဥပဒေ (မူကြမ်း) ကို အစိုးရအဖွဲ့ရုံးထံ အမြန်ဆုံးတင်ပြ အတည်ပြုချက် ရယူနိုင်ရေး ဆက်လက် ဆွေးနွေးပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အခြေခံ စားဝတ်နေရေး၊ လှုပ်ရှားသွားလာရေးနှင့် မရှိမဖြစ်ကျန်းမာရေး စောင့်ရှောက်မှု ခံယူရေးတို့တွင် သင့်လျော်သော အထောက်အပံ့ရရှိခွင့်၊ သက်ကြီးရွယ်အိုဘဝ၌ သင့်တင့်သော ဝင်ငွေပုံမှန်ရရှိရေးနှင့် နေထိုင်မှု အဆင့်အတန်း ရရှိရေးတို့အတွက် အထောက်အပံ့ရယူခွင့်၊ စရိတ်ထောက်ပံ့မှု လိုအပ်သော မိဘအိုးဘွားများက ၎င်းတို့၏ သားသမီးနှင့် မြေးများထံမှ စရိတ်ထောက်ပံ့မှု ရပိုင်ခွင့် စသည်ဖြင့် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေတွင် ပါရှိသော အခွင့်အရေးများကို ရှင်းလင်းဆွေးနွေးပြီး တာဝန်ရှိသူများက သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေ (မူကြမ်း) အပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်များနှင့် ပြင်ဆင်ထားသော နည်းဥပဒေ (မူကြမ်း) ကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးမှုများမှ ရရှိလာသော အချက်များကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပြန်လည်ညှိနှိုင်းကာ နည်းဥပဒေ (မူကြမ်း) ကို အတည်ပြုနိုင်ရေး အစိုးရအဖွဲ့ရုံးထံသို့ ဆက်လက်တင်ပြသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ပညာရေးကောလိပ် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၇**

၂၀၂၀ - ၂၀၂၁ ပညာသင်နှစ် ပညာရေးကောလိပ်များတွင် ဖွင့်လှစ်မည့် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာ(Pre – Service Primary Teacher Training – PPTT) တစ်နှစ်သင်တန်း သင်ရိုးရေးဆွဲမှုလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဟန်ချက်ညီညီဆောင်ရွက်**

ဆွေးနွေးပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆရာဆရာမများသည် အဓိက ပင်မအခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ ဆရာအတတ်ပညာများ လေ့ကျင့်မွေးထုတ်ပေးရာတွင် အခြေခံပညာကဏ္ဍရှိ ဆရာဆရာမများအတွက် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ (Pre – Service Teacher Education) နှင့် လုပ်ငန်းခွင်ဆရာအတတ်ပညာ (In–Service Teacher Education) သင်တန်းများဖြင့် အရည်အသွေးမြှင့်တင်ရေးကို ဟန်ချက်ညီညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အခြေခံပညာပြုပြင်ပြောင်းလဲမှုနှင့်အညီ ဆရာအတတ်ပညာသင်ရိုးညွှန်းတမ်းနှင့် သင်တန်းပုံစံများကို ကာလတိုအတွက် ပြန်လည်ပြင်ဆင်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ၏ ရည်ရွယ်ချက်သည် လက်ရှိ ခြောက်လသင်ရိုးကို ပြန်လည်သုံးသပ်ပြီး သင်ကြားပို့ချမည့် ဘာသာရပ် အကြောင်းအရာများ၊ သင်တန်းကာလနှင့် သင်တန်းပုံစံများ၊ လက်တွေ့တန်းပြဆင်းခြင်း အစီအစဉ်များ၊ Assignment and Assessment များ၊ သုတေသနပြုအစီအစဉ်များကို အသေးစိတ်ဆွေးနွေးပြီး ရလဒ်ကောင်းများ ထွက်ပေါ်လာရန်ဖြစ်ကြောင်း၊ သို့မှသာ အရည်အသွေးရှိသော သင်ရိုးညွှန်းတမ်းများဖြင့် ၂၁ ရာစု ကျွမ်းကျင်မှုများ၊ ပေါင်းသင်းဆက်ဆံရေး၊ ဉာဏ်ရည်ဉာဏ်သွေး၊ တစ်ကိုယ်ရေဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်ရရှိမှုဆိုင်ရာ ကျွမ်းကျင်မှုများဖြင့် အနာဂတ်မျိုးဆက်သစ်များကို ပြုစုပျိုးထောင်ပေးနိုင်မည့် အရည်အသွေးပြည့်ဝသော ဆရာ ဆရာမလောင်းများကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာ(Pre – Service Primary Teacher Training – PPTT) တစ်နှစ်သင်တန်း သင်ရိုးရေးဆွဲမှု လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

**ဆွေးနွေးမှုရလဒ်များအတည်ပြု**

ယင်းနောက် ညှိနှိုင်းဆွေးနွေးပွဲကို ဘာသာရပ်အလိုက် အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ အုပ်စုတစ်ခုချင်းမှ ဆွေးနွေးချက်ရလဒ်များကို တင်ပြခြင်း၊ ဘာသာရပ်အလိုက် အုပ်စုတစ်ခုချင်းစီမှ တင်ပြခြင်း၊ ဆွေးနွေးမှုရလဒ်များကို အတည်ပြုခြင်း စသည့် အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ကိုးကန့်တိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော် ဂုဏ်ပြုညစာစားပွဲတက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ကိုးကန့်တိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီက ရှမ်းပြည်နယ် လားရှိုးမြို့ မန်ဆူ ကိုးကန့်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုးကန့်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးဟော်ရှောက်ချန်း၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကိုးကန့်တိုင်းရင်းသားတိုင်းရင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကိုးကန့်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးဟော်ရှောက်ချန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ဂုဏ်ပြုညစာစားပွဲကို ကိုးကန့်တိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော် ဖျော်ဖြေမှုအစီအစဉ်များဖြင့် ဆက်လက်ကျင်းပရာ ကိုးကန့်တိုင်းရင်းသားတိုင်းရင်းသူများ၏ လက်ဖက်ခူးအက၊ နွေးထွေးသော ကိုးကန့်မြေအက၊ ကပါကပါ ပျော်ရွှင်စွာ ကလိုက်ကြပါစို့အက၊ ပျော်ပျော်ရွှင်ရွှင် နှစ်သစ်ကူးအကနှင့် အားလုံးအတူတကွ ပျော်ရွှင်စွာ နှစ်သစ်ကူးလိုက်ကြရအောင် စသည့် ရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းတို့က ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး၏ ဇနီးနှင့် ဝန်ကြီးချုပ်၏ ဇနီးတို့က ဂုဏ်ပြုပန်းခြင်းကို လည်းကောင်း ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ဖျော်ဖြေရေးအဖွဲ့အား ဂုဏ်ပြုဆုငွေ ပေးအပ်စဉ်။ သတင်းစဉ်

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့သို့ ရောက်ရှိပြီး ရဋ္ဌပါလကုန်းတော်တွင် တည်ထားသည့် အဘယလာဘ “ကမ္ဘာ့ငြိမ်းချမ်းရေးဗျာဒိတ်တော်ပေး” ဘုရားလေးဆူအား သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ဆီမီး၊ ရေချမ်းကပ်လှူပြီး အလှူငွေများ လှူဒါန်းသည်။ ဆက်လက်၍ ၃၁ ဘုံ စေတီကုန်း (ဗဟို) သာသနာပြုကျောင်းတိုက်သို့ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဟိုပန်မြို့ရှိ အာရှရွှေဖြူရော်ဘာ စက်ရုံသို့သွားရောက်၍ ရော်ဘာစေးမှ နိုင်ငံခြားသို့တင်ပို့နိုင်သည့် ရော်ဘာကုန်ကြမ်းများ ထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာသည်။

ထို့နောက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ချင်းရွှေဟော်မြို့ နမ့်ဖာမော် နယ်စပ်မြစ်ကူးတံတားရှိ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ ဆက်သွယ်ထားသည့် နှစ်နိုင်ငံနယ်စပ်ဂိတ်နှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတို့ကို ဆက်သွယ်ထားသည့် တံတားသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တတိယအကြိမ် မြို့တော်ဝန်ဆု ပြည်သူ့နီတိ အသိပညာပေး စာမေးပွဲ (ဗဟိုအဆင့်) ပြိုင်ပွဲ ဆုရရှိသူများ စာရင်းထုတ်ပြန်

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသည့် တတိယအကြိမ် မြို့တော်ဝန်ဆု ပြည်သူ့နီတိ အသိပညာပေးစာမေးပွဲ (ဗဟိုအဆင့်) ရေးဖြေနှင့် နှုတ်ဖြေနှစ်ရပ်လုံး ကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ အမှတ်အများဆုံးရရှိခဲ့သော မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်များမှ ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများ စာရင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အင်တာနက်စာမျက်နှာ www.ycdc.gov.mm ရှိ မြို့တော်သတင်းစဉ်တွင် ဝင်ရောက်ကြည့်ရှုနိုင်သည့်အပြင် City FM မှလည်း ကြေညာပေးမည်ဖြစ်သည်။

ထို့ပြင် အသေးစိတ်သိရှိလိုပါက ဖုန်း ၀၁-၈၃၇၃၅၁၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း ကျင်းပရေးဦးစီးကော်မတီမှ သိရသည်။ **မွန်ဝင်း**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၃ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် မိုင်းယန်းမြို့တို့တွင် ၁ ဒီဂရီစင်တီဂရိတ်စီ၊ ပူတာအိုမြို့၊ ပင်လောင်းမြို့၊ တီးတိန်မြို့၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီနှင့် သီပေါမြို့၊ လားရှိုးမြို့၊ ကျိုင်းတုံမြို့နှင့် မင်းကင်းမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ညအပူချိန်များ လျော့နည်းနေမည်။ **မိုး/ဇလ**

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၃၄ / ၂၀၂၀ )
၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက် )

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈.၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁/၂၀၁၆)၊ ၁၆.၅.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၈/၂၀၁၇) နှင့် ၁၅.၅.၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၆၁/၂၀၁၈) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုး ပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| ( ၁ ) | ကြည်း ၂၄၉၂၀ ဒုတိယဗိုလ်မှူးကြီး ကျော်ဇေယျ | အစား | ကြည်း ၂၀၁၇၇ ဗိုလ်မှူးချုပ် ဝင်းမိုး |
| ( ၂ ) | ကြည်း ၂၈၁၆၁ ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်းဦး | အစား | ကြည်း ၂၀၃၃၁ ဗိုလ်မှူးချုပ် သက်ထွန်းအောင် |
| ( ၃ ) | ကြည်း ၃၁၂၂၅ ဒုတိယဗိုလ်မှူးကြီး အောင်ဇင်မင်း | အစား | ကြည်း ၂၁၃၄၉ ဗိုလ်မှူးကြီး ကျော်ကျော်မင်း |
| ( ၄ ) | ကြည်း ၂၄၂၁၈ ဗိုလ်မှူး စိန်ထွန်း | အစား | ကြည်း ၂၃၇၀၈ ဗိုလ်မှူးကြီး အေးလွင် |
| ( ၅ ) | ကြည်း ၂၀၃၁၃ ဗိုလ်မှူး သန်းဝင်း | အစား | ကြည်း ၂၃၇၁၂ ဗိုလ်မှူးကြီး အောင်ကျော်မျိုး |
| ( ၆ ) | ကြည်း ၃၀၁၀၅ ဗိုလ်မှူး ဇင်မျိုးလတ် | အစား | ရေ ၁၃၆၉ ဗိုလ်မှူးချုပ် အောင်ဇော်လှိုင် |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၃၅ / ၂၀၂၀ )
၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက် )

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသော တပ်မတော်သား အမျိုးသား လွှတ်တော်ကိုယ်စားလှယ် လေးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်း ကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈. ၁. ၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂/၂၀၁၆)၊ ၃၀. ၁၀. ၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၅/၂၀၁၇) နှင့် ၆. ၁၁. ၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၆၈/၂၀၁၈) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသား လွှတ်တော်ကိုယ်စားလှယ် လေးဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုး ပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| ( ၁ ) | ကြည်း ၃၃၅၂၀ ဗိုလ်မှူး ကျော်မိုးသွင် | အစား | လေ ၁၉၁၄ ဗိုလ်မှူးချုပ် ဇော်မြင့်စန်း |
| ( ၂ ) | ကြည်း ၃၁၇၇၄ ဒုတိယဗိုလ်မှူးကြီး တင်ထွန်းအောင် | အစား | ကြည်း ၂၀၈၀၈ ဗိုလ်မှူးချုပ် နေမျိုးအောင် |
| ( ၃ ) | ကြည်း ၄၂၅၄၈ ဗိုလ်မှူး ဇာနည်ထက်အောင် | အစား | ကြည်း ၄၅၄၅၄ ဗိုလ်မှူး ဝင်းမင်းထွန်း |
| ( ၄ ) | ကြည်း ၂၃၀၄၈ ဗိုလ်မှူး ဇဝန | အစား | ကြည်း ၃၉၂၂၀ ဗိုလ်မှူး ဇော်ထွန်း |

( လှသိန်း )
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၃၆/ ၂၀၂၀)
၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက် )

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၃၀.၁၀.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၂၆/၂၀၁၇)၊ ၁.၁၁.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၇/၂၀၁၇)၊ ၁၅ . ၅. ၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၆၃/၂၀၁၈) နှင့် ၆. ၁၁. ၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၆၉/၂၀၁၈) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

**ချင်းပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| ( ၁ ) | ကြည်း ၆၆၅၉၀ ဗိုလ်ကြီး အောင်ကျော်သက် | အစား | ကြည်း ၄၈၁၈၀ ဗိုလ်ကြီး ခိုင်လွင်ထူး |

**စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| ( ၂ ) | ကြည်း ၄၈၁၉၅ ဗိုလ်ကြီး ရဲမွန်ကျော် | အစား | ကြည်း ၆၆၂၃၈ ဗိုလ်ကြီး ဇင်ကိုမောင် |

**တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| ( ၃ ) | ကြည်း ၄၈၇၄၆ ဗိုလ်ကြီး ကျော်စွာဝင်း | အစား | ကြည်း ၄၈၇၉၇ ဗိုလ်ကြီး ညီညီဇော် |
| ( ၄ ) | ကြည်း ၆၆၁၈၃ ဗိုလ်ကြီး ဝေမိုးနောင် | အစား | ကြည်း ၄၈၄၄၈ ဗိုလ်ကြီး ကျော်စည်သူ |

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| ( ၅ ) | ကြည်း ၃၆၄၃၀ ဗိုလ်မှူး ဖြိုးသီဟကျော် | အစား | ကြည်း ၄၂၃၈၁ ဗိုလ်မှူး ဇော်မျိုးဝေ |

**မွန်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| ( ၆ ) | ရေ ၄၁၉၂ ဗိုလ်မှူး မြတ်သူရခိုင် | အစား | ရေ ၄၂၄၃ ဗိုလ်မှူး ဝေလင်းအောင် |

**ရှမ်းပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| ( ၇ ) | ကြည်း ၃၄၇၀၆ ဗိုလ်မှူး ဆန်းလင်းကြည် | အစား | ကြည်း ၃၉၁၃၂ ဗိုလ်မှူး ဆန်းလင်းထွန်း |

( လှသိန်း )
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**စာအုပ်စာပေ လှူမိတ်ဆွေ**

# လေးလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော်ရရှိ



ရက်သတ္တပတ်အတွင်း ခွင့်ပြုပေးခဲ့သော ရင်းနှီးမြှုပ်နှံမှုများနှင့် စပ်လျဉ်းသည့် သတင်းမီဒီယာများနှင့် တွေ့ဆုံပွဲ ကျင်းပစဉ်။

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၀) အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီများမှ ရက်သတ္တပတ်အတွင်း ခွင့်ပြုပေးခဲ့သော ရင်းနှီးမြှုပ်နှံမှုများနှင့် စပ်လျဉ်းသည့် သတင်းမီဒီယာများနှင့် တွေ့ဆုံပွဲကို ယနေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၌ ကျင်းပသည်။

အဆိုပါ တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်(၂/ ၂၀၂၀)အား ဖြန့်ဝေခဲ့ပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုမိန့်၊ အတည်ပြုမိန့်ထုတ်ပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စပ်လျဉ်းသည့် အချက်အလက်များအား ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် အတွင်းရေးမှူးက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးအမှတ်စဉ် (၂/ ၂၀၂၀) အပါအဝင် ရက်သတ္တပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၃ ခုတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄၃၃ ဒသမ ၈၀၃ သန်းကို ခွင့်ပြု/ အတည်ပြုပေးခဲ့ကြောင်း၊ အဆိုပါ လုပ်ငန်းများမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပေါင်း ၁၁၉၅၁ ကို ဖန်တီးပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကော်မရှင်အတွင်းရေးမှူးက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက် မှ ဇန်နဝါရီ ၂၄ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၁၅၆ ဒသမ ၂၀၅ သန်းရှိပြီဖြစ်၍ ယခုဘဏ္ဍာနှစ်၏ ပထမ လေးလအတွင်း အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော် ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာလည်း အမေရိကန်ဒေါ်လာ ၁၃၄ ဒသမ ၄၆၉ သန်း အပါအဝင် ကျပ် ၇၄၈,၃၁၁ ဒသမ ၀၆၁ သန်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြရာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူးက မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန်အထိ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သောနိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဟောင်ကောင်နှင့် ဗြိတိန်နိုင်ငံတို့ဖြစ်ပြီး အများဆုံးရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၇ ဒသမ ၀၀ ရာခိုင်နှုန်း ဖြင့်လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၁၅ ရာခိုင်နှုန်း ဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၀၇ ရာခိုင်နှုန်း ဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

အဆိုပါ သတင်းမီဒီယာတွေ့ဆုံပွဲသို့ ပြည်တွင်း ပြည်ပ သတင်းမီဒီယာ ၁၄ ခု တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

● ရှေ့ဖုံးမှ

ကျန်ရှိသည့် မြို့နယ်များအနေဖြင့်လည်း သတ်မှတ်ချက်များနှင့်အညီ ရေးဆွဲပြီး ဆောလျင်စွာပေးပို့တင်ပြကြရန် မှာကြားလိုပါကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံသားပြည်သူများအားလုံးက မိမိတို့၏ နေ့စဉ်လူမှုစီးပွားရေးကိစ္စများ အဆင်ပြေကောင်းမွန်ရေးနှင့် ဘဝလုံခြုံငြိမ်းချမ်းစွာ နေထိုင်နိုင်ရေးတို့ကို ဆန္ဒပြင်းပြစွာ မျှော်လင့်လျက်ရှိကြပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း မှန်ကန်သည့်စိတ်ရင်း၊ စေတနာပါသည့် လုပ်နည်းလုပ်ဟန်၊ အမြော်အမြင်ကြီးမားသည့် ကြိုးစားမှုများနှင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။

ပြည်သူများ၏ဆန္ဒ၊ မျှော်လင့်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကြုံတွေ့လာရနိုင် သည့် အခက်အခဲများကိုလည်း အမှန်တရားနှင့် ညီညွတ်မျှတမှုကို လက်ကိုင်ထားပြီး မှန်မှန်ကန်ကန် ဆွေးနွေးညှိနှိုင်းဖြေရှင်းနိုင်ကြရန် လိုအပ်ပါကြောင်း၊ တိုင်းရင်းသားပြည်သူအများ မျှော်လင့်တောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအားလုံးက ပြည်သူများနှင့်အတူ တစ်စိတ်တစ်ဝမ်းတည်း ရပ်တည်ပြီး ပူးပေါင်းဆောင်ရွက်နိုင်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။



မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း



ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်ဇော်

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန် (နောင်ချိုမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)အပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၃၅၁ ဦးက လက်မှတ်ရေးထိုးတင်ပြလာသော ဥပဒေမူကြမ်းများနှင့် စပ်လျဉ်း၍ လွှတ်တော်သို့အသိပေးတင်ပြသည်။

ယင်းနောက် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ငွေကြေးမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ချက် အစီရင်ခံစာနှင့် ငွေရေးကြေးရေးတည်ငြိမ်မှုအခြေအနေအစီရင်ခံစာတို့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ငွေစက္ကူသစ်များထုတ်ဝေရာတွင် ငွေစက္ကူအရည်အသွေး ပိုမိုကောင်းမွန်ရန်၊ အတုအပပြုလုပ်ခြင်းမှ ကာကွယ်ရန်နှင့် လုံခြုံရေးအဆင့်အတန်းမြှင့်တင်ရန် လိုအပ်သည့် အခြေအနေများအရလည်း လိုအပ်သလို ပြင်ဆင်ထုတ်ဝေရ

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော တစ်ထောင်ကျပ်တန်ပုံစံသစ်ငွေစက္ကူထုတ်ဝေခဲ့မှု အခြေအနေနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက ငွေစက္ကူသစ်များထုတ်ဝေရာတွင် ငွေစက္ကူအရည်အသွေးပိုမိုကောင်းမွန်ရန်၊ အတုအပပြုလုပ်ခြင်းမှ ကာကွယ်ရန်နှင့် လုံခြုံရေးအဆင့်အတန်း မြှင့်တင်ရန် လိုအပ်သည့်အခြေအနေများအရလည်း လိုအပ်သလို ပြင်ဆင်ထုတ်ဝေရပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံဖြင့် တစ်ထောင်ကျပ်တန်ပုံစံသစ် ငွေစက္ကူထုတ်ဝေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၆၅ နှင့် ၆၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ သဘောတူအတည်ပြုချက် ရယူဆောင်ရွက်ခဲ့ပါကြောင်း။



ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်

## ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ တစ်ထောင်ကျပ်တန်ပုံစံသစ် ငွေစက္ကူကို လွတ်လပ်ရေးနေ့အမှတ်တရအဖြစ် ဂုဏ်ပြုထုတ်ဝေခဲ့ခြင်းဖြစ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ တစ်ထောင်ကျပ်တန်ပုံစံသစ် ငွေစက္ကူကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက်တွင် စတင်ထုတ်ဝေမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ တစ်ထောင်ကျပ်တန်ပုံစံသစ် ငွေစက္ကူကို လွတ်လပ်ရေးနေ့အမှတ်တရအဖြစ် ဂုဏ်ပြုထုတ်ဝေခဲ့ခြင်းဖြစ်ပါကြောင်း၊ သို့သော် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက်သည် အစိုးရရုံးပိတ်ရက်ဖြစ်သည့်အတွက် ရုံးဖွင့်ရက်ဖြစ်သော ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၇ ရက်တွင် ပြည်သူများထံသို့ ဖြန့်ဝေခဲ့ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၆၆ တွင် "ဗဟိုဘဏ်သည် မည်သည့်ငွေစက္ကူအမျိုးအစားကိုမဆို ပြောင်းလဲသုံးစွဲရန် လိုအပ်ပါက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။ ယင်းဆောင်ရွက်ချက်အခြေအနေကို အနီးစပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်" ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေစက္ကူ၏ မျက်နှာစာဘက်တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံနှင့် ကျောဘက်တွင် လွှတ်တော်အဆောက်အဦပုံ ရိုက်နှိပ်ထားသော တစ်ထောင်ကျပ်တန် ငွေစက္ကူပုံစံသစ်ပြောင်းလဲထုတ်ဝေခဲ့မှုအား ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော တစ်ထောင်ကျပ်တန် ပုံစံသစ်ငွေစက္ကူ ထုတ်ဝေခဲ့မှု အခြေအနေနှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောထားရယူ၍ သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ (၆)လတာကာလ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်ဇော်က ပြစ်မှုဆိုင်ရာတရားစီရင်ရေးတွင် အများပြည်သူက ယုံကြည်စိတ်ချပြီး စဉ်ဆက်မပြတ်ထိရောက်စွာ အသုံးပြုနိုင်သော ဥပဒေဆိုင်ရာအထောက်အကူပြုရေးစနစ်ဖြစ်ပေါ်စေရန် ၎င်းပြစ်မှုဆိုင်ရာစုံစမ်းထောက်လှမ်းမှုနှင့် စုံစမ်းစစ်ဆေးမှုပြုလုပ်စဉ်ကာလအတွင်း ရဲအချုပ်နှင့် အကျဉ်းထောင်များ၌ မလိုလားအပ်သော ဖမ်းဆီးချုပ်နှောင်သည့်ကာလ လျော့ကျစေရန်နှင့် ဥပဒေနှင့်မညီသော ဖမ်းဆီးချုပ်နှောင်မှုများပပျောက်စေရန် ဥပဒေဆိုင်ရာ အထောက်အကူ တောင်းခံခွင့်ရှိသူများကို လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ယုံကြည်မှု၊ အသက်အရွယ်၊ ကျား/မ နိုင်ငံခြားမခွဲခြားဘဲ ဥပဒေအထောက်အကူပေးရေးနှင့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးအဆင့်ဆင့်တွင် မှန်ကန်မျှတ၍ ထိရောက်သောဥပဒေဆိုင်ရာ အထောက်အကူပေးခြင်းကို ဆောလျင်စွာရရှိနိုင်ရေး ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ မူဝါဒ(၈)ချက်ပါ ပြဋ္ဌာန်းချက်များကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစီအမံများထားရှိကာ အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို သက်ရောက်မှုရှိစေသည့် စွန့်ပစ်အမှိုက်သန့်စင်ရေးစီမံကိန်းများသာမက ပလတ်စတစ် ထုတ်လုပ်သုံးစွဲနေမှုများအား တားဆီးထိန်းကျောင်းရေးလုပ်ငန်းစဉ်များ အမြန်ဆုံးစီမံအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း စွန့်ပစ်အမှိုက်များ ပြုပြင်သန့်စင်သည့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပိုလန်နိုင်ငံအစိုးရထံမှ ODA ချေးငွေ ယူရိုသန်း ၅၀ ရယူရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံးက ရန်ကုန်တိုင်းဒေသကြီးတွင် အမှိုက်ပြုပြင်သန့်စင်သည့်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပိုလန်အစိုးရထံမှ ချေးငွေရယူဆောင်ရွက်ခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းလိုခြင်းဖြစ်သည်ဟု ယူဆပါကြောင်း၊



ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါ်အိအိပြုံး



ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးနေကျော်

ယခုကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို သက်ရောက်မှုရှိစေသည့် စွန့်ပစ်အမှိုက်သန့်စင်ရေးစီမံကိန်းများသာမက မြန်မာနိုင်ငံ၏ ပလတ်စတစ် ထုတ်လုပ်သုံးစွဲနေမှုများအား ပြည်ထောင်စုအစိုးရအနေဖြင့် ထိရောက်သော တားဆီးထိန်းကျောင်းရေးလုပ်ငန်းစဉ်များ အမြန်ဆုံးစီမံအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သောကြောင့် ပိုလန်အစိုးရထံမှ ODA ချေးငွေ ယူရိုငွေ သန်း ၅၀ ရယူရေးကိစ္စကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးနေကျော်က ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း နေ့စဉ်အမှိုက်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေတိုးပွားလာခြင်းကြောင့် အမှိုက်စွန့်ပစ်ရန်နေရာ ရှားပါးလာပြီး လက်ရှိနည်းစနစ်အတိုင်း ဆက်လက်စွန့်ပစ်နေပါက လာမည့်လေးနှစ်ခန့်တွင် အမှိုက်စွန့်ပစ်ရန် မြေနေရာမရှိသည့်အတွက် လည်းကောင်း၊ အမှိုက်ပုံမှထွက်ရှိသည့် လေထု၊ ရေထုနှင့် မြေထုညစ်ညမ်းမှုများကြောင့် လည်းကောင်း၊ အမှိုက်ပုံမီးလောင်သည့် အန္တရာယ်ဖြစ်စေနိုင်သည့်အတွက်ကြောင့်လည်းကောင်း အမှိုက်များကို ဟင်းလင်းဖွင့်စနစ် စုပုံခြင်းမပြုဘဲ ချေဖျက်သန့်စင်သည့်စနစ်ကို ပြောင်းလဲရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ယခုစီမံကိန်းကို ဆောင်ရွက်မည်ဟု သိရပါကြောင်း၊ ယခုအချိန်အခါတွင် အမှန်တကယ် ဆောင်ရွက်သင့်သည့် စီမံကိန်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ODA ချေးငွေရယူရေးကိစ္စကို အပြည့်အဝထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၊ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို့နှင့် ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်းတို့ကလည်း ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ် စားလှယ်များ၏ ဆွေးနွေးခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်ရန်လျာထားပါကြောင်း ကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

**သတင်း– မော်စီ၊ မျိုးသူဟိန်း**
**ဓာတ်ပုံ – စိုးဝင်းထွန်း**

# ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့သို့ Taunggyi Youth Center မှ သင်တန်းသား၊ သင်တန်းသူများနှင့် လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လာရောက်လေ့လာကြသည့် ပြည်သူများ စုစုပေါင်း၂၉၀ တက်ရောက်လေ့လာခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့လာရောက်လေ့လာသူပေါင်း ၆၁၈၁၅ ဦးရှိပြီး လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ သုံးရက် ကြိုတင်ပေးပို့နိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်သို့ လာရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးပထမနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘမျိုးသိန်း၏ မိတ်ဆွေခြောက်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး၏ မိတ်ဆွေတစ်ဦး၊ ကရင်ပြည်နယ် မြဝတီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်၏ မိတ်ဆွေ ၃၆ ဦးနှင့် အမျိုးသားလွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးဝင်း၏ မိတ်ဆွေ သုံးဦး စုစုပေါင်း ၄၆ ဦးတို့သည် အမျိုးသားလွှတ်တော်အစည်းအဝေးကျင်းပနေမှုကို တက်ရောက်လေ့လာကြပြီး မွန်းလွဲပိုင်းတွင် တောင်ကြီးလူငယ်စင်တာ (Taunggyi Youth Center) မှ သင်တန်းသား၊ သင်တန်းသူ ၅၂ ဦးတို့သည် အမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာကြကြောင်း သိရသည်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးစတင် ကျင်းပသည့်ရက်မှ ယနေ့အထိ အမျိုးသားလွှတ်တော်သို့ လာရောက်သည့် ဧည့်သည်စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၂၂၁၂၄ ဦးနှင့် ပြည်ပဧည့်သည် ၂၃၀၀ ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ထာဝရအဓွန့်ရှည်တည်တံ့ခိုင်မြဲရေး

ဦးအောင်(ရွှေပေါက်ကံ)

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်သည်။

ထိုနေ့သည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြကုန်သော ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးနှင့် သက်ဆိုင်သည့် နေ့တစ်နေ့ဖြစ်ဘိသကဲ့သို့ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာသက်သေပြနိုင်သည့် သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခဲ့သော (ဝါ) သမိုင်းမော်ကွန်းရေးထိုးနိုင်ခဲ့သော နေ့ထူးနေ့မြတ်လည်း ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## ပင်လုံစာချုပ်

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လုံမြို့၌ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ပြည်သူလူထုတို့သည် ညီလာခံကျင်းပ၍ မြန်မာပြည်သူ ပြည်သားများ တောင်ပေါ်မြေပြန့် မခွဲခြားဘဲ တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်ကြောင်း အခိုင်အမာပြသသည့် ပင်လုံစာချုပ်ကို တညီတညွတ်တည်း သဘောတူလက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသည်။ ထိုနေ့ကို ပြည်ထောင်စုနေ့ဟု သတ်မှတ်ကာ နှစ်စဉ်ကျင်းပလာခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ ခေါင်းဆောင်များ၏ ဉာဏ်အမြော်အမြင်ရှိမှု၊ အရည်အချင်းပြည့်ဝမှုနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုကို တင်းပြည့်ကျပ်ပြည့်ပြသနိုင်ခဲ့သဖြင့် အားလုံးမျှော်မှန်းသည့် လွတ်လပ်ရေးပန်းတိုင်ကို ရရှိခဲ့ခြင်းဖြစ်ပေသည်။

## မြန်မာလူမျိုး

မြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးတို့အတူတကွ မှီတင်းနေထိုင်ရာ အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်သည်။ တိုင်းရင်းသားလူမျိုးစုများသည် မြန်မာနိုင်ငံတစ်ဝန်း ဒေသအနှံ့အပြားတွင် အတူတကွရောနှောပျံ့နှံ့လျက် နေထိုင်ကြပြီး သမိုင်းတစ်လျှောက်တွင် စည်းလုံးညီညွတ်စွာ နေထိုင်ခဲ့ကြသည်။

"မြန်မာ" ဟူသော ဝေါဟာရသည် တိုင်းရင်းသားလူမျိုးတစ်မျိုးတည်းကိုသာ ရည်ညွှန်းကိုယ်စားပြုသော ဝေါဟာရ မဟုတ်၊ တိုင်းရင်းသားလူမျိုးအားလုံးကို လွှမ်းခြုံခေါ်ဝေါ်ထားသောအမည် သတ်မှတ်ချက်ဖြစ်သည်။ မြန်မာအဘိဓာန် အကျဉ်းချုပ်အတွဲ(၃) တွင် "မြန်မာနိုင်ငံ၌ နှစ်ကာလရှည်စွာ အစဉ်အဆက်ပျံ့နှံ့လျက် အတူတကွ အခြေစိုက်နေထိုင်သော တိုင်းရင်းသားလူမျိုး" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

မြန်မာလူမျိုးသမိုင်းအစသည် လွန်ခဲ့သော နှစ်သန်း ၄၀ ကပင် စခဲ့သည်ဟု ဆိုနိုင်ပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် လူသားဖြစ်ပေါ်မှု ရှေးကျသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားခဲ့သည်မှာ အမှန်ဖြစ်ကြောင်းကို မြန်မာတို့၏ မြို့ပြနိုင်ငံများဖြစ်သည့် တကောင်း၊ ဗိဿနိုး၊ သရေခေတ္တရာ၊ ဝေသာလီ၊ သုဝဏ္ဏဘုမ္မိစသည့် မြို့ပြတွင် တွေ့ရှိနေရသော ဘုရားစေတီပုထိုး၊ ဆင်းတုတော်များ၊ ပန်းပုလက်ရာများ၊ လူ့အသုံးအဆောင်ပစ္စည်းကိရိယာများ၊ ကျောက်စာများက သာဓကပြနေပေသည်။

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသောတိုင်းရင်းသား လူမျိုးအသီးသီးတို့သည် တစ်မြေတည်းနေ တစ်ရေတည်းသောက် ကြီးပြင်းလာကြပြီး သမိုင်းကြောင်းရှည်လျားစွာ ရှေးပဝေသဏီ သမိုင်းမတင်မီကာလကတည်းကပင် အေးအတူပူအမျှ အတူတကွ နေထိုင်လာခဲ့ကြသူများ ဖြစ်ကြသည်။ နေထိုင်ရာဒေသကိုလိုက်၍ အခေါ်အဝေါ်၊ ပြောဆိုသော စကား၊ ယုံကြည်ရာ ဘာသာတရား ကွဲပြားကောင်း ကွဲပြားကြမည်ဖြစ်သော်လည်း မြန်မာလူမျိုးတို့၏ စရိုက်လက္ခဏာ၊ ရိုးရာအစဉ်အလာဓလေ့ထုံးစံများမှာ အခြေခံအားဖြင့် တူညီကြပါသည်။

## သမိုင်းအမြင်နှင့် သင်ခန်းစာ

နိုင်ငံ၏ကောင်းကျိုး၊ ဆိုးပြစ်၊ တိုးတက်မှု၊ ဆုတ်ယုတ်မှုတို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွင် အခြေ



**"လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်လျက် ထက်မြက်သော မျိုးချစ်ခေါင်းဆောင်ကြီးများနှင့်တကွ တောင်တန်းမြေပြန့်မကျန် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၊ မဆုတ်မနစ်သော ဇွဲလုံ့လဝီရိယတို့ဖြင့် အသက်သွေးချွေး မြောက်မြားစွာရင်းနှီးပြီး တည်ဆောက်ပေးထားခဲ့သော ဘိုးဘွားတို့အမွေ ဤပြည်ထောင်စုမြေ (ပြည်ထောင်စုကြီး) တစည်းတလုံးတည်း အဓွန့်ရှည်တည်တံ့ခိုင်မြဲနေစေရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားပြည်သူအားလုံး အတူတကွ လက်တွဲစည်းလုံးနေကြရမည်ဖြစ်"**

တည်ကာ ဖြစ်ပေါ်သည်။ အေဒီ ၁၀၄၄ ခုနှစ်၊ အနော်ရထာမင်းလက်ထက် ပုဂံကို ဗဟိုပြု၍ ပထမမြန်မာနိုင်ငံတော်ကိုလည်းကောင်း၊ အေဒီ ၁၅၅၁ ခုနှစ်တွင် ဘုရင့်နောင်သည် တောင်ငူနှင့် ဟံသာဝတီကို ဗဟိုပြု၍ ဒုတိယမြန်မာနိုင်ငံတော်ကို လည်းကောင်း၊ အေဒီ ၁၇၅၂ ခုနှစ် အလောင်းဘုရားဦးအောင်ဇေယျသည် ရွှေဘိုကို ဗဟိုပြု၍ တတိယမြန်မာနိုင်ငံတော်ကိုလည်းကောင်း အသီးသီးစုစည်းတည်ထောင်နိုင်ခဲ့ကြသဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲအားကောင်းခဲ့ခြင်းကြောင့် နိုင်ငံတော်၏ အင်အားတောင့်တင်းခိုင်မာ၍ ခမ်းနားထင်ရှားဂုဏ်မြင့်မားကာ ကြီးပွားချမ်းသာပြီး အိမ်နီးချင်းနိုင်ငံများ၏ ချစ်ကြည်လေးစားမှုကို ခံခဲ့ရသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုအားနည်းလာသည့် အခါကာလများတွင် နိုင်ငံ၏ အင်အားယုတ်လျော့ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေးအခြေအနေများ အဆင့်အတန်း နိမ့်ကျခဲ့ရသည်ကို ထင်ထင်ရှားရှား ကြုံခဲ့ရပြီးဖြစ်သည်။

မြန်မာနိုင်ငံကို သိမ်းပိုက်ကျွန်ပြု၍ ဗြိတိသျှကိုလိုနီနယ်ချဲ့တို့သည် ၁၈၂၄ ခုနှစ်တွင် ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ၊ ၁၈၅၂ ခုနှစ်တွင် ဒုတိယအင်္ဂလိပ်-မြန်မာ စစ်ပွဲ၊ ၁၈၈၅ ခုနှစ်တွင် တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲ သုံးကြိမ် မတရားကျူးကျော် ဆင်နွှဲခဲ့ကြသည်။

" ပထမ အင်္ဂလိပ်-မြန်မာ စစ်ပွဲရှုံးနိမ့်သဖြင့် စစ်လျော်ကြေး ငွေကျပ်ဒင်္ဂါးတစ်ကုဋေနှင့် ရခိုင်၊ တနင်္သာရီကမ်းရိုးတန်းများကို ပေးလိုက်ရသည်။ နှစ်နှစ်ကြာမြင့်ခဲ့သော ထိုစစ်ပွဲသည် လက်နက်အင်အား၊ အတတ်ပညာအားကွာခြားမှုကြောင့် စစ်ရှုံးရသည်ဟု ဆိုကြသည်။ မှန်ပါသည်။ မြန်မာတို့တွင် ထိုအချိန်အထိ အင်္ဂလိပ်တို့ကဲ့သို့ စနစ်တကျဖွဲ့စည်းထားသော အမြဲတမ်း စစ်တပ်မျိုးမရှိသေးပါ။ အင်္ဂလိပ်တို့မှာမူ ၎င်းတို့လူမျိုးသာမကဘဲ အိန္ဒိယကဲ့သို့သော ကိုလိုနီနယ်များမှ နိုင်ငံသားများကိုပါ ပုံမှန်လစာများ၊ အခွင့်အရေးများပေး၍ စနစ်တကျ လေ့ကျင့်ဖွဲ့စည်းထားသော စစ်တပ်များဖြင့် တစ်ကမ္ဘာလုံးသို့ လှည့်လည်၍ နယ်ချဲ့နေလေပြီ။

မြန်မာတို့၏ အမြဲတမ်းတပ်မှာ အင်အားငါးထောင်၊ ခြောက်ထောင်ထက်မပိုသော နန်းတော်စောင့်တပ်သာ ဖြစ်သည်။ သို့တိုင်အောင် ပုံမှန်လစာများပေး၍ စနစ်တကျ လေ့ကျင့်မှုများ မရှိလှပါ။ စစ်ပွဲဖြစ်ပွားမှသာ မြို့စား၊ နယ်စား၊ စော်ဘွားများကသာ မိမိတို့ နယ်သူ နယ်သားများကို အချိုးကျထည့်ဝင်စုဆောင်းကာ ၎င်းတို့ကိုယ်တိုင် တပ်မှူးအဖြစ် ဦးဆောင်၍တိုက်ကြရခြင်းဖြစ်သည်။ စစ်ပြီးလျှင် ကိုယ့်ရွာကိုယ် ပြန်သွားကြသည်။ မြန်မာပဒေသရာဇ်ခေတ်မှ တပ်မတော်များသည် ခေတ်မီတပ်မတော်များ မဟုတ်ပါ။ အနော်ရထာမင်းကြီးလက်ထက်မှာ သီပေါမင်းအထိတိုင်အောင် ခေတ်မမီသေးသဖြင့် စနစ်တကျဖွဲ့စည်းထားသော အင်္ဂလိပ်စစ်တပ်များနှင့် ရင်ဆိုင်တိုက်ခိုက်ရသောအခါ ရှုံးနိမ့်ရတော့သည်။

မြန်မာဘုရင် ဘကြီးတော်က အင်္ဂလိပ်တို့သိမ်းပိုက်ထားသောဒေသများကို ပြန်လည်ပေးအပ်ရန် အင်္ဂလိပ်ဘုရင်ခံချုပ်ရှိရာ အိန္ဒိယသို့ မြန်မာသံအဖွဲ့ စေလွှတ်၍ ချစ်ကြည်ရေးဆောင်ရွက်ခဲ့သော်လည်း အိန္ဒိယတွင် နှစ်နှစ်ခြောက်လကြာအောင် ဂုဏ်သိက္ခာညှိုးငယ်စွာဖြင့် သည်းခံစောင့်ဆိုင်းတွေ့ဆုံခဲ့သော်လည်း မည်သည့်အကျိုးရလဒ်မျှ ရရှိခဲ့ခြင်း မရှိပါ။

ဤတွင် နိုင်ငံတစ်နိုင်ငံနှင့် လူမျိုးကို ကာကွယ်စောင့်ရှောက်နိုင်သော ကာကွယ်ရေးအင်အား၊ ဓနအင်အား၊ ခေတ်မီအတတ်ပညာ စသည်တို့ ပြည့်စုံတောင့်တင်းခိုင်မာအောင် ဆောင်ရွက်နိုင်ခြင်းမရှိပါက မျက်နှာငယ်၊ အောက်ကျို့၊ အညံ့ခံဘဝရောက်ရမည်ဆိုသည်ကို ဤသမိုင်းဖြစ်ရပ်မှ သင်ခန်းစာရရှိနိုင်ပါသည်။

၁၈၅၂ ခုနှစ်တွင် ဖြစ်ပွားသော ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီးတွင် မုတ္တမ၊ ပဲခူး၊ ရန်ကုန်၊ ပြည်နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများ အင်္ဂလိပ်လက်အောက် ကျရောက်ခဲ့ရသည်။ မြန်မာနိုင်ငံအောက်ပိုင်းကို လက်လွှတ်လိုက်ရသဖြင့် ပင်လယ်ထွက်ပေါက်မရှိတော့သော မြန်မာနိုင်ငံသည် ပို၍အင်အားချည့်နဲ့ လာတော့သည်။

၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ဖြစ်ပွားသော တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲတွင်လည်း အရေးနိမ့်သဖြင့် အထက် မြန်မာနိုင်ငံကို အင်္ဂလိပ်တို့က သိမ်းပိုက်လိုက်ကြသည်။ ထိုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် သီပေါမင်းပါတော်မူသည်။ ထိုအချိန်မှစ၍ မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာဆုံးရှုံးကာ မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရလေသည်။

ဤတတိယအင်္ဂလိပ်-မြန်မာစစ်ပွဲသည် ရက်သတ္တနှစ်ပတ်သာ ကြာသဖြင့် လွတ်လပ်ရေးဆုံးရှုံးရသည်မှာ တစ်ခဏကြာကာလတွင် အရေးနိမ့်ခဲ့ရာမှ ထိုဆုံးရှုံးသွားသော လွတ်လပ်ရေး ပြန်လည်ရရှိရန် နှစ်ပေါင်း ၁၀၀ ကျော်တိုက်ယူခဲ့ရသည်ဆိုသည်ကို သင်ခန်းစာရရှိနိုင်ပေသည်။

လွတ်လပ်ရေးဆုံးရှုံး၍ သူ့ကျွန်ဘဝ ကျရောက်ခဲ့ရသော်လည်း မြန်မာတိုင်းရင်းသား လူမျိုးပေါင်းစုံတို့သည် သူ့ကျွန်အဖြစ် နှံ့နစ်မခံ ဇာတိသွေး ဇာတိမာန်ဖြင့် ဆန့်ကျင်တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု အရှိန်အဟုန်မြင့်မားလာ၍ မြန်မာနိုင်ငံအား လွတ်လပ်ရေးမပေးလျှင် မဖြစ်တော့သည့်အခြေအနေသို့ ရောက်ရှိနေသော အချိန်မှာပင် ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရာတွင် တောင်တန်းဒေသများကို ချန်လှပ်ထားရန် လုပ်ကြံဖန်တီးခဲ့ကြသေးသည်။

သို့သော် ဗိုလ်ချုပ်အောင်ဆန်းဦးစီးပြီး ပင်လုံညီလာခံကျင်းပ၍ ပင်လုံစာချုပ်ကို ချုပ်ဆိုကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာ တည်ဆောက်ပြသခဲ့ကြသဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်လာခဲ့သည်။

## ပြည်ထောင်စုကြီး ထာဝရတည်တံ့ရေး

သတ္တိဗျတ္တိနှင့် ပြည့်စုံသော အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး၊ တပ်မတော်ဖခင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်လျက် ထက်မြက်သော မျိုးချစ်ခေါင်းဆောင်ကြီးများနှင့် တကွ တောင်တန်းမြေပြန့်မကျန် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၊ မဆုတ်မနစ်သော ဇွဲလုံ့လဝီရိယတို့ဖြင့် အသက်သွေးချွေး မြောက်မြားစွာရင်းနှီးပြီး တည်ဆောက်ပေးထားခဲ့သော ဘိုးဘွားတို့အမွေ ဤပြည်ထောင်စုမြေ (ပြည်ထောင်စုကြီး) တစည်းတလုံးတည်း အဓွန့်ရှည်တည်တံ့ခိုင်မြဲနေစေရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားပြည်သူအားလုံးအတူတကွလက်တွဲစည်းလုံးနေကြရမည်ဖြစ်သည်။ စည်းလုံးညီညာအောင်ကြောင်းဖြာ ဆိုစကားအတိုင်း ခိုင်မြဲစွာတုတ်နှောင်ထားသော ထင်းစည်းပမာ ကျစ်လျစ်သိပ်သည်းစွာ စည်းလုံးညီညွတ်နေပါက ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးစေမည့် အဖျက်အမှောင့် အနှောင့်အယှက်မှန်သမျှကို စည်းလုံးညီညွတ်သော အားမာန်ဖြင့် တွန်းလှန်ဖယ်ရှားသွားနိုင်မည်ဖြစ်သည်။

## ဝိုင်းဝန်းကူညီ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုးစုများဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုကြီးဖြစ်သည့်အတွက် ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်မှုရှိရှိဖြင့် သွေးစည်းညီညွတ်နေရေးသည် အသက်တမျှ အရေးကြီးလှပါသည်။ မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်၊ ဝံသာနုရက္ခိတတရား၊ ဗြဟ္မစိုရ်တရားများထားရှိကာ အပြန်အလှန် ချစ်ကြည်လေးစား၊ ကူးလူးဆက်ဆံပေါင်းသင်းနေထိုင်သွားကြပြီး ၎င်းတို့၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်အောင် ဖန်တီးဖော်ဆောင် လုပ်ကိုင်ပေးကြပါမှလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုခိုင်မြဲပြီး ပြည်ထောင်စုကြီး ရေရှည်တည်တံ့နေမည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရကလည်း ရေရှည်တည်တံ့ခိုင်မြဲမည့် ထာဝရငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီးကို ဦးစားပေးလုပ်ဆောင်နေသည်ကို တွေ့နေကြရပြီဖြစ်သဖြင့် ယင်းလုပ်ငန်းစဉ်ကြီး အောင်မြင်အောင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကကျရာအခန်းကဏ္ဍမှ ယခုထက်ပိုမိုပြီး ဝိုင်းဝန်းကူညီပါဝင်၍ ပံ့ပိုးလုပ်ဆောင်ပေးကြရန် လိုအပ်ပါသည်။

အခြားတစ်ဖက်တွင်လည်း ယခုနှစ် ပြည်ထောင်စုနေ့အတွက် ချမှတ်ပေးထားသည့် အမျိုးသားရေးဦးတည်ချက်များကို အလေးအနက်ခံယူပြီး ယင်းလုပ်ငန်းစဉ်များ ပေါက်မြောက်အောင်မြင်အောင် ဝိုင်းဝန်းပံ့ပိုးကူညီလုပ်ဆောင်ပေးခြင်းဖြင့် ကျွန်ုပ်တို့မျှော်မှန်းထားသော ချမ်းသာကြွယ်ဝ တန်းတူညီမျှ၊ စည်းကမ်းပြည့်ဝပြီး ခိုင်မာတောင့်တင်းသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးအဖြစ် နိုင်ငံတကာအလယ်တွင် ခံ့ညားထည်ဝါစွာ အဓွန့်ရှည်ကြာ ရပ်တည်နေနိုင်မည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသတည်း။ ။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့စတင်ကျင်းပသည့် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်းတွင် ဆွေးနွေးကြရမည့် ဥပဒေကြမ်းများအနေဖြင့် ၁၃ ခုရှိပါကြောင်း၊ အဆိုများအနေဖြင့် အသင့်ဖြစ် အဆိုသုံးခု ရှိပါကြောင်း၊ မေးခွန်းများအနေဖြင့် အသင့်ဖြစ် ကြယ်ပွင့်ပြမေးခွန်း ၂၁၇ ခုရှိကြောင်းကို အသိပေးတင်ပြလိုပါကြောင်း။

ဒီမိုကရေစီကူးပြောင်းရေးကာလသည် များစွာနုနယ်သေးသည့် အခြေအနေတွင် ဒီမိုကရေစီစံချိန်စံညွှန်းများရောက်ရှိရန် ဆက်လက်ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီယဉ်ကျေးမှု အမြစ်တွယ်ထွန်းကားစေရန်နှင့် ပိုမိုခိုင်မာအားကောင်းလာစေရန် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များ အဓိကတာဝန်ရှိသည်ကို စွဲစွဲမြဲမြဲ ယုံကြည်ထားကြစေလိုပါကြောင်း၊ ပြည်သူက အပ်နှင်းထားသည့် ဥပဒေပြုရေးအာဏာကိုအသုံးချပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ဘဝ တိုးတက်မြင့်မားလာစေရန် မိမိအပါအဝင် ကိုယ်စားလှယ်များအားလုံးက ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ အားထုတ်ကြိုးပမ်းကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ကိုယ်စားလှယ်များကလည်း တာဝန်များ ထမ်းဆောင်ကြရာတွင် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ နည်းမှန်၊ လမ်းမှန်နှင့် ဆောင်ရွက်နိုင်ကြရန်လည်း အရေးကြီးကြောင်းကို ပြောကြားလိုပါကြောင်း။

## မဲဆန္ဒနယ်၏ ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို ကျေကျေပွန်ပွန်ထမ်းဆောင်

မိမိတို့ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းသည် မကြာမီတွင် ၄ နှစ်ပြည့်မြောက်တော့မည် ဖြစ်ပါကြောင်း၊ ယခုကာလအတွင်း အားသာချက်၊ အားနည်းချက်များကို ပြန်လည်စိစစ်သုံးသပ်ပြီး ကျန်ရှိသည့် လွှတ်တော်သက်တမ်းတွင် ပြည်သူ့အတွက် အကောင်းဆုံးထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ မဲဆန္ဒရှင်များက အားကိုးယုံကြည်စွာ ရွေးချယ်တာဝန်ပေးအပ်ထားသည့် မိမိတို့သည် လွှတ်တော်တာဝန်နှင့် ကိုယ်စားပြုတာဝန်များ ကျေပွန်စွာထမ်းဆောင်နိုင်ကြမှသာ ဥပဒေပြုရေးမဏ္ဍိုင်၏ စွမ်းဆောင်ရည် ဆက်လက်မြင့်မားနေမည်ဖြစ်ပါကြောင်း၊ ဥပဒေပြုရေးနှင့် စောင့်ကြည့်ထိန်းညှိခြင်းတာဝန်များကို ပီပြင်စွာထမ်းဆောင်နိုင်ရန် လိုအပ်သကဲ့သို့ မိမိရပ်ရွာ၊ မိမိကိုယ်စားပြုသည့် မဲဆန္ဒနယ်၏ ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို ကျေကျေပွန်ပွန်ထမ်းဆောင်နိုင်မှသာ ပြည်သူက ပိုမိုအားကိုး ယုံကြည်လာကြမည် ဖြစ်ပါကြောင်း။

ပြည်သူ့အသံကို ထင်ဟပ်စေသည့် လွှတ်တော်များသည် အားကောင်းသည့် ဥပဒေပြုရေးမဏ္ဍိုင်ကြီးဖြစ်ရန်၊ ပြည်သူများအကြား ဒီမိုကရေစီအလေ့အကျင့်ကောင်းများ ခိုင်မာအားကောင်းစေရန် လွှတ်တော်ကိုယ်စားလှယ်များက ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များကိုလည်း ကျွမ်းကျင်ပိုင်နိုင်စွာ ထမ်းဆောင်နိုင်ကြရန် လိုအပ်လှပါကြောင်း၊ မိမိတို့ မေးမြန်းသည့် မေးခွန်းများ၊ တင်သွင်းသည့် အဆိုများ၊ အတည်ပြုလိုက်သည့် ဥပဒေကြမ်းများသည် ပြည်သူလူထုကို အကျိုးပြုနိုင်ရန် ဆန်းစစ်လေ့လာပြီး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ကို ပြည်သူလူထုက ယုံယုံကြည်ကြည်နှင့် ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆက်လက်ကြိုးပမ်းအားထုတ်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးနှင့် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၏ ထိုင်းနိုင်ငံ ကျား၊ မ ရေးရာ ပြဿနာများ သိရှိနားလည်စေခြင်း အလုပ်ရုံဆွေးနွေးပွဲသို့ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၃ ရက်မှ ၁၆ ရက်အထိ သွားရောက်ခဲ့သည့် ပြည်ပခရီးစဉ်နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြပြီး မှတ်တမ်းတင်ကြောင်း ကြေညာသည်။

## တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ၏ သက်တမ်းကို နောက်ထပ်တစ်နှစ် တိုးမြှင့်သတ်မှတ်သွားမည်

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်တွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၂ ရက်က ဖွဲ့စည်းခဲ့သည့် တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ၏ သက်တမ်းကို တစ်နှစ်ပြည့်မြောက်သောနေ့၏ နောက်တစ်ရက်ဖြစ်သော ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၃ ရက်မှစ၍ နောက်ထပ်တစ်နှစ် တိုးမြှင့်သတ်မှတ်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။



ဒုတိယဝန်ကြီး ဦးကျော်မျိုး



ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည်



ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း



ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး

## နဝင်းချောင်းရေတိုက်စားကမ်းပြိုလျက်ရှိသည့် ကျေးရွာတို့၏ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် ရန်ပုံငွေသို့ တင်ပြတောင်းခံထား

ယင်းနောက် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည်၏ **ပြည်မြို့နယ်အတွင်းရှိ နဝင်းချောင်းရေတိုက်စားမှုကြောင့် ဆိုးရွားစွာ ကမ်းပြိုလျက်ရှိသော ကျေးရွာများအတွက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြည်မြို့နယ်အတွင်းရှိ နဝင်းချောင်းရေတိုက်စားကမ်းပြိုလျက်ရှိသည့် ဇီးအုပ်ကျေးရွာအုပ်စု မြောင်းငယ်လှကျေးရွာ၊ သဲကုန်းကျေးရွာအုပ်စု လင်းပယ်ကျေးရွာနှင့် အုတ်ဆွဲကျေးရွာအုပ်စု ဝန်တင်ဆိပ်ကျေးရွာတို့၏ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရေးအတွက် လိုအပ်သည့် ရန်ပုံငွေစုစုပေါင်း ငွေကျပ် ၂၆၃ ဒသမ ၆၄ သန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘာဝဘေးရန်ပုံငွေသို့ တင်ပြတောင်းခံထားရှိပြီးဖြစ်သကဲ့သို့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေတွင်လည်း တင်ပြတောင်းခံထားရှိပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းကူညီမှုဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး၏ **မီးရထားလက်မှတ်များကို ကားလက်မှတ်များ ရောင်းချသကဲ့သို့ ပြည်သူများ လွယ်ကူစွာဝယ်ယူနိုင်ရန်အတွက် Online မှ ရောင်းချပေးနိုင်ခြင်းရှိ၊ မရှိ သိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက မြန်မာ့မီးရထားအနေဖြင့် လက်ရှိအခြေအနေတွင် တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်မည့် Network Server မရှိသည့်အတွက် Online မှ လက်မှတ်ရောင်းချမှုစနစ်ကို မဆောင်ရွက်နိုင်သေးသော်လည်း ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်၍ ဂျပန်နိုင်ငံ ODA ချေးငွေအကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း၏ အဆင့် (၂) လုပ်ငန်းများတွင် ခရီးသည်ဝန်ဆောင်မှုကို မြှင့်တင်နိုင်ရန် ကြိုတင်လက်မှတ်ကိုလည်း Ticket Reservation စနစ်နှင့် ခရီးသည်ပြန်ကြားရေး Passenger Information စနစ်များ တပ်ဆင်ခြင်းလုပ်ငန်းပါရှိပြီး လုပ်ငန်းအကောင်အထည်ဖော်ရန်အတွက် တင်ဒါစာရွက်စာတမ်းများ ပြုစုပြင်ဆင်လျက်ရှိပြီး ၂၀၂၀-၂၀၂၁ ခုနှစ်တွင် တင်ဒါခေါ်ယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

သို့ပါ၍ ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်း၏ အဆင့်(၂) လုပ်ငန်းများပြီးဆုံးမည့် ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ရထားလက်မှတ်များကို ပြည်သူများသို့ Online မှ ရောင်းချပေးနိုင်မည်ဖြစ်ပြီး ရထားလက်မှတ်ဝယ်ယူမည့် ခရီးသည်များအတွက် အချိန်နှင့်တစ်ပြေးညီ မျက်မြင်သိရှိနိုင်မည့် (Real-time Information System) အသုံးပြုပြီး လွယ်ကူလျင်မြန်စွာ ဝယ်ယူနိုင်မည့် လက်မှတ်ရောင်းချမှုစနစ်ကို ပြောင်းလဲနိုင်ရေးစီစဉ် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ဒလမြို့သစ် Master Plan တွင် အုံ့ကြီးအနောက်ရပ်ကွက် (၆)ရပ်ကွက်နှင့် (၁၁/၁၄)ရပ်ကွက်တို့၏ မြို့ကွက်အဆင့်မြှင့်တင်ရေး ပုံစံများနှင့် ချိတ်ဆက်ရေးဆွဲ အကောင်အထည်ဖော်နိုင်ရေး၊ ပြန်လည်နေရာချထားရေး စသည့်လုပ်ငန်းစဉ်များ အားလုံးပူးပေါင်း ညှိနှိုင်းဆောင်ရွက်သွားမည်

ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး၏ **ဒလမြို့နယ် အုံ့ကြီးအနောက်ရပ်ကွက် (၆)ရပ်ကွက် ၁၁/၁၄ ရပ်ကွက်များအား မြို့ကွက်အဆင့်မြှင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး Plan ရေးဆွဲနိုင်ရန်နှင့် ပြန်လည်နေရာချထားရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ မည်သည့်အချိန်တွင် မူဝါဒဆိုင်ရာ အတည်ပြုချက်များ ရယူခြင်းကိစ္စ ဆောင်ရွက်မည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ကျော်လင်းက ဒလမြို့သစ် Master Plan တွင် အုံ့ကြီးအနောက်ရပ်ကွက် (၆) ရပ်ကွက်နှင့် (၁၁/၁၄) ရပ်ကွက်တို့၏ မြို့ကွက်အဆင့်မြှင့်တင်ရေးပုံစံများနှင့် ချိတ်ဆက်ရေးဆွဲ အကောင်အထည်ဖော်နိုင်ရေး၊ ပြန်လည်နေရာချထားရေး စသည့်လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေးတို့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် Stakeholder အားလုံးပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှပေးပို့သော အချက်အလက်များနှင့် ပေါင်းစပ်၍ ရှင်းလင်းဖြေကြားသည်။

မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော်၏ **မြစ်သားမြို့နယ်အတွင်း၌ အရေးပါလှသော Class (A) အဆင့်ရှိ ကျေးရွာလမ်းများဖြစ်သည့် သစ်တက်ကုန်း- လက်ညှိုးထိုး-မြင်းခြံလမ်းနှင့် မန်းဝန်၊ မန်ကျီးကန်၊ တဲကြီး-လက်ညှိုးထိုး မြင်းခြံလမ်းများကို ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းသို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ပထမလမ်းဖြစ်သည့် သစ်တက်ကုန်းကျေးရွာအဝင်လမ်းသည် လမ်းအဆင့် သတ်မှတ်ချက်အရ Class (A)၊ ဦးစားပေးအဆင့် (၁)လမ်းစာရင်းတွင် ပါဝင်သဖြင့် ဂဝံလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ဒုတိယလမ်းဖြစ်သည့် တဲကြီး-မန်ကျီးကန်-မင်းဝန် လမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class (A)၊ ဦးစားပေးအဆင့် (၁)လမ်းတွင် ပါဝင်ပြီး မန်ကျီးကန်မှ မင်းဝန်အထိ လမ်းအရှည် (၂)မိုင်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မြေသားလမ်းအဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး ကျန်လမ်းပိုင်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်၏ **ဒိုက်ဦးမြို့နယ် ဖောင်တော်သီကျေးရွာမှ ဖောင်တော်သီရွာမကျေးရွာသို့သွားသော ရွာလယ်လမ်းမကြီးအား ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် တောင်ကုတ်မဲဆန္ဒနယ်မှ **ဒေါ်နီနီမေမြင့်၏ တောင်ကုတ်မြို့နယ်အတွင်းရှိ နတ်မော်-ကုလားရောင်ကျေးရွာချင်းဆက်လမ်းပေါ်ရှိ မင်းလမ်းချောင်းတံတားအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော်တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **စက်မှုဇုန်ဥပဒေကြမ်း**ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဇန်နဝါရီ ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

---

## သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး မြေသားရေကန်တူးဖော်

**မင်းလှ ဇန်နဝါရီ ၂၇** - မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ပင်ကျေးရွာတွင် နွေရာသီကာလ သောက်သုံးရေရှားပါးမှုမရှိစေရေးရည်ရွယ်၍ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ မြေသားမိုးရေလှောင်ကန်ကို ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၁ ဒသမ ၄၀ သန်းဖြင့် အလျားပေ ၂၅၀၊ အနံပေ ၆၀၊ အနက် ငါးပေတူးဖော်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သော အောင်မြင့်မိုရ်ကုမ္ပဏီက တူးဖော်နေခြင်းဖြစ်သည်။ အဆိုပါ မြေသားမိုးရေလှောင်ကန်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက ပင်ကျေးရွာရှိ အိမ်ခြေ ၁၄၄ အိမ်မှ လူဦးရေ ၆၀၅ ဦးအပြင် ကျွဲ၊ နွား တိရစ္ဆာန်များအတွက်ပါ နွေရာသီကာလ သောက်သုံးရေဖူလုံရေး အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။ **ငြိမ်းသူ**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၇**
ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း။


ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း


ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်


ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဘွဲခိန်း


ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း

### အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့ကို အပြန်အလှန် ထိန်းကျောင်းနိုင်ရေးဆောင်ရွက်

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းနှင့် ဥပဒေကြမ်းများဆွေးနွေးအတည်ပြုခြင်းတို့အပြင် မိမိတို့၏ သက်ဆိုင်ရာ ကော်မတီလုပ်ငန်းတာဝန်များကိုလည်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီး အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့ကို အပြန်အလှန် ထိန်းကျောင်းနိုင်ရေးဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

(၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်နှင့် ပြည်သူများ အကျိုးစီးပွားအတွက် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကိုယ်စွမ်းဉာဏ်စွမ်း ရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း ပြောကြားသည်။

### ကံသာယာ (တောင်စု) ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းအဆင့်တိုးမြှင့်ရေးအတွက် ယခုနှစ်တွင် ဦးစားပေးအစီအစဉ်တွင် မပါရှိ

ထို့နောက် ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၏ **ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ကံသာယာကျေးရွာအုပ်စု၊ ကံသာယာ (တောင်စု) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အားအခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ကံသာယာ (တောင်စု)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို စိစစ်ရာလက်ရှိ ပညာသင်နှစ်တွင် အလယ်တန်းအဆင့်သင်ကျောင်းသား၊ ကျောင်းသူ ၁၄၄ ဦး သာရှိပါကြောင်း၊ ထို့ပြင် အနီးဆုံး အလယ်တန်းအဆင့်သင် ကျောင်းဖြစ်သည့် သာယာကုန်းအခြေခံပညာ အထက်တန်း ကျောင်း(ခွဲ)နှင့် ၁ မိုင်ခရီးအတွင်း၌ သာရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ လတ်တလောတွင်လည်း အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) အဆင့်ဖြစ်သည့်အတွက် အလယ်တန်းပညာရပ်များကို သင်ကြား၊ သင်ယူမှုအခွင့်အလမ်း ရရှိနေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ကံသာယာ (တောင်စု) ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သည် ကျောင်းအဆင့်တိုးမြှင့်ရေးအတွက် ယခုနှစ်တွင် ဦးစားပေးအစီအစဉ်တွင် မပါရှိပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း၏ **ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ထန်တလန်မြို့ အမှတ်(၁) အခြေခံပညာမူလတန်း (လွန်) ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ထန်တလန်မြို့နယ်၊ အမှတ် (၁) အခြေခံပညာမူလတန်း(လွန်)ကျောင်း၏ လက်ရှိ ပညာသင်နှစ်တွင် စုစုပေါင်း အလယ်တန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ (၁၂၇) ဦးသာရှိပါကြောင်း၊ ထို့ပြင် အနီးဆုံး အလယ်တန်းအဆင့်သင် ကျောင်းဖြစ်သည့် အမှတ်(၂) အခြေခံပညာအထက် တန်းကျောင်းနှင့် ၆ ဖာလုံ ခရီးအတွင်း၌သာရှိပါကြောင်း၊ ထို့ကြောင့် တင်ပြပါကျောင်းသည် ကျောင်းအဆင့်တိုးမြှင့်ခြင်းဆိုင်ရာ သတ်မှတ်ချက်နှင့် လိုအပ်မှုများရှိနေသောကြောင့် ယခုပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ခြင်းဆိုင်ရာဦးစားပေးအစီအစဉ်တွင် မပါရှိပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း၏ **မောင်တောမြို့နယ်၊ အောင်သာယာ(န.တ.လ)ကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ) အား အခြေခံပညာမူလတန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန်နှင့် မောရဝတီ အခြေခံပညာအလယ်တန်းကျောင်းတွင် ပေ(၉၀ x ၃၀) RC နှစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်း**တို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လွှတ်တော်ကိုယ်စားလှယ်၏ တင်ပြပါကျောင်းအနေဖြင့် မူလတန်းအဆင့်သင်ကျောင်းသား၊ ကျောင်းသူ (၅၅) ဦး ရှိသော်လည်း ဒေသလိုအပ်ချက်အရ အဆင့်တိုးမြှင့်ပေးရန် လိုအပ်နေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ကျောင်းအဆင့်တိုးမြှင့်သတ်မှတ်ခြင်းမှုများကို ဖြေလျှော့ပေးပြီး လာမည့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်ကျောင်းအဆင့်တိုးမြှင့်ခြင်းများဆောင်ရွက်ချိန်တွင် တိုးမြှင့်ရေးဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

### မောင်တောမြို့နယ်၊ မောရဝတီ အခြေခံပညာအလယ်တန်းကျောင်းတွင် RC နှစ်ထပ်တစ်ဆောင်ကို လာမည့်ဘဏ္ဍာရေးနှစ်တွင် လျာထား၍ ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးမည်

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ မောရဝတီ အခြေခံပညာအလယ်တန်းကျောင်းတွင် RC နှစ်ထပ်ဆောင် ဆောက်လုပ်ရေးနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်တင်ပြသကဲ့သို့ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသနေပြည်သူများ၏ လိုအပ်ချက်အရလည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ ပညာရည်မြင့်မားမှုအရလည်းကောင်း လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် ပေ(၉၀x၃၀) နှစ်ထပ်ကျောင်းဆောင် တင်ပြသော်လည်း ပေ(၁၀၀x၃၀) RC နှစ်ထပ်တစ်ဆောင်ကို လာမည့်ဘဏ္ဍာရေးနှစ်တွင် လျာထား၍ ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ ၂၀၁၉ - ၂၀၂၀ **ပညာသင်နှစ်အတွင်း ကျောက်တော်မြို့နယ်တွင် အကြောင်းအမျိုးမျိုးကြောင့် (ပြင်ပ) ရောက်ရှိနေသည့် ကျောင်းသား၊ ကျောင်းသူများအား ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ရရှိရေးဆောင်ရွက်ပေးရန်နှင့် ပြင်ပမှ ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်နိုင်ရေး မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း** နှင့် ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း၏ **ရေဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့နယ်၊ ရုံးကြီးရပ်ကွက်၊ အမှတ်(၅)အခြေခံပညာအလယ်တန်းကျောင်းမြေပေါ်ရှိ မြို့နယ်မီးသတ်ဌာနမှ ဝန်ထမ်းအိမ်ရာ အဆောက်အဦများအား ဖယ်ရှားပေးနိုင်ရေး ဝန်ကြီးဌာန အချင်းချင်း ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိသိရှိလိုခြင်း မေးခွန်း**တို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်းဖြေကြား ခဲ့သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဒေါ်ကျိန်ငိုက်မန်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်းက **ရွှေ့ နေမျှားကောင်စီနှင့် ရွှေ့နေလိုက်သူများဆိုင်ရာဥပဒေကြမ်း**ကို အမျိုးသားလွှတ်တော် က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းရာ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသိန်းလွင်က ထောက်ခံပါကြောင်းပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **ရွှေ့နေများကောင်စီနှင့် ရွှေ့နေလိုက်သူများဆိုင်ရာ ဥပဒေကြမ်း**ကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်းကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဇန်နဝါရီ ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ စိုးဝင်းထွန်း**

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၇**
ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener သည် ယနေ့ည ၇ နာရီ ၂၅ မိနစ်တွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိသည်။

**ကြိုဆိုနှုတ်ဆက်**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (ယာပုံ)

**သတင်းစဉ်**



တစ်မြေတည်းနေ တစ်ရေတည်းသုံး
ဒို့အားလုံးသည်
ပြည်ထောင်စုသား သွေးချင်းများ။

*✻ ကျောဖုံးမှ*

ချောင်းဆိုးတာ လက္ခဏာတွေ့ရင်တော့ သံသယအနေနဲ့ သူတို့ကို အချိန်မီ ညွှန်းပို့ပေးမှာပါ။ အနယ်နယ်အရပ်ရပ်ကလာတဲ့ ခရီးသည်တွေကို စစ်ပါတယ်။ အထူးသဖြင့် ရန်ကုန်နှင့် နယ်စပ်က လာတဲ့သူတွေကို အဓိကစစ်ပါတယ်။ ပြည်သူ့ဆေးရုံမှာတော့ အရေးပေါ်အခန်းတွေကို ပြင်ဆင်ထားရှိပါတယ်”ဟု ကျန်းမာရေးမှူး ဦးဇော်လွင်ထွန်းက ပြောသည်။

နိုဗယ်ကိုရိုနာဗိုင်းရပ်စ်တားဆီးကာကွယ်ရေး မြိတ်လေဆိပ်၊ အဝေးပြေးကားဝင်းနှင့် သင်္ဘောဆိပ်တို့၌ ကျန်းမာရေးစစ်ဆေးဆောင်ရွက်ရာတွင် ခရီးသည်များက စနစ်တကျ စစ်ဆေးမှုခံယူကြသည်။ မြန်မာနိုင်ငံ၌ နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူမရှိသေးကြောင်း မြိတ်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ခိုင်ထူး (မြိတ် ပြန်/ဆက်)**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၄ / ၂၀၂၀
၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက်)

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ပျဉ်းပင်ကျေးရွာနေ ကျော်စံလင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၁-၂၀၂၀ ရက်နေ့တွင် ကျွန်းလှမြို့နယ်၊ ပျဉ်းပင်ကျေးရွာနေ ကျော်စံလင်း(ခ)ကျော်စံကွေး(၄၄)နှစ်၊ (ဘ)ဦးဘသွင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွ ဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကျွန်းလှ)မယ(ပ)၁/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၉(က)/၂၀ (က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကျည်စုရပ်ကွက်နေ ချစ်ကိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၁-၂၀၂၀ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ကျည်စုရပ်ကွက်နေ ချစ်ကို(ခ)ချစ်မျိုးကို (၃၅)နှစ်၊ (ဘ)ဦးမြသောင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒေါပုံ) မယ(ပ) ၆/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်နေ ဒေါ်ခင်လေးမြင့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၁-၂၀၂၀ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်နေ ဒေါ်ခင်လေးမြင့်(ခ)ပွကြီး(၄၈)နှစ်၊ (ဘ)ဦးသိန်းနိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်နေ ဇော်ဦး (၃၄) နှစ်၊ (ဘ) ဦးသိန်းဇော်တို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်) မယ(ပ) ၁၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့၊ တောင်ရပ်ကွက်နေ ကျော်လှိုင်နှင့်အေးလွင်တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၁-၂၀၂၀ ရက်နေ့တွင် ဟိုပုံးမြို့၊ တောင်ရပ်ကွက်နေ ကျော်လှိုင်(၅၂)နှစ်၊ (ဘ)ဦးလှဆောင်၏ နေအိမ် ဈေးဆိုင်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဟိုပုံး) မယ(ပ) ၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့်လည်းကောင်း၊ အလားတူ ၎င်းရပ်ကွက်နေ အေးလွင်(၄၁)နှစ်၊ (ဘ) ဦးလှမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဟိုပုံး) မယ(ပ) ၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင်းနှင့် မြို့ပေါ်ရပ်ကွက်များ၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၉)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၂၆)ဦး၊ မ(၃)ဦး၊ ပေါင်း (၂၉)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။ ၂၁-၁-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့၊ ရွှေတောင်ရပ်ကွက်နေ မြင့်လှိုင်(ခ) အသဲလေး (၃၆)နှစ်၊ (ဘ) ဦးမောတန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အစ်ကိုဖြစ်သူ သန်းနိုင်(ခ) အပုလေး(၄၁)နှစ်၊ ညီဖြစ်သူ မင်းမင်းထွန်း (ခ) တင်ရှိန်(၃၀)နှစ်၊ ၎င်းလမ်းနေရာ ထွန်းသာ(ခ) ကျန်ကျောင်း (၂၀)နှစ်၊ (ဘ) ဦးမောင်ကျော်နှင့် ညီဖြစ်သူ သန့်ဇင်ဖြိုး(ခ) အငယ်လေး(၁၉) နှစ်၊ ၎င်းရပ်ကွက်နေ ရန်အောင်နိုင်(ခ) ရန်နိုင် (၃၁) နှစ်၊ (ဘ) ဦးအောင်မြင့်၊ စိန်ပန်းရပ်ကွက်နေ ပြည့်ဖြိုးကျော်(ခ)ဖိုးလပြည့် (၂၅)နှစ်၊ (ဘ)ဦးကျော်ငွေ၊ ဇော်လင်းအောင် (၂၉) နှစ်၊ (ဘ) ဦးတိုးမောင်၊ ကံသာရပ်ကွက်နေ ဝေလွင်ဖြိုး (ခ)ကိုတူး (၂၉)နှစ်၊ (ဘ) ဦးမင်းလွင်၊ ကန်အောက်ရပ်ကွက်နေ စိုင်းသိန်းဟန် (၃၁)နှစ်၊ (ဘ)ဦးစိုင်းထွန်းမြင့်တို့ (၁၀) ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တောင်ကြီး) မယ(ပ)၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၅-၁-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၉၅၇)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၂၃၆) ဦး၊ မ (၂၄၄) ဦး၊ ပေါင်း(၁၄၈၀) ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၇၄၉၄.၉၈၁၄) ဂရမ်၊ ICE (၁၃၄၇.၄၂) ဂရမ်၊ ဘိန်း(၄၀၃၃၉.၀၂၁၆၆) ဂရမ်၊ အဆင့်နိမ့်ဘိန်း (၆၆၁.၂၇) ဂရမ်၊ ဘိန်းစာမှုန့် (၅၃၂၁၀.၇၆) ဂရမ်၊ ဘိန်းစာရွက် (၁၂၀၉၇.၃၂) ဂရမ်၊ ဘိန်းစာရည် (၂.၅) လီတာ၊ စိတ်ကြွဆေးပြား (၄၆၂၇၀၇) ပြား၊ ဆေးခြောက် (၁၀၃၁၀.၄၂) ဂရမ်၊ ဘိန်းရည် (၀.၁) လီတာ၊ ဘိန်းဆီခဲ (၅၂၀.၂၈) ဂရမ်၊ ဘိန်းစေ့ (၆၀) ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့် (၅၅.၄၅) ဂရမ်၊ Ecstasy အကြေ (၀.၀၀၁) ဂရမ်၊ လက်နက်မျိုးစုံ (၁၉) လက်၊ ကျည်မျိုးစုံ (၂၅၇) တောင့်၊ လက်ပစ်ဗုံး (၁) လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | - | antinarcotics@presidentoffice.gov.mm |




သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ကျင်းပရေး စာနယ်ဇင်းရှင်းလင်းပွဲပြုလုပ်စဉ်။ ဓာတ်ပုံ - ထိန်လင်း

◆ *ကျောဖုံးမှ*

လက်ရှိအချိန်တွင် ပွဲတော်အတွင်း ပါဝင်ပြသရောင်းချမည့် ဆိုင်ခန်းပေါင်း ၁၀၀၀ နီးပါးရှိကြောင်း သိရသည်။

ယခုနှစ်တွင် ထူးခြားစွာ စီစဉ်ထားသော ကယားပြည်နယ်ပြခန်းနှင့် ပတ်သက်၍ ကယားပြည်နယ် တိုင်းရင်းသား လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးတေဇာဝင်းထွန်းက "ကျွန်တော်တို့ ကယားပြည်နယ် တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းအနေနဲ့ ပြည်နယ်အမှတ်တရ ကယားရိုးရာတဲတစ်ခုကို ဆောက်ပြီးတော့ ကယားပြည်နယ်မှာရှိတဲ့ အနုပညာတွေ၊ ဘိုးဘွားအမွေအနှစ်တွေကို ပြသသွားဖို့ရှိပါတယ်။ ဒီနှစ်မှာ ထူးထူးခြားခြားကတော့ VR System ပေါ့။ မျက်မှန်တပ်ပြီးတော့ ကျွန်တော်တို့ပြည်နယ်ကို ရောက်သွားသလို ခံစားရမယ့် VR System ကို ထည့်ထားပါတယ်" ဟု ပြောသည်။

ဖျော်ဖြေပွဲများ အနေဖြင့် တိုင်းရင်းသားအလှမယ် ရွေးချယ်ပွဲများ၊ တိုင်းရင်းသားလူမျိုးများ၏ အက၊ အလှဖျော်ဖြေမှုများအပြင် ယခုနှစ်တွင် ဘောလုံးပြိုင်ပွဲ၊ တိုက်ကွမ်ဒိုပြိုင်ပွဲ၊ ဂေါက်သီးရိုက်ပြိုင်ပွဲများကို ထည့်သွင်းကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။ ဖျော်ဖြေရေးအစီအစဉ်များကို ညနေ ၆ နာရီမှ ည ၁၀ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် ပထမအကြိမ် သွေးချင်းတို့ရဲ့ပွဲတော်ဆီ ကျင်းပစဉ်က လာရောက်ကြည့်ရှုသူ ပြည်သူ ၁၀ သိန်းနီးပါးရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## ကောလင်းမြို့မဈေးအတွင်း စားသုံးရန်မသင့်သည့် ပစ္စည်းများစစ်ဆေး

**ကောလင်း ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့မဈေးကြီးအတွင်းရှိ စားသောက်ကုန်ပစ္စည်း အရောင်းဆိုင်များကို ယနေ့နံနက်က စားသုံးရန်မသင့်သည့် ကုန်ပစ္စည်းများ ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် ကသာခရိုင် စားသုံးသူရေးရာ ဦးစီးဌာန ဦးစီးမှူး ဦးသန်းပိုနှင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့သည် ကောလင်းမြို့မဈေးအတွင်းရှိ စားသုံးရန်မသင့်သည့် ကုန်ပစ္စည်းများ ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ကာ စားသောက်ကုန်ပစ္စည်းအရောင်းဆိုင်များကို အများပြည်သူသိရှိရန် စားသုံးသူရေးရာဦးစီးဌာနမှ အသိပညာပေးစာများကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ပြန်/ဆက်)**



# 2019 Novel Coronavirus ကြိုတင်ပြင်ဆင်ထားရှိမှု လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၇

**2019 Novel Coronavirus ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်ကုသရေး အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးရုံများတွင် ကြိုတင်ပြင်ဆင်ထားရှိမှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ရှိ ဆေးတက္ကသိုလ်(၁)ရန်ကုန်၌ ကျင်းပသည်။** (ယာပုံ)




အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက နိုင်ငံတကာမှ ပြည်တွင်းသို့ ဝင်ရောက်လာသည့် ခရီးသည်များကို ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပြည်တွင်းသို့ ဝင်ရောက်စဉ်က သံသယ လက္ခဏာများ မရှိသော်လည်း ရောဂါပျိုးချိန် အတွင်း သံသယလက္ခဏာများ ပေါ်ပေါက်ပါက စောစီးစွာ တုံ့ပြန်ဆောင်ရွက်မှုတို့တွင် အထူးအရေးကြီးပါကြောင်း၊ သံသယလူနာများ တွေ့ရှိပါက လူနာလွှဲပြောင်းမှု၊ သီးခြားခန်းတွင် ထားရှိကုသမှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်းကျပ်စွာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအတွင်းသာမက နီးနွယ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့်ပါ ချိန်သားကိုက် ချိတ်ဆက်ဆောင်ရွက်မှုများ ကောင်းမွန်ရေးသည် အထူးအရေးကြီးပါကြောင်း။

ထို့အပြင် နီးနွယ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် သတင်းအချက်အလက်များ အပြန်အလှန် ဆက်သွယ်ပေးပို့ရေးသည် အရေးကြီးပါကြောင်း၊ ယခုအစည်းအဝေး၏ ဆွေးနွေးမှုများကို တက်ရောက်လာကြသူများသာမက နိုင်ငံတစ်ဝန်းလုံးရှိ ဆေးရုံအုပ်များ သိရှိရန် ဖြန့်ဝေသွားရမည်ဖြစ်ကြောင်း၊ ကုသရေး၊ ပြည်သူ့ကျန်းမာရေးနှင့် ဓာတ်ခွဲဆိုင်ရာ ကဏ္ဍများအနေဖြင့် တူညီသော သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီရရှိရန်၊ အပြန်အလှန် သတင်းဖလှယ်ရန် ဆက်သွယ်ရေး ကွန်ရက် လမ်းကြောင်းတစ်ခု ချက်ချင်းဖော်ဆောင်ထားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ရန် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်သည့် ဌာန၊ တာဝန်ရှိသူများ အချိန်ကိုက်ပေါင်းစပ် ညှိနှိုင်းဆောင်ရွက် (synchronized coordination and collaboration) လုပ်ကိုင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

## ဆွေးနွေးအကြံပြု

ထို့နောက် သက်ဆိုင်ရာတာဝန်ရှိသူများက 2019 Novel Coronavirus (2019–nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ဖြစ်ပွားပျံ့နှံ့မှုများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အပါအဝင် နိုင်ငံတကာကျန်းမာရေးအဖွဲ့အစည်းများမှ ထုတ်ပြန်ကြေညာချက်များ၊ မြန်မာနိုင်ငံတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ နိုင်ငံတကာ ဝင်ပေါက်၊ ထွက်ပေါက် လမ်းကြောင်းများ၌ ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေမှု၊ လုပ်ငန်းလမ်းညွှန်များ ဖြန့်ဝေထားရှိမှု၊ သံသယလူနာများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းကုသမှုအတွက် စီစဉ်ထားရှိမှု၊ ဆေးရုံများတွင် သံသယလူနာများအတွက် သီးခြားခန်းများ ပြင်ဆင်ထားရှိမှု၊ ပြည်သူများထံ ကျန်းမာရေးအသိပေးချက်နှင့် အသိပညာများ ဖြန့်ဝေထားရှိမှု၊ နီးနွယ်ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ထားရှိမှု၊ ရောဂါဖြစ်ပွားရာ ဒေသများမှ ဝင်ရောက်လာသော ခရီးသည်များသည် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်စဉ်က သံသယဖြစ်ဖွယ်လက္ခဏာများ မရှိသော်လည်း ရောဂါပျိုးချိန်အတွင်း ရောဂါဖြစ်ပွားမှု သံသယရှိပါက စောစီးစွာ ထောက်လှမ်းသိရှိရန်၊ ကုသပေးရန်နှင့် အခြားသူများထံ ရောဂါပြန့်ပွားမှုမရှိစေရန်တို့အတွက် တုံ့ပြန်ဆောင်ရွက်မှုများ ပြုလုပ်ရန် ဆောင်ရွက်ထားရှိမှု၊ ဆေးနှင့် ဆေးပစ္စည်း၊ ဘဏ္ဍာရေးကြိုတင်ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ ဆေးရုံအုပ်ကြီးများနှင့် ဒုတိယဆေးရုံအုပ်ကြီးများက ဆွေးနွေးအကြံပြုမှုများ ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးတွင် ကျင်းပသည့် ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကဆေးရုံလုပ်ငန်းများမှ တာဝန်ရှိသူများမှ ရောဂါစောင့်ကြပ်ကြည့်ရှုမှု လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် အသိပေးရှင်းလင်းဆွေးနွေးပွဲကို တက်ရောက်သည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာဝင်ပေါက်၊ ထွက်ပေါက်လမ်းကြောင်းများ၌ သေချာစွာ ရောဂါစောင့်ကြပ် ကြည့်ရှုဆောင်ရွက်နိုင်ပါက သံသယလူနာများနှင့် ရောဂါဖြစ်ပွားသူများကို စောစီးစွာ သိရှိထောက်လှမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လက်ရှိထုတ်ပြန်ချက်များအရ 2019 Novel Coronavirus ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ၏ ရောဂါပျိုးချိန်သည် ရက်သတ္တနှစ်ပတ်ခန့်ရှိသဖြင့် ရောဂါဖြစ်ပွားရာ ဒေသများမှ ဝင်ရောက်လာသော ခရီးသည်များသည် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်စဉ်က သံသယဖြစ်ဖွယ် လက္ခဏာများမရှိ၊ နာမကျန်းမှု မရှိသော်လည်း ရောဂါပျိုးချိန်အတွင်း ရောဂါဖြစ်ပွားမှု ရှိနိုင်ပါကြောင်း။

## ပူးပေါင်းပါဝင်မှုသည် အရေးကြီး

ထိုသို့သော လူနာများကို စောစီးစွာ ထောက်လှမ်းသိရှိရန်၊ ကုသပေးရန်နှင့် အခြားသူများထံ ရောဂါပြန့်ပွားမှုမရှိရန်အတွက် အရေးကြီးသဖြင့် အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆိုပါရောဂါသည် လူတစ်ဦးတွင် ရောဂါရှိပါက အခြားသူများသို့ မကူးစက်နိုင်သည့် သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါတို့ကဲ့သို့ မဟုတ်ဘဲ လူတစ်ဦးမှ တစ်ဦးထံ ကူးစက်နိုင်သည့် ရောဂါဖြစ်သဖြင့် အဖွဲ့အစည်းများနှင့် ပြည်သူများတစ်ဦးချင်းစီမှ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အရေးကြီးပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် ဟိုတယ်လုပ်ငန်းဆောင်ရွက်သူများ၊ ဟိုတယ်နှင့် တည်းခိုခန်း ဝန်ထမ်းများနှင့် ခရီးသွားကုမ္ပဏီများနှင့် ဧည့်လမ်းညွှန်များ၏ အခန်းကဏ္ဍသည် ယခုအချိန်၌ အလွန်အရေးကြီးပါကြောင်း၊ ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော Health Declaration Form ကို ပြည်ပမှ လေကြောင်းခရီးဖြင့် လာရောက်သည့် ခရီးသည်များကို စနစ်တကျပြည့်စုံစွာ ဖြည့်စွက်ထားမှသာ ပြည်တွင်းသို့ ဝင်ရောက်ခွင့်ပြုရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတကာလေကြောင်းလိုင်းများသို့ အကြောင်းကြားထားပြီး ဆောင်ရွက်နေပြီဖြစ်ကြောင်း။

နိုင်ငံတကာခရီးသွားများ မြန်မာနိုင်ငံသို့ ဝင်ရောက်စဉ်တွင် တည်းခိုနေထိုင်မည့် ဟိုတယ်နှင့် တည်းခိုခန်းလိပ်စာများ၊ သွားလာမည့်နေရာဒေသများကို အဆိုပါ Health Declaration Form များတွင် ဖြည့်သွင်းစေပြီး မှတ်သားထားရှိပါကြောင်း၊ သက်ဆိုင်ရာ တည်းခိုခန်းနှင့် ဟိုတယ်များမှ တာဝန်ရှိသူများနှင့် ခရီးသွားလမ်းညွှန်များအနေဖြင့် လာရောက်တည်းခိုသည့် နိုင်ငံတကာခရီးသည်များတွင် ရောဂါဖြစ်ပွားမှု သံသယလက္ခဏာများ တွေ့ရှိရခြင်း၊ နာမကျန်းဖြစ်ခြင်းတို့ကို တွေ့ရှိပါက သတ်မှတ်ထားသော ကျန်းမာရေးဌာနသို့ ချက်ချင်းတယ်လီဖုန်းဖြင့် အကြောင်းကြားပေးကြစေလိုပါကြောင်း၊ ဆေးရုံမှ တာဝန်ရှိသူများကလည်း ချက်ချင်းတုံ့ပြန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ရောဂါ၏ သံသယလက္ခဏာများကို တည်းခိုခန်းနှင့် ဟိုတယ်များမှ ဝန်ထမ်းများ၊ ခရီးသွားလမ်းညွှန်များနှင့် ခရီးသည်များ သိရှိစေရေး ကျန်းမာရေးအသိပညာပေး ဗီနိုင်းပိုစတာများကို ဟိုတယ်နှင့် တည်းခိုခန်းများတွင် အမြန်ဆုံးတပ်ဆင်ထားရှိပေးကြစေလိုပါကြောင်း၊ ပုဂ္ဂလိကဆေးရုံဆေးခန်းများအနေဖြင့် 2019 Novel Coronavirus ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ သံသယလူနာများ လာရောက်ပြသမှုရှိပါက လုပ်ထုံးလုပ်နည်းများကို စနစ်တကျလိုက်နာဆောင်ရွက်ခြင်း၊ သတ်မှတ်ထားသော ဆေးရုံသို့ ချက်ချင်းသတင်းပေးပို့ အကြောင်းကြားခြင်းတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ပြည်သူများအနေဖြင့် ထိုသို့ သံသယရောဂါလက္ခဏာများနှင့် လူနာများကို တွေ့ရှိပါက သက်ဆိုင်ရာမြို့နယ်ရှိ ကျန်းမာရေးဌာနသို့ အကြောင်းကြားပေးနိုင်ရန် အရေးပေါ် (၂၄) နာရီ ဆက်သွယ်ရေးလမ်းကြောင်းထားရှိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အများပြည်သူသုံး ဘတ်စ်ကားများတွင် ရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေး အသိပညာပေး စတစ်ကာများ တပ်ဆင်ထားရှိမည်ဖြစ်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုပါကြောင်း။

## လေ့လာလျက်ရှိ

ယခုကဲ့သို့ အစပိုင်းကာလတွင် ကျန်းမာရေး ဝန်ထမ်းများ၊ တည်းခိုခန်းနှင့် ဟိုတယ်များမှ ဝန်ထမ်းများ၊ ခရီးသွားလမ်းညွှန်များ၊ ပြည်သူများနှင့် ခရီးသည်များကိုယ်တိုင် ပူးပေါင်းပါဝင် ဆောင်ရွက်ကြခြင်းဖြင့် ရောဂါကာကွယ်နှိမ်နင်းမှုလုပ်ငန်းများ ထိရောက်အောင်မြင်မည်ဖြစ်ကြောင်း၊ ရောဂါ၏ ရောဂါဖြစ်ပေါ်ပြောင်းလဲမှု သဘောသဘာဝ (natural history of disease) ဖြစ်စဉ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် နိုင်ငံတကာကျန်းမာရေးအဖွဲ့အစည်းများက ဆက်လက်လေ့လာလျက်ရှိပါကြောင်း၊

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် အဆိုပါ ရောဂါဖြစ်ပွားမှုများကို ပြည်သူ့ကျန်းမာရေးဆိုင်ရာ နိုင်ငံတကာအရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ထားခြင်း မရှိသေးသော်လည်း ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန် အကြံပြုတိုက်တွန်းထားသည်နှင့်အညီ ဝန်ကြီးဌာနမှ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့် အင်တာနက်ကွန်ရက်မှ သတင်းအချက်အလက်များကို လေ့လာကြည့်ရှုသည့်အခါ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ US CDC၊ နိုင်ငံတကာ ကျန်းမာရေးဝန်ကြီးဌာနများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တရားဝင် အင်တာနက်စာမျက်နှာများ စသည့်ခိုင်မာသော သတင်းအရင်းအမြစ်များမှ သတင်းအချက်အလက်များကို လေ့လာရမည်ဖြစ်ပါကြောင်း။

အခြားခိုင်မာမှုမရှိသော သတင်းအရင်းအမြစ်များမှ အချက်အလက်များကို စိတ်ချရသော သတင်းအရင်းအမြစ်များမှ အချက်အလက်များနှင့် ချိန်ထိုးတိုက်ဆိုင်စေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် နိုင်ငံတကာတွင် 2019 Novel Coronavirus (2019–nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ဖြစ်ပွားမှု၊ ကူးစက်ပြန့်ပွားမှုနှင့် သေဆုံးမှုများကို မျက်ခြည်မပြတ်လေ့လာ၍ တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများအနေဖြင့် မိမိတို့ လုပ်ဆောင်နိုင်သည့်ကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာထွန်းတင်က ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ရောဂါနှင့် ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နောက်ဆုံးရရှိထားသော အချက်အလက်များကို လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး(တာဝန်) ဒေါက်တာသန်းနိုင်စိုးက ပြည်သူများထံ ရောဂါကာကွယ်ရေးနှင့် ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေး ကျန်းမာရေးအသိပညာများ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေဆောင်ရွက်နေသည့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ ပြည်သူ့ကျန်းမာရေး၊ ကုသရေးနှင့် ဓာတ်ခွဲပညာရှင်များက ပြန်လည်ဖြေကြားကြသည်။

**သတင်းစဉ်**

> **"ရောဂါဖြစ်ပွားရာ ဒေသများမှ ဝင်ရောက်လာသော ခရီးသည်များသည် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်စဉ်က သံသယဖြစ်ဖွယ်လက္ခဏာများ မရှိသော်လည်း ရောဂါပျိုးချိန်အတွင်း ရောဂါဖြစ်ပွားမှုသံသယရှိပါက စောစီးစွာ ထောက်လှမ်းသိရှိရန်၊ ကုသပေးရန်နှင့် အခြားသူများထံ ရောဂါပြန့်ပွားမှု မရှိစေရန်တို့အတွက် တုံ့ပြန်ဆောင်ရွက်မှုများ ပြုလုပ်ရန်"**

# ရခိုင်ပြည်နယ်၏ ခရီးသွားလုပ်ငန်းပင်မစီမံကိန်း ရေးဆွဲနိုင်ရေးအတွက် အထောက်အကူပြုနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၇

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေ(၂၀၁၈)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းခဲ့သည့် ရခိုင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ ဆောင်ရွက်မှုဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ခရီးစဉ်ဒေသအသီးသီးတွင် ခရီးသွားလုပ်ငန်းကဏ္ဍ ဟန်ချက်ညီညီစနစ်တကျနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်းကောင်း၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော စီးပွားရေးလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံကြမည့်လုပ်ငန်းရှင်များအနေဖြင့် အဆင်ပြေစွာလုပ်ကိုင်နိုင်စေရန်အတွက်လည်းကောင်း၊ ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအပေါ် အထောက်အပံ့ကောင်းများ ရရှိလာနိုင်စေရန်အတွက်လည်းကောင်း ရည်ရွယ်ရေးဆွဲသွားမည့် ရခိုင်ပြည်နယ်၏ ခရီးသွားလုပ်ငန်းပင်မစီမံကိန်းအတွက် အထောက်အကူပြု အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်မှ ၂၆ ရက်အထိ သံတွဲခရိုင် ငပလီကမ်းခြေဒေသရှိ "Amazing Nagpali Resort'' ဟိုတယ်တွင် ကျင်းပသည်။**



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲ၏ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်က ကျင်းပရာ အခမ်းအနားသို့ ကော်မတီဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကော်မတီအတွင်းရေးမှူးဖြစ်သူ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (စစ်တွေ)ရုံးခွဲမှ ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ပြည်တွင်းပြည်ပမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းရှင်များ၊ ဒေသခံများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ရခိုင်ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးက အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနား ကျင်းပပြုလုပ်နိုင်ရန်အတွက် ပြည်ပမိတ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်သော UNDPအဖွဲ့က ထောက်ပံ့ပေးခဲ့မှုနှင့် ပြည်တွင်းအဖွဲ့အစည်းများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၏ အကူအညီဖြင့် စီစဉ်ဆောင်ရွက်မှုအခြေအနေများကို ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အလုပ်ရုံဆွေးနွေးပွဲ အဆင်ပြေစွာ ကျင်းပပြုလုပ်ဆောင်ရွက်နိုင်ရန်အတွက် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့ကြသော ပြည်တွင်းမိတ်ဖက်အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ Plastic Asia Travel Association(PATA) ၏ Director ဖြစ်သူ Mr.Graham Leith Harper က "Achieving Sustainable Tourism Development" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ UNDP အဖွဲ့၏ Chief Technical Advisor ဖြစ်သူ Mr.Singay Dorji က "Environment and Social Management for a Responsible and Inclusive Tourism" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Myanmar Centre for Responsible Business (MCRB) ၏ Senior Associate ဖြစ်သူ ဦးဝင်းမင်းက "Opportunities and Challenges for Sustainable Tourism Development in Rakhine State" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးပြောကြားခဲ့ကြသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန (စစ်တွေ)ရုံးခွဲ တာဝန်ခံ ညွှန်ကြားရေးမှူး ဦးရဲအောင်မိုးက ရခိုင်ပြည်နယ်နှင့် သက်ဆိုင်သော ခရီးသွားလုပ်ငန်းကဏ္ဍ အခြေအနေများ၊ ဒေသတွင်းခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင် စီစဉ်ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများနှင့် ပြည်နယ်အတွင်းမှ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာရှိသော အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး ရခိုင်ပြည်နယ်၏ ခရီးသွားလုပ်ငန်း ပင်မစီမံကိန်းအား တာဝန်ယူရေးဆွဲသွားမည့် Consultant ဖြစ်သူ ဒေါ်လင်းလင်းက ရခိုင်ပြည်နယ်၏ ခရီးသွားလုပ်ငန်း ပင်မစီမံကိန်းတစ်ခု ပေါ်ထွက်လာရေး အစီအစဉ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်လုပ်ငန်းများနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အဖွဲ့လိုက်ဆွေးနွေးနိုင်ရန်အတွက် ရွေးချယ်ထားရှိသော ခေါင်းစဉ်ခြောက်ခုဖြစ်သည့် "Tourism Planning & Product Development", "Tourism Legal Framework Development", "Tourism Infrastructure Development & Tourism Financial Development", "Tourism Human Resource Development", "Social & Environmental Responsibility in Tourism Development", "Positioning, Branding, Marketing of Rakhine State" ခေါင်းစဉ်အသီးသီးကို သက်ဆိုင်ရာခေါင်းစဉ်အလိုက် သတ်မှတ်ပေးထားသည့် အဖွဲ့လိုက် ကိုယ်စားလှယ်များမှ ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း ပြင်းထန်အဆုတ်ရောင်ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၂၇**

တရုတ်နိုင်ငံ ဝူဟန်မြို့မှစ၍ ကူးစက်ပြန့်ပွားနေသည့် ပြင်းထန်အဆုတ်ရောင်ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်က လက်ရှိတွင် မန္တလေးလေဆိပ်၌ ပြည်ပမှ ဝင်ရောက်လာသည့် ခရီးသွားများအား စောင့်ကြည့်စစ်ဆေးလျက် ရှိပြီး လေကြောင်းသာမက ရေကြောင်း၊ ကုန်းကြောင်း စသည့် ဝင်/ထွက်ပေါက်များကိုပါ စောင့်ကြည့်ရန် လိုအပ်ကြောင်း၊ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ ပူးပေါင်း၍ စနစ်တကျကာကွယ်တားဆီးမှုများကို မှန်မှန်ကန်ကန် အသိပေးလုပ်ဆောင်ရန် လိုအပ်ကြောင်း၊ သံသယလူနာ တွေ့ရှိပါက သက်ဆိုင်ရာ ကျန်းမာရေးဌာနနှင့် အဖွဲ့အစည်းများသို့ အချိန်နှင့် တစ်ပြေးညီ သတင်းပေးပို့နိုင်ရန် ဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်း ပြောကြားသည်။



ပြင်းထန်အဆုတ်ရောင်ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

ဆက်လက်၍ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနဦးစီးမှူး ဒေါက်တာသန်းသန်းမြင့်က တံတားဦးလေဆိပ်တွင် ဆိုက်ရောက်လာသည့် ခရီးသည်များအား ပြင်းထန်အဆုတ်ရောင်ရောဂါ လက္ခဏာ ရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးမှုနှင့် ကျန်းမာရေး အသိပညာပေး ဆောင်ရွက်ထားရှိမှုများ၊ သံသယလူနာတွေ့ရှိပါက စမ်းသပ်စစ်ဆေးမှုပြုလုပ်ရန် လေဆိပ်တွင် သီးသန့်အခန်းဖွဲ့စည်း၍ လိုအပ်သည့် ဆေးဝါးနှင့် ဆေးပစ္စည်းများကို ပြင်ဆင်ထားရှိမှုများနှင့် လူနာတွေ့ရှိပါကလည်း သီးသန့်သယ်ယူနိုင်ရေးအတွက် လေဆိပ်ထွက်ပေါက်တစ်ခု စီစဉ်ထားရှိပြီးဖြစ်ကြောင်းနှင့် အဆိုပါ လူနာများအတွက် မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီး၊ ခုတင် ၅၅၀ ဆံ့ဆေးရုံ၊ ခုတင် ၃၀၀ သင်ကြားရေးဆေးရုံနှင့် ဗဟိုအမျိုးသမီး ဆေးရုံကြီးများတွင် သီးသန့်လူနာခန်းများ ထားရှိကုသရန် စီစဉ်ထားပြီး ပုဂ္ဂလိကဆေးရုံကြီးများသို့လည်း ၎င်းလူနာများ ရောက်ရှိလာပါက ဆောင်ရွက်ရမည့် လုပ်ငန်းညွှန်ကြားချက်များကို ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း တင်ပြခဲ့သည်။

ထို့ပြင် ဇန်နဝါရီ ၂၇ ရက်မှစ၍ မန္တလေး-တံတားဦး လေဆိပ်သို့ ရောက်ရှိလာသည့် ခရီးသွားများအား လေဆိပ်တွင် ထားရှိသည့် Health Declaration Form ဖြည့်သွင်းပြီးမှသာ ဝင်ရောက်ခွင့်ပြုမည်ဖြစ်သောကြောင့် လေဆိပ်တာဝန်ရှိသူများမှ ပူးပေါင်းဆောင်ရွက်ပေးနိုင်ရန် ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဟိုတယ်ပိုင်ရှင်များနှင့် ဧည့်လမ်းညွှန်များမှ ပူးပေါင်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများအတွက် ကူညီဆောင်ရွက်ပေးနိုင်ရေးနှင့် မကြာမီမန္တလေးမြို့သို့ ရောက်ရှိလာမည့် ဝူဟန်မြို့မှ မြန်မာကျောင်းသားကျောင်းသူ ၆၀ ကို ၁၄ ရက်ကြာ ကျန်းမာရေးစောင့်ကြပ်ကြည့်ရှုရန် ၆၂ လမ်းပေါ်ရှိ ယခင်ကူးစက်ရောဂါကုဆေးရုံကြီးဟောင်းတွင် ထားရှိရန်လျာထားသည့် အစီအစဉ်များနှင့် ပတ်သက်၍ ညွှန်ကြားချက်ပေးနိုင်ရန် တင်ပြခဲ့သည်။

ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာအသီးသီးမှ အဆိုပါရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်က ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများ ပူးပေါင်းပါဝင်သည့် Survey and Response Team ကို အမြန်ဆုံး ဖွဲ့စည်းရန်နှင့် လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ညောင်ရွှေပြည်သူ့ဆေးရုံ၌ တရုတ်နိုင်ငံသူတစ်ဦး စောင့်ကြည့်လူနာအဖြစ် ကာကွယ်ကုသမှု ခံယူလျက်ရှိ

**ညောင်ရွှေ ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ် အင်းလေးဒေသ ညောင်ရွှေမြို့သို့ လာရောက်လည်ပတ်သည့် တရုတ်နိုင်ငံသူတစ်ဦးသည် ဇန်နဝါရီ ၂၆ ရက် ညနေ ၆ နာရီခွဲခန့်က ညောင်ရွှေမြို့ ပြည်သူ့ဆေးရုံသို့ ဝမ်းလျှောနှင့် အဖျားရောဂါဖြင့် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါ အမျိုးသမီးသည် ဇန်နဝါရီ ၂၂ ရက်က တရုတ်နိုင်ငံ ပေကျင်းမြို့မှ ကူမင်းမြို့သို့ သွားရောက်ခဲ့ကြောင်း၊ ဇန်နဝါရီ ၂၃ ရက်တွင် မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့ပြီး ဇန်နဝါရီ ၂၄ ရက်တွင် အင်းလေးဒေသ ညောင်ရွှေမြို့သို့ ရောက်ရှိတည်းခိုနေထိုင်ခဲ့ကြောင်း၊ ဇန်နဝါရီ ၂၆ ရက်တွင် ၎င်းမှာ ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေစဉ် ဝမ်းပျက်ဝမ်းလျှောနှင့် ဖျားနာမှုဖြစ်ပွားသဖြင့် ညောင်ရွှေမြို့နယ် ပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသမှု ခံယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လူနာသည် တရုတ်နိုင်ငံသူတစ်ဦးဖြစ်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောနှင့် ဖျားနာမှုဖြစ်ပွားနေခြင်းတို့ကြောင့် မြို့နယ်ပြည်သူ့ဆေးရုံ သီးသန့်ဆောင်တွင် စောင့်ကြည့်လူနာအဖြစ် ထားရှိကုသလျက်ရှိကြောင်း၊ ယနေ့ နံနက်ပိုင်းတွင် အဖျားကျသွားပြီး ဝမ်းလျှောခြင်းမရှိဘဲ ကျန်းမာရေး ပိုမိုကောင်းမွန်လာကြောင်း၊ အခြားသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ တွေ့ရှိရခြင်းမရှိကြောင်း၊ လိုအပ်သော အထွေထွေစမ်းသပ်မှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် အများပြည်သူ စိုးရိမ်ပူပန်မှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာ- ထိုင်းနယ်စပ်ဂိတ်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါကာကွယ်ရေး စစ်ဆေးမှုများဆောင်ရွက်

**ကော့သောင်း ဇန်နဝါရီ ၂၇**

ထိုင်း-မြန်မာနယ်စပ်၏ နိုင်ငံခြားခရီးသွားများ နေ့စဉ်အများဆုံးဝင်ရောက်ရာ ရေဆိပ်ဖြစ်သည့် ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် မြို့မတံတားရှိ အပြည်ပြည်ဆိုင်ရာ နယ်စပ်အဝင်အထွက်ဂိတ်၌ ပြင်းထန်အဆုတ်ရောင်ရောဂါ (ကိုရိုနာဗိုင်းရပ်စ်) ကူးစက်မှု မရှိစေရေးအတွက် ယနေ့နံနက်ပိုင်းမှစ၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက စောင့်ကြပ်စစ်ဆေးလျက်ရှိပြီး မဲခေါင်မြစ်ဝှမ်းဒေသဆိုင်ရာ ကျန်းမာရေးစီမံကိန်းအရ သက်ဆိုင်ရာကုမ္ပဏီနှင့်ချိတ်ဆက်ကာ ရောဂါရှာဖွေရေးအဆင့်မြင့် စက်ကိရိယာများ တပ်ဆင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# (၃၂)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း ပြေး၊ ခုန်၊ ပစ် ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၇**

(၃၂)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း ပြေး၊ ခုန်၊ ပစ် ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲသို့ ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ် မျိုးဆွေဝင်း၊ ရဲရေးချုပ် ရဲမှူးချုပ် ဝင်းထွန်း၊ အမှတ်(၂)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲရေးမှူး၊ ရေကြောင်း ရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့မှူးများ၊ ရဲအရာရှိကြီးများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ပြိုင်ပွဲဝင်အသင်းများမှ ကြီးကြပ်သူများ၊ ပြိုင်ပွဲဝင် အားကစား သမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ခဲ့ကြပြီး ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ဒုတိယရဲချုပ်(၁)က ပိတ်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားပြီး**(ယာပုံ)** ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသော အသင်းများအား တာဝန်ရှိသူများက ဆုများပေးအပ်ကာ တံခွန်စိုက်ဒိုင်းဆုရရှိသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ အသင်းအား ဒုတိယရဲချုပ်(၁)က တံခွန်စိုက်ဒိုင်း ချီးမြှင့်ပေးအပ်သည်။

အဆိုပါပြိုင်ပွဲကို ဇန်နဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့ကာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့အသီးသီးမှ ပြိုင်ပွဲဝင်အသင်းပေါင်း ၃၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ရဲတပ်ဖွဲ့မှ နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာစေရေးရည်ရွယ်၍ ရဲချုပ်တံခွန်စိုက်ဒိုင်း ပြေး၊ ခုန်၊ ပစ် ပြိုင်ပွဲကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ရဲပြန်ကြား**



## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာ အမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၂၀-၁-၂၀၂၀)ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၂-၁၂-၂၀၁၉)ရက်နေ့မှ (၁၀-၁-၂၀၂၀)ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ လေးဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ် လျှောက်ထားသူ သတင်းစာ တစ်ဦး၊ ဂျာနယ် တစ်ဦး၊ မဂ္ဂဇင်း နှစ်ဦး၊ အထွေထွေ ၃၀ ဦး၊ ပေါင်း ၃၄ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူ ၁၁ ဦးကိုလည်းကောင်း အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄)ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၁၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၇၉၄ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၂၇၂ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၆၈၂ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ကိုရီးယား-မြန်မာ မြားပစ် ပူးတွဲလေ့ကျင့်

**ရန်ကုန် ဇန်နဝါရီ ၂၇**

ကိုရီးယားနိုင်ငံ မြားပစ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်တို့ ပူးတွဲလေ့ကျင့်မှုကို ယနေ့နံနက်က ရန်ကုန်မြို့ တာမွေမြို့နယ်ကျိုက္ကဆံ မြားပစ်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်းဟွာနှင့် သံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အာရှမြားပစ်အဖွဲ့ချုပ် အဖွဲ့ဝင်၊ အရှေ့တောင်အာရှ ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် နာယက ဒေါက်တာခင်ရွှေ၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇေသီဟ၊ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးကျော်ဦးနှင့် ဦးတောက်ထွန်း၊ အားကစားနှင့် ကာယပညာ သိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အမှုဆောင်အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြသည်။

အဆိုပါ မြားပစ်ပူးတွဲလေ့ကျင့်မှုတွင် ကိုရီးယား မြားပစ်လက်ရွေးစင်အသင်းမှ အသင်းအုပ်ချုပ်သူ နည်းပြ ရှစ်ဦး၊ အမျိုးသားအားကစားသမား ရှစ်ဦး၊ အမျိုးသမီးအားကစားသမားရှစ်ဦး စုစုပေါင်း ၂၄ ဦးနှင့် မြန်မာမြားပစ်လက်ရွေးစင်အသင်းမှ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၂၅ ဦး တို့သည် ဇန်နဝါရီ ၁၇ ရက်မှ ၃၀ ရက်အထိ နှစ်ပတ်ကြာ ပူးတွဲလေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **အေကေလင်း**

# ထိုင်းနိုင်ငံမှ Around the World အစီအစဉ် မှတ်တမ်း လာရောက်ရိုက်ကူး



ထိုင်းနိုင်ငံမှ ရိုက်ကူးရေးအဖွဲ့ ကိုရီးယားစားသောက်ဆိုင်ကို မှတ်တမ်းရိုက်ကူးစဉ်။

**ရန်ကုန် ဇန်နဝါရီ ၂၇**

ထိုင်းနိုင်ငံမှ Around the World အစီအစဉ် ရိုက်ကူးရေးအဖွဲ့သည် ယနေ့တွင် ရန်ကုန်မြို့ရှိ ဆူးလေဘုရားတစ်ဝိုက်နှင့် ပန်းဆိုးတန်းလမ်းတစ်လျှောက်ရှိ ရှေးဟောင်းအဆောက်အဦများ မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းကို ရိုက်ကူးသည်။

အဆိုပါ ရိုက်ကူးရေးအဖွဲ့သည် ဇန်နဝါရီ ၂၁ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ရှိ ဆူးလေဘုရားတစ်ဝိုက်မှ ရှေးဟောင်းအဆောက်အဦများနှင့် ရှုခင်းများ၊ အများပြည်သူသွားလာလှုပ်ရှားနေမှုများ၊ Myanmar Plaza ရှိ Yoogane ကိုရီးယားစားသောက်ဆိုင်၊ ဗိုလ်တထောင်မြို့နယ် ၄၁ လမ်းနှင့် ကျောက်တံတားမြို့နယ်၊ ၃၅ လမ်းရှိ အဆောက်အဦများပြုပြင်နေမှု၊ ၄၁ လမ်း နောက်ဖေးလမ်းကြား အလှဆင်ထားမှုနှင့် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မရမ်းစုကျေးရွာရှိ ကရင်နှစ်သစ်ကူးအထိမ်းအမှတ်ပွဲတော်တွင် လက်ဝှေ့ယှဉ်ပြိုင်ထိုးသတ်နေပုံတို့ကို မှတ်တမ်းရိုက်ကူးခဲ့သည်။

ထို့ပြင် ရန်ကုန်မြို့ရှိ အမျိုးသားစာကြည့်တိုက်နှင့် ရန်ကုန်မြို့ ရှုခင်းများကိုလည်း ဆက်လက် ရိုက်ကူးမည်ဖြစ်ကြောင်း၊ ထိုသို့ရိုက်ကူးထားမှုများကို ထိုင်းရုပ်မြင်သံကြားလိုင်း (PPTV HD 36)တွင် Around the World အစီအစဉ်အဖြစ် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **ကျော်စွာသိန်း(FDC)**

# မကွေးတက္ကသိုလ် (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ကျင်းပ

**မကွေး ဇန်နဝါရီ ၂၇**

မကွေးတက္ကသိုလ်၏ (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို ဇန်နဝါရီ ၂၇ ရက်က စတင်ကျင်းပခဲ့ကြောင်း သိရသည်။

ဘွဲ့နှင်းသဘင် အခမ်းအနားသို့ မကွေးတက္ကသိုလ် စီမံခန့်ခွဲရေး အဖွဲ့ဝင်များ၊ ပညာရေးအဖွဲ့ဝင်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ညွှဲသည်တော်များ၊ ဘွဲ့ယူမည့် မောင်မယ်များ တက်ရောက်ကြသည်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် မကွေးတက္ကသိုလ်နှင့် ရေနံချောင်း ဒီဂရီကောလိပ်တို့မှ မဟာသုတေသနဘွဲ့၊ မဟာ (ဘွဲ့)၊ ဥပဒေ (ဘွဲ့) နှင့် ဂုဏ်ထူး(ဘွဲ့)၊ ရိုးရိုး(ဘွဲ့) ရရှိသူများ၊ အဝေးရောက်နှင့် နှစ်ချို့ဘွဲ့ လျှောက်ထားသူများ စုစုပေါင်း ၂၃၇၁ ဦးတို့ကို ဘွဲ့အသီးအသီး အပ်နှင်းသွားမည်ဖြစ်သည်။ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက်မှ ဇန်နဝါရီ ၃၀ ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခြူးစန္ဒီနွေး**



မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးက ကျောင်းသူတစ်ဦးအား ဘွဲ့လက်မှတ်ပေးအပ်စဉ်။

❂ *ကျောဖုံးမှ*

ယှဉ်ပြိုင်ခဲ့သည့်အသင်းမှ အသက်မီသည့် ကစားသမားများကို ပြန်လည်ရွေးချယ်မည်ဖြစ်သော်လည်း ယခုနှစ်အတွင်း ဖွဲ့စည်းလေ့ကျင့်မည့် အသင်းတွင် ကစားသမားသစ်များကို ဦးစားပေးရွေးချယ်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီသည် မြန်မာ ယူ-၂၂ အသင်း၏ ပြင်ဆင်မှုများနှင့်ပတ်သက်၍ နည်းပြချုပ် ပိုပေါ့ဗ်နှင့် ညှိနှိုင်းကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ယခုနှစ်တွင် လိဂ်ပြိုင်ပွဲ ရပ်နားသည့် ကာလများတွင် ကာလတိုလေ့ကျင့်မှုများ ပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။ မြန်မာ ယူ-၂၂ အသင်းသည် ၂၀၁၉ ဖိလစ်ပိုင် ဆီးဂိမ်းပြိုင်ပွဲတွင် ဗိုလ်လုပွဲတက်ရောက်နိုင်ခြင်းမရှိသော်လည်း ကမ္ဘောဒီးယားကို တတိယလုပွဲတွင် အနိုင်ရကာ ကြေးတံဆိပ်ရရှိခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီသည် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်ရယူပေးခဲ့သည့် ဘူဂေးရီးယားနိုင်ငံသား နည်းပြချုပ် ပိုပေ့ါဗ်ကို ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲအထိ ဆက်လက်တာဝန်ပေးရန် ဆုံးဖြတ်ခဲ့ပြီး ၎င်းကို ၂၀၂၀ နှစ်ကုန်အထိသာ စာချုပ်ချုပ်ဆိုထားသောကြောင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

❍ *ကျောဖုံးမှ*

ဒုတိယပိုင်းတွင် ပုံစံကောင်းပြသကာ ချေပဂိုးတစ်ဂိုး ပြန်သွင်းနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အိုလံပစ်ခြေစစ်ပွဲမတိုင်မီ နည်းပြသစ်ခန့်အပ်နိုင်ခြင်းမရှိသောကြောင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီသည် ယခင်က အုပ်ချုပ်သူအဖြစ် ဆောင်ရွက်ခဲ့သည့် ဦးတင်မြင့်အောင်ကို ယာယီနည်းပြချုပ်အဖြစ် တာဝန်ပေးထားသည်။ မြန်မာအမျိုးသမီးအသင်းသည် အိုလံပစ်တတိယအဆင့် ခြေစစ်ပွဲအတွက် ကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ယနေ့ ကစားမည့် ထိုင်းလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲအပြီးတွင် အပြီးသတ် ကစားသမား ၂၀ ရွေးချယ်မည်ဖြစ်သည်။

ယနေ့ကျင်းပမည့် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့၏ ခြေစမ်းပွဲ ဒုတိယပွဲကိုလည်း ကွင်းဝင်ကြေးအခမဲ့ သတ်မှတ်ထားသည်။

**ညီမြတ်သော်တာ**

## လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိသည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြင်းထန်အဆုတ်ရောင်ရောဂါ(ကိုရိုနာဗိုင်းရပ်စ်)တားဆီးကာကွယ်ရေး ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများ ကြပ်မတ်ဆောင်ရွက်

### လွယ်ဂျယ်၊ ကန်ပိုက်တီ၊ ပန်ဝါ

တရုတ်နိုင်ငံ ဝူဟန်မြို့မှ စတင်ဖြစ်ပွားခဲ့သော ပြင်းထန်အဆုတ်ရောင်ရောဂါနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ရေးနှင့် ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများကို မြန်မာ - တရုတ်နယ်စပ် ဝင်/ထွက် ဂိတ်များဖြစ်သည့် လွယ်ဂျယ်၊ ကန်ပိုက်တီနှင့် ပန်ဝါနယ်စပ်ဂိတ်များတွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဇန်နဝါရီ ၂၆ ရက်မှစတင်၍ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးမှ သိရသည်။

ကန်ပိုက်တီမြို့ရှိ တရုတ်-မြန်မာချစ်ကြည်ရေး ဥမင်လိုဏ်ခေါင်းအနီး၌ ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကာ စစ်ဆေးမှုအခြေအနေနှင့်ပတ်သက်ပြီး ကန်ပိုက်တီမြို့ အုပ်ချုပ်ရေးမှူး ဦးမင်းမင်းလတ်က "ကျွန်တော်တို့ ယာယီစခန်းဖွင့်လှစ်ထားပါတယ်။ ဌာနအဖွဲ့အစည်းတွေ ပူးပေါင်းပြီး နယ်စပ်ကို ဝင်/ထွက်သွားလာနေတဲ့ တရုတ်နိုင်ငံသားတွေနဲ့ မြန်မာနိုင်ငံသားတွေကို ကျန်းမာရေးစစ်ဆေးမှုတွေ ဆောင်ရွက်နေပါတယ်။ ဒီနေရာမှာ အရေးပေါ်လူနာတင်ယာဉ်တစ်စီး၊ အုပ်ချုပ်မှုယာဉ်နှစ်စီးတို့ အဆင်သင့်ထားရှိပါတယ်။ လတ်တလောအနေနဲ့ ဒီရက်ကတော့ တရုတ်နှစ်သစ်ကူးရှိနေတော့ အဝင် အထွက်နည်းနေပါတယ်" ဟု ပြောကြားသည်။

အလားတူ တရုတ်နိုင်ငံဘက်တွင်လည်း ရောဂါပြန့်ပွားမှုမရှိစေရေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထိန်ချုံးခရိုင် ထိန်ချုံးမြို့မှ ဟိန်းရင်ထန် တရုတ်ပြည်တွင်း နယ်စပ်ဂိတ်အထိ နေရာလေးခုတို့တွင် ရောဂါရှာဖွေစိစစ်ရေးအဖွဲ့ငယ်များ ထားရှိပြီး စစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း အဆိုပါဂိတ်ဝင်/ထွက်သွားလာနေသော ခရီးသွားများထံမှ သိရသည်။

ပန်ဝါနယ်စပ်ဂိတ်နှင့် လွယ်ဂျယ်နယ်စပ်ဂိတ်တို့တွင်လည်း ဌာနဆိုင်ရာအဖွဲ့အစည်းများက ကျန်းမာရေးစစ်ဆေးမှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ယနေ့အထိ သံသယလူနာမတွေ့ရှိသေးကြောင်း ပန်ဝါမြို့ ဆရာဝန်ဒေါက်တာမျိုးအောင်က ပြောကြားသည်။

**မျိုးမြင့်စိုး(ပြန်/ဆက်)**

### ပန်ဆိုင်း(ကြူကုတ်)

ရှမ်းပြည်နယ်မြောက်ပိုင်း ပန်ဆိုင်း(ကြူကုတ်)မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံ အဝင် အထွက်ဂိတ် ကျိန်စန်းကျော့ဂိတ်(ဟိုနောင်ဂိတ်)မှ ပြင်းထန်အဆုတ်ရောင်ရောဂါ(ကိုရိုနာဗိုင်းရပ်စ်)ကူးစက်မှုမရှိစေရေးအတွက် ဝင်/ထွက်သွားလာသူများကို ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီခွဲက ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယပြည်နယ်မှူး ဒေါက်တာနန်းဆိုင်နွမ်းခမ်း ဦးဆောင်သည့် အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးသည်။

တရုတ်နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် ပြင်းထန်အဆုတ်ရောင်ရောဂါကို ရှမ်းပြည်နယ်မြောက်ပိုင်း နယ်စပ်ဂိတ်ပေါက်များမှ ကူးစက်ပြန့်ပွားလာခြင်းမရှိစေရန်အတွက် ဌာနဆိုင်ရာများနှင့် ကျန်းမားရေးဦးစီးဌာနတို့ပူးပေါင်း၍ မြန်မာ-တရုတ်နယ်စပ်ဂိတ်များမှ ဝင်/ထွက် သွားလာသူများကို ဇန်နဝါရီ ၂၆ ရက်မှ ကျန်းမာရေးစစ်ဆေးမှုများ စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

### မောတောင်

မြိတ်ခရိုင် တနင်္သာရီမြို့နယ် ထိုင်း-မြန်မာ နယ်စပ်ဂိတ် မောတောင်မြို့၌ ဇန်နဝါရီ ၂၇ ရက် နံနက် ၈ နာရီမှစ၍ တစ်ဖက်နိုင်ငံမှ ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသားများနှင့် မြန်မာနိုင်ငံသားများအား ပြင်းထန်အဆုတ်ရောင်ရောဂါ (ကိုရိုနာဗိုင်းရပ်စ်)ကူးစက်ပျံ့နှံ့မှု ကြိုတင်ကာကွယ်ရေးအတွက် မောတောင်တိုက်နယ်ဆေးရုံမှ တာဝန်ခံဆရာဝန်နှင့် ပူးပေါင်းအဖွဲ့က ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မောတောင်မြို့ တိုက်နယ်ဆေးရုံမှ တာဝန်ခံဆရာဝန် ဒေါက်တာသီဟအောင် ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ရောဂါစောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုများကို ကွင်းဆင်းဆောင်ရွက်ပေးကြကာ လူစည်ကားရာနေရာများနှင့် နယ်စပ်ဂိတ်များသို့ သွားရောက်သည့်အခါတွင် နှာခေါင်းစည်းကို အသုံးပြု၍ သွားလာကြရန် ခရီးသွားပြည်သူများအား အသိပညာပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးစစ်ခြင်းလုပ်ငန်းအား ပြင်းထန်အဆုတ်ရောင်ရောဂါ ကူးစက်ပြန့်ပွားမှုကာကွယ်ရေးအတွက် ကြိုတင်ဆောင်ရွက်ခြင်း ဖြစ်သဖြင့် နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

၂၈-၁-၂၀၂၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆:၀၀ – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ – Breakfast News
- ၈:၃၅ – စီးပွားရေးစကားဝိုင်း "စီးပွားရေးဝန်းကျင်ကောင်းကို ဖန်တီးခြင်း"(အပိုင်း-၁)
- ၉:၃၅ – မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၂:၃၅ – "မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး ဆော်ရက်(ဘ)ကူးမားနှင့် တွေ့ဆုံမေးမြန်းခန်း"
- ၁၄:၂၀ – Yes or No Talk Show

**ညပိုင်း**

- ၁၆:၂၀ – တက္ကသိုလ်ရာပြည့် ဂုဏ်ပြု Logo (100)+တက္ကသိုလ်ရာပြည့်ဂုဏ်ပြုအစီအစဉ် (Promo)
- ၁၆:၃၅ – ရှင်သန်ကြိုးစားအနာဂတ်ရဲ့ ကြယ်လေးများ (အပိုင်း-၁) "အဆိုတော်ကြီးဖြစ်ချင်သူ"
- ၁၈:၂၀ – ရုပ်ရှင်ရာပြည့်(Promo)
- ၁၈:၄၀ – ဥပဒေစကားဝိုင်း "ဆက်သွယ်ရေးဥပဒေ အကြောင်း သိကောင်းစရာ"
- ၁၉:၁၅ – တက္ကသိုလ်ရာပြည့် ဂုဏ်ပြု Logo(100)+တက္ကသိုလ်ရာပြည့်ဂုဏ်အစီအစဉ် (Promo)
- ၁၉:၂၀ – နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (အပိုင်း- ၂၅)(၂) (ကျာလျှံ တိတ်တိတ်ပုန်း အမြောင်မယားထားခြင်း)(၂)
- ၁၉:၄၅ – တက္ကသိုလ်ရာပြည့် ဂုဏ်ပြုတေးများ
- ၂၀:၀၀ – ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀:၃၅ – "ICJ ၏ကြားဖြတ်စီမံဆောင်ရွက်ချက်ချမှတ်ခြင်းဆိုင်ရာ အတွေ့အကြုံများ"
- – စီးပွားရေးစကားဝိုင်း "စီးပွားရေးဝန်းကျင်ကောင်းကို ဖန်တီးခြင်း" (အပိုင်း-၂)
- – နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာခေါက်ဆွဲ" (အပိုင်း-၂၉)

## ဆောင်းရာသီကာလ အသက်ရှူလမ်းကြောင်းရောဂါများဆိုင်ရာ ကျန်းမာရေးအသိပေးနှိုးဆော်

ဆောင်းရာသီကာလအတွင်းတွင် အအေးမိခြင်း၊ တုပ်ကွေးရောဂါဖြစ်ပွားခြင်း၊ လေပြွန်ရောင်ရမ်းခြင်း၊ ဓာတ်မတည့်မှုကြောင့် နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ ရင်ကျပ်ခြင်းနှင့် အဆုတ်ရောင်ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ အဖြစ်များလေ့ရှိပါသည်။

**ရောဂါလက္ခဏာများ**

အဓိကဖြစ်ပွားတတ်သော ရောဂါလက္ခဏာများမှာ –

- ဖျားခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်နှင့် အထက်ရှိခြင်း)၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ချမ်းတုံခြင်း၊ ကိုယ်လက်ကိုက်ခဲနာကျင်ခြင်းတို့ ဖြစ်ကြပါသည်။

**ရောဂါကူးစက်ပုံ**

- ချောင်းဆိုးခြင်းနှင့် နှာချေခြင်းမှတစ်ဆင့် တုပ်ကွေးရောဂါပိုးအပါအဝင် ရောဂါပိုးများ လေထဲသို့ရောက်ရှိပြီး အသက်ရှူလမ်းကြောင်းမှတစ်ဆင့် တိုက်ရိုက်ကူးစက်ပျံ့နှံ့စေခြင်းနှင့် အရာဝတ္ထုများ၌ ထိကပ်နေသော ရောဂါပိုးများအား လက်နှင့် ကိုင်တွယ်ထိတွေ့ရာမှတစ်ဆင့် ရောဂါကူးစက်နိုင်ပါသည်။

**ရောဂါကာကွယ်ခြင်းနည်းလမ်းများနှင့် လိုက်နာဆောင်ရွက်ရန်အချက်များ**

- နှာချေ၊ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ခြင်း၊
- လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောခြင်း၊
- တစ်ကိုယ်ရေသန့်ရှင်းမှု ဂရုပြုဆောင်ရွက်ခြင်း၊
- ကောင်းစွာ အိပ်စက်အနားယူခြင်း၊
- အာဟာရပြည့်ဝသည့် အစားအစာများ စားသုံးခြင်း၊
- ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ခြင်း။

အထက်ဖော်ပြပါ ရောဂါလက္ခဏာများ တွေ့ရှိသည်ဟု ယူဆပါက နီးစပ်ရာ ကျန်းမာရေးဝန်ထမ်းများထံ သတင်းပို့၍ကုသမှုခံယူပါ၊ အခြားသူများထံသို့ ရောဂါမကူးစက်စေရန် နှာခေါင်းနှင့်ပါးစပ် လုံခြုံအောင်ဖုံးအုပ်ထားသော မျက်နှာဖုံးအကာအကွယ်ကို အသုံးပြုပါ၊ အလုပ်မှ အနားယူပါ၊ လူစုလူဝေးရှိရာအရပ်သို့ သွားရောက်ခြင်းအား ရှောင်ကြဉ်ပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## လွိုင်ကော်၊ ဟိုပုံးနှင့် မိုင်းတုံမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၆ ရက် ညနေ ၅ နာရီခွဲက လွိုင်ကော်မြို့နယ် ထီးစဲခါးကျေးရွာ ထီးစဲခါးတံတား ဆီဆိုင်-လွိုင်ကော် ကားလမ်းတွင် စိုင်းဝင်း မောင်းနှင်ပြီး စိုင်းကျော်လှ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၊ ဖုန်း နှစ်လုံးတို့ကို လည်းကောင်း။



ဆန်ပန်းအောင်အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် ဟိုနမ့်ကျေးရွာ(ဟိုပုံးရေထွက်ကြီး)အနီး ဟိုပုံး-လွိုင်လင် ကားလမ်းတွင် ဆန်ပန်းအောင် မောင်းနှင်လာသည့် ကရောင်းယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းတုံမြို့နယ် နားကောင်းမူကျေးရွာနေ မယ်ထောက်(ခ) ဒေါ်နန်းဥ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၀၀၊ ဘိန်းဖြူ ၀ ဒသမ ၀၁၅ ကီလို၊ ထိုင်းဘတ်ငွေ ၂၄၀၀ ကို လည်းကောင်း၊ အလားတူ မိုင်းတုံမြို့နယ် နားကောင်းမူကျေးရွာနေ မအီမွန်း၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၅၀၊ ဘိန်းဖြူ ၀ ဒသမ ၀၀၀၅ ကီလိုနှင့် ထိုင်းဘတ်ငွေ ၃၅၀၀ တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၂၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၅၂ စီး၊ သွင်းကုန် ၁၃၉၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၅၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၆ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းက ဖမ်းဆီးမှုတစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၃ သန်း တန်ဖိုး ရှိ Cheer Beer (30 Pkg) အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ငွေဆောင်မြို့၌ တောဆင်ရိုင်းတစ်ကောင် သေဆုံးလျက်တွေ့ရှိ

**ငွေဆောင် ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ ရှောက်ပင်ချောင်းကျေးရွာ တောင်ဘက်သုံးမိုင်ခန့် တောတွင်း၌ ယမန်နေ့ ည ၁၀ နာရီခွဲက ဆင်တစ်ကောင် သေဆုံးနေကြောင်း သတင်းရရှိသဖြင့် ပူးပေါင်းအဖွဲ့က ယနေ့ နံနက်တွင် သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့သွားရောက်စစ်ဆေးစဉ် ပုသိမ် - ငွေဆောင် ကားလမ်းဘေး တောတွင်း၌ ရေခန်းနေသည့် စမ်းချောင်းအနီးတွင် ဟိုင်းဆင်အထီးတစ်ကောင်အား ပြင်ပဒဏ်ရာမရှိ၊ ဝမ်းဗိုက်ဖောရောင်ပြီး သေဆုံးလျက်ရှိကြောင်း တွေ့ရသည်။ အဆိုပါ တောဆင်ရိုင်းသေဆုံးရသည့်အကြောင်းရင်းကို သိရှိနိုင်ရေးအတွက် မြန်မာ့သစ်လုပ်ငန်းမှ ဆင်ဆရာဝန်များ၊ သစ်တောဦးစီးဌာနနှင့် သစ်တောရဲတပ်ဖွဲ့များမှ ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မူမူ(ပြန်/ဆက်)**


တွေ့လျှင်လျှပ်စစ်ရုံးသို့အကြောင်းကြားရန်

လျှပ်စစ်ကျွမ်းကျင်မှုလက်မှတ်မရှိဘဲ ဓာတ်အားလိုင်းများပြုပြင်ဆောင်ရွက်ခြင်း၊အိမ်တွင်းလျှပ်စစ်လုပ်ငန်းများဆောင်ရွက်ပြုပြင်ခြင်း။



# အီရန်ခရီးသည်တင်လေယာဉ် ပြေးလမ်းချော်ပြီး အဝေးပြေးလမ်းမပေါ်တွင် ရပ်တန့်

**တီဟီရန် ဇန်နဝါရီ ၂၇**
အီရန် ခရီးသည်တင်လေယာဉ်တစ်စင်းသည် ဇန်နဝါရီ ၂၇ ရက်က အနောက်တောင်ပိုင်းမြို့တော် ဘန်ဒါအီ မက်ရှိဟာလေဆိပ်သို့ ဆင်းသက်စဉ် ပြေးလမ်းချော်ပြီး အနီးအနားရှိ အဝေးပြေးလမ်းမပေါ်သို့ ရောက်ရှိသွားကြောင်း၊ သေကျေဒဏ်ရာရရှိသူမရှိကြောင်း နိုင်ငံပိုင်သတင်းဌာနတွင် ဖော်ပြခဲ့သည်။

မက်ရှိဟာလေဆိပ်သို့အရောက်တွင် လေယာဉ်မှူးသည် အချိန်နောက်ကျမှ ဆင်းသက်ခဲ့သည့်အတွက် ပြေးလမ်းနှင့်လွဲချော်သွားခဲ့ကြောင်း ခူဇတ်စတန်ပြည်နယ် လေကြောင်းအုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့ကပြောသည်။ လေယာဉ်မှာ ပြေးလမ်းကိုကျော်လွန်ပြီး လေဆိပ်အနီးရှိ အဝေးပြေးလမ်းမပေါ်တွင် ရပ်တန့်သွားကြောင်း သိရသည်။

ယင်းလေယာဉ်သည် အီရန်အမျိုးသားလေကြောင်းလိုင်းပိုင် လေယာဉ်ဖြစ်ပြီး တီဟီရန်ရှိ ဟီဟရာဘတ်လေဆိပ်မှ ထွက်ခွာလာခဲ့ခြင်းဖြစ်ပြီး လေယာဉ်ပေါ်တွင် လေယာဉ်အမှုထမ်းများ အပါအဝင် ခရီးသည် ၁၃၅ ဦးပါဝင်လာခဲ့ကြောင်း သိရသည်။

လူအားလုံးဘေးကင်းလုံခြုံမှုရှိကြောင်း နိုင်ငံပိုင်ရုပ်သံတွင်ဖော်ပြထားသည်။ ယခုဖြစ်ရပ်ကို စုံစမ်းသွားမည်ဟုလည်း အီရန်လေကြောင်း အာဏာပိုင်အဖွဲ့က ပြောသည်။

အေအက်ဖ်ပီ



အဝေးပြေးလမ်းမပေါ်သို့ ရောက်ရှိသွားသည့်လေယာဉ်ကို တွေ့ရစဉ်။

## သံမဏိတင်ပို့ကုန်များအပေါ် အခွန်တိုးကောက်ခြင်းမပြုရန် အမေရိကန်ဆုံးဖြတ်ချက်ကို အာဂျင်တီးနားကြိုဆို

**ဝါရှင်တန် ဇန်နဝါရီ ၂၇**
တောင်အမေရိက နိုင်ငံများမှ သံမဏိနှင့် အလူမီနီယံတင်ပို့ကုန်များအပေါ် အခွန်တိုးကောက်ခံခြင်းမပြုရန် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ ဆုံးဖြတ်ချက်ကို အာဂျင်တီးနားနိုင်ငံက ကြိုဆိုလိုက်ကြောင်း သိရသည်။

သမ္မတထရမ့်သည် ပြီးခဲ့သည့် ဒီဇင်ဘာလက သံမဏိနှင့် အလူမီနီယံတင် ပို့ကုန်များအပေါ် အခွန်တိုးမြှင့် ကောက်ခံမည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့သည်။ အရေးယူပိတ်ဆို့ခြင်းခံရမည့် နိုင်ငံများ စာရင်းပေါ်ထွက်လာခဲ့ပြီဖြစ်ပြီး အဆိုပါ စာရင်းထဲတွင် အာဂျင်တီးနားနိုင်ငံ ပါဝင်ခြင်းမရှိကြောင်း အာဂျင်တီးနား နိုင်ငံခြားရေးဝန်ကြီး ဖိလစ်ပီဆိုလာက ဇန်နဝါရီ ၂၇ ရက်တွင် Radio 10 သတင်းနှင့် တွေ့ဆုံမေးမြန်းခဲ့မှုအတွင်း ပြောကြားခဲ့သည်။

သံမဏိနှင့် အလူမီနီယံတင်ပို့ကုန်များအပေါ် အခွန်တိုးကောက်ခြင်းမပြုတော့ရန် အမေရိကန်သမ္မတ၏ ဆုံးဖြတ်ချက်အပေါ် ကျွန်ုပ်တို့ လွန်စွာကျေနပ် ပျော်ရွှင်မိကြောင်း အာဂျင်တီးနားသမ္မတ အယ်လ်ဘတ်တို ဖာနန်ဒက်ဇ်က C5N ရုပ်မြင်သံကြားနှင့် တွေ့ဆုံမေးမြန်းခဲ့မှုအတွင်း ပြောကြားခဲ့သည်။

အေအက်ဖ်ပီ

# နီပေါနိုင်ငံ၏ အောက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဆက်ကိုတာအား ရွေးချယ်တင်မြှောက်



အောက်လွှတ်တော်ဥက္ကဋ္ဌသစ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသူ အဂ္ဂနီပရာဆတ် ဆက်ကိုတာ။

**ခတ္တမန္ဒူ ဇန်နဝါရီ ၂၇**
နီပေါနိုင်ငံတွင် လက်ရှိအာဏာရ နီပေါကွန်မြူနစ်ပါတီ၏ အကြီးတန်းခေါင်းဆောင် အဂ္ဂနီ ပရာဆတ် ဆက်ကိုတာအား နီပေါအောက်လွှတ်တော် ဥက္ကဋ္ဌသစ်အဖြစ် ဇန်နဝါရီ ၂၆ ရက်က ရွေးချယ်တင်မြှောက်လိုက်ကြောင်း သိရသည်။

ဇန်နဝါရီ ၂၆ ရက်က အောက်လွှတ်တော်အစည်းအဝေး၌ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည့် အောက်လွှတ်တော် အကြီးတန်းအဖွဲ့ဝင် မဟန်သာ သာကာက ဆက်ကိုတာအား ဖက်ဒရယ်ပါလီမန် အောက်လွှတ်တော်၏ ဥက္ကဋ္ဌသစ်အဖြစ် ကြေညာခဲ့သည်။ ဆက်ကိုတာသည် အဆိုပါရာထူးနေရာအတွက် အာဏာရပါတီ၏ ယခင်ဥက္ကဋ္ဌလည်းဖြစ် လက်ထောက်ပါလီမန်ခေါင်းဆောင်လည်းဖြစ်သည့် စူဘက်ရှ် ချိန်ဒရာ နမ်ဘန်က ဆက်ကိုတာအား အောက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ရန် အဆိုပြုခဲ့သည်။

နီပေါ အောက်လွှတ်တော်ဥက္ကဋ္ဌဟောင်း ကရစ်ရှုနား ဗဟာဒူးမဟာရာအား ဖြုတ်ချခဲ့ပြီးနောက် ပြီးခဲ့သည့်အောက်တိုဘာလမှစတင်ကာ အောက်လွှတ်တော် ဥက္ကဋ္ဌနေရာတွင် လစ်လပ်နေခဲ့ရာမှ ယခုတစ်ဖန် ဆက်ကိုတာအား ရာထူးခန့်အပ်ခဲ့သည်။

ဆင်ဟွာ

# အီရတ်နိုင်ငံရှိ အမေရိကန်သံရုံးကို ဒုံးကျည်သုံးစင်း ထိမှန်

**ဘဂ္ဂဒက် ဇန်နဝါရီ ၂၇**
အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်ရှိ အမေရိကန်သံရုံးကို ဇန်နဝါရီ ၂၆ ရက်က ဒုံးကျည်သုံးစင်း ထိမှန်ခဲ့ကြောင်း သိရသည်။

အီရတ်နိုင်ငံတစ်လွှားတွင် အစိုးရဆန့်ကျင်ဆန္ဒပြမှုများ ပေါ်ပေါက်ပြီးနောက် ယခုတစ်ကြိမ်သည် ပထမဆုံးအကြိမ်အဖြစ် အမေရိကန်သံရုံးကို ထိမှန်ခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သည့်လအတွင်းကလည်း အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ တပ်ဖြန့်ချထားရာစခန်းများနှင့် အမေရိကန်သံရုံးကို ပစ်မှတ်ထားကာ တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။

ယခုတစ်ကြိမ် တိုက်ခိုက်ခံရမှုမှာ မည်သည့် အဖွဲ့အစည်းဖြစ်သည်ကိုမူ မသိရသေးပေ။ သို့သော် အမေရိကန်ကမူ အီရတ်ရှိ အီရန်က ထောက်ပံ့ပေးထားသည့် အဖွဲ့များ၏ လက်ချက်ဖြစ်သည်ဟု ထပ်ခါထပ်ခါ အပြစ်တင်ခဲ့သည်။ ဇန်နဝါရီ ၂၆ ရက် ညပိုင်းတွင် ဒုံးကျည် တစ်စင်းမှာ အမေရိကန်သံရုံး ကော်ဖီဆိုင်သို့ ထိမှန်ခဲ့ကြောင်း၊ နောက်ထပ် ဒုံးကျည်နှစ်စင်းမှာလည်း အနီးအနားဝန်းကျင်သို့ ကျရောက်ခဲ့ကြောင်း၊ လုံခြုံရေး သတင်းအရင်းမြစ်တစ်ခုက အေအက်ဖ်ပီသို့ ပြောသည်။

လူတစ်ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်အဆင့်မြင့်အရာရှိတစ်ဦးက အေအက်ဖ်ပီသို့ ပြောသည်။ ဒဏ်ရာရရှိမှုပြင်းထန်ခြင်း ရှိ မရှိနှင့် သံရုံးတွင် တာဝန်ထမ်းဆောင်နေသည့် အီရတ်နိုင်ငံသား ဒဏ်ရာရရှိခြင်း သို့မဟုတ် အမေရိကန်နိုင်ငံသား ဒဏ်ရာရရှိခြင်းလား ဆိုသည်ကိုမူ မသိရသေးပေ။ အမေရိကန်သံရုံးမှလည်း ဖြေကြားခဲ့ခြင်းမရှိပေ။ သံရုံးအဆောက်အအုံကို အီရတ်အစိုးရမှ အကာအကွယ်ပေးရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက တောင်းဆိုခဲ့သည်။ သံရုံးတိုက်ခိုက်ခံရမှုကို အီရတ်ဝန်ကြီးချုပ် အဗ္ဗဒယ် အဗ္ဗဒယ် မက်ဒီနှင့် ပါလီမန်ဥက္ကဋ္ဌ မိုဟာမက် ဟယ်ဘူစီကလည်း ရှုတ်ချခဲ့ပြီး အီရတ်နိုင်ငံကို စစ်ပွဲအတွင်းသို့ ဆွဲခေါ်သွားခြင်းဟု ပြောကြားခဲ့သည်။

အီရတ်နိုင်ငံ မြောက်ပိုင်းတွင် အမေရိကန်ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦး အသတ်ခံရစဉ်ကလည်း အမေရိကန်သည် ပြန်လည် လက်တုံ့ပြန်သည့်အနေဖြင့် အီရန်က ထောက်ပံ့ပေးထားသည့် အဖွဲ့များကို ပြန်လည်တိုက်ခိုက်ခဲ့ဖူးသည်။

အေအက်ဖ်ပီ



ဆန္ဒပြသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲနေစဉ်။

## အာဖဂန်၌ လူ ၈၀ ကျော်လိုက်ပါလာသည့် ဘိုးရင်းခရီးသည်တင်လေယာဉ်ပျက်ကျ

**ကဘူးလ် ဇန်နဝါရီ ၂၇**
အာဖဂန်၌ နိုင်ငံပိုင် Ariana Afghan လေကြောင်းလိုင်းမှ ဘိုးရင်းဂျက်လေယာဉ်တစ်စင်းသည် ဇန်နဝါရီ ၂၇ ရက်က အာဖဂန်နိုင်ငံအလယ်ပိုင်း ဂါဇီဒေသတွင် ပျက်ကျမှုဖြစ်ပွားခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။ ခရီးသည်တင်လေယာဉ်ပေါ် ၌ လူ ၈၃ ဦး လိုက်ပါလာခဲ့ပြီး လေယာဉ်သည် နည်းပညာပိုင်းဆိုင်ရာ အကြောင်းတစ်ခုကြောင့် မီးစွဲလောင်ကာ ပျက်ကျသွားခဲ့ကြောင်း ဒေသအာဏာပိုင်များက ဖော်ပြခဲ့သည်။ ဘိုးရင်းဂျက်လေယာဉ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၁နာရီ ၁၀ မိနစ်တွင် ပျက်ကျသွားခဲ့ခြင်းဖြစ်ပြီး ထိခိုက်သေဆုံးသူ မည်မျှရှိသည်ကို မသိရသေးကြောင်း အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။ လေယာဉ်ပျက်ကျမှုဖြစ်ပွားသည့်နေရာသည် တာလီဘန်တို့ ထိန်းချုပ်ထားသည့် နယ်နိမိတ်ဖြစ်ကြောင်း သိရသည်။

အေအက်ဖ်ပီ

## အိန္ဒိယနိုင်ငံ၌ ကျောင်းကားတစ်စီး မတော်တဆ တိမ်းမှောက်မှုကြောင့် ကလေးငယ် ၂၀ ထက်မနည်း ဒဏ်ရာရ

**နယူးဒေလီ ဇန်နဝါရီ ၂၇**
အိန္ဒိယနိုင်ငံတောင်ပိုင်း တမီနာဒူးလ်ပြည်နယ်၌ ဇန်နဝါရီ ၂၇ ရက်က ကျောင်းကားတစ်စီး မတော်တဆတိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ကလေးငယ် ၂၀ ထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ကျောင်းကားတိမ်းမှောက်မှုသည် တမီနာဒူးလ်ပြည်နယ် မြို့တော် ချန်နိုင်းအနောက်တောင်ပိုင်းမှ ၄၅၀ ကီလိုမီတာအကွာခန့်ရှိ မဒူရိုင်၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ကျောင်းကားတိမ်းမှောက်မှုတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ကျောင်းသားကလေးငယ်များကို အခင်းဖြစ်ပွားရာနှင့် အနီးဆုံးရှိ ကျန်းမာရေးဝန်ဆောင်မှုဌာနများသို့ အမြန်ဆုံးပို့ဆောင်ခဲ့သည်။

ကျောင်းသို့သွားရာလမ်းပေါ်တွင် မတော်တဆဖြစ်ပွားကာ ကျောင်းကားတိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောခဲ့ သည်။ ကျောင်းကားတိမ်းမှောက်မှုကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများဆောင်ရွက်လျက်ရှိသည်။

ဆင်ဟွာ

# မြို့တွေကို အဝင်အထွက်လုံးဝ ပိတ်လိုက်တာက ဝူဟန်ရောဂါကူးစက်မှုကို တားဆီးနိုင်ပါ့မလား

**ထွန်းသစ်စ**

**လူ့သမိုင်းမှာ ရောဂါဖြစ်တဲ့သူတွေကို ပမာဏအများဆုံးသီးသန့်ခွဲထားတယ်ဆိုတဲ့ လုပ်ဆောင်ချက်ဟာ မကြုံစဖူးထူးကဲလှပါတယ်။ အဲဒီလို လုပ်ဆောင်လိုက်ခြင်းဖြင့် ဖြစ်ပွားနေတဲ့ရောဂါကို တားဆီးကာကွယ်နိုင်မယ်လို့တော့ သေချာပြောလို့မရသေးပါဘူး။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ကောင်းမွန်တဲ့လုပ်ဆောင်ချက်တစ်ခုလို့တော့ ဆိုရမှာဖြစ်ပါတယ်။**



ကာကွယ်ရေးဝတ်စုံများ ဝတ်ဆင်ထားသော ကျန်းမာရေးဝန်ထမ်းများကို ဝူဟန်ကြက်ခြေနီဆေးရုံတွင် တွေ့ရစဉ်။

### တိကျတဲ့အဖြေမထွက်ပေါ်သေး

တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ်ရဲ့ ဝူဟန်မြို့တော်မှာ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပေါ်နေတာကို တုံ့ပြန်တဲ့အနေနဲ့ တရုတ်အစိုးရဟာ အဲဒီမြို့နဲ့ တခြားမြို့အတော်များများကို ပြင်ပကမ္ဘာနဲ့ အဆက်အသွယ်လုံးဝ ဖြတ်တောက်လိုက်ပါတယ်။ ဒီလိုလုပ်ဆောင်လိုက်ခြင်းဖြင့် အဲဒီမြို့တွေမှာ နေထိုင်တဲ့ ခန့်မှန်းလူဦးရေ ၅၆ သန်းကို ရောဂါခြေချုပ်နဲ့ထားလိုက်သလို ဖြစ်ခဲ့တာပါ။

တခြားနိုင်ငံအစိုးရတွေလည်း အခုလိုဆောင်ရွက်မှုတွေ လုပ်ဆောင်ခဲ့ကြပါတယ်။ ဟောင်ကောင်ဟာဆိုရင် ဝူဟန်မြို့တည်ရှိရာ ဟူဘေးပြည်နယ်က လာတဲ့ခရီးသွားတွေအားလုံးကို တားမြစ်လိုက်ပါတယ်။ ဗိုင်းရပ်စ်ကူးစက်ခံရသူတွေကို သီးသန့်ခွဲထားပြီး စောင့်ကြည့်စစ်ဆေးမှုတွေ လုပ်ဆောင်ဖို့ အပန်းဖြေရွာနှစ်ရွာမှာ ရောဂါခြေချုပ်စင်တာတွေကိုလည်း ဖွင့်လှစ်ပေးထားလိုက်ပါတယ်။

တရုတ်နိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင်မှ တာဝန်ရှိသူ ဇောင်နန်ရှန်က အစက်ကလေးတစ်စက်လို ပျံ့နှံ့နိုင်တဲ့ ဗိုင်းရပ်စ်တွေကို တားဆီးဖို့ အကောင်းဆုံးနည်းလမ်းကတော့ သီးသန့်ခွဲခြားမှုလုပ်ဆောင်ခြင်းပါပဲလို့ ပြောကြားလိုက်ပါတယ်။ အဲဒီလိုလုပ်ခြင်းဟာ အလုပ်ဖြစ်ရဲ့လားဆိုတာကတော့ အခုချိန်အထိ တိကျတဲ့အဖြေ မထွက်ပေါ်လာသေးပါဘူး။

### ပြည်သူ့ကျန်းမာရေးကို ခြိမ်းခြောက်လာ

လူပေါင်း ၁၉ သန်းကျော်နေထိုင်တဲ့ ဝူဟန်မြို့မှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရတယ်လို့ ယုံကြည်ရတဲ့ လူနာတွေနဲ့ ဆေးဘက်ဆိုင်ရာအခြားပြဿနာရှိနေသူတွေဟာ ဆရာဝန်တွေကိုတွေ့ဖို့ အခက်အခဲတွေဖြစ်နေပါတယ်။ ဆိုတဲ့သဘောကတော့ ဆရာဝန်မလောက်တဲ့ပြဿနာဟာ အခုလို အချိန်မျိုးမှာရင်ဆိုင်ရတဲ့ အဆိုးရွားဆုံး ကိစ္စတစ်ခုဖြစ်ပါတယ်။ ဒေသခံတွေဟာ လူမှုမီဒီယာတွေပေါ်မှာ ပြည့်စုံတဲ့ ကျန်းမာရေးစောင့်ရှောက်မှုမရတဲ့အပေါ် ဝေဖန်မှုတွေ ပြုလုပ်နေကြပါတယ်။ ကျန်းမာရေးအာဏာပိုင်တွေအပေါ် မယုံကြည်မှုတွေလည်း မြင့်တက်လျက်ရှိပါတယ်။

ဆေးရုံမှာလူတွေပြည့်ကျပ်နေတာကြောင့် မကျန်းမာဟုယူဆရသူတွေနဲ့ ကျန်းမာသူတွေ ရောနှောကုန်ပါတယ်။ အဲဒီလိုအခြေအနေဟာ ဗိုင်းရပ်စ်ပျံ့နှံ့မယ့်အခြေအနေတွေကို ပိုမိုဖန်တီးပေးနေသလိုပါပဲ။ တချို့လူတွေဟာ အခုလိုအခြေအနေဆိုးတွေဖြစ်နေတဲ့ မြို့ကနေလွတ်မြောက်ပြီး ဒီထက်ပိုမိုစိတ်ချရတဲ့နေရာတွေကိုသွားဖို့ ကြိုးစားနေကြပါတယ်။

ဝူဟန်မြို့က အမျိုးသမီးတစ်ယောက်ဟာ သူ့ရဲ့ တရုတ်နှစ်သစ်ကူးခရီးသွားအစီအစဉ်ကို မစွန့်လွှတ်နိုင်ဘဲ မရရအောင်သွားဖို့ ကြိုးစားခဲ့ပါတယ်။ သူဟာ သူ့ရဲ့ အဖျားကျဖို့အတွက် အဖျားကျဆေးသောက်ပြီး ကျန်းမာရေးစစ်ဆေးမှုကို ကျော်လွှားနိုင်ခဲ့ပါတယ်။ ဒီလိုနဲ့ပဲ သူဟာ ပြင်သစ်ကို ရောက်ရှိခဲ့တယ်လို့ လူမှုမီဒီယာမှာ ဝန်ခံခဲ့ပါတယ်။

အာဏာပိုင်တွေဟာ ဗိုင်းရပ်စ်ပျံ့နှံ့ကူးစက်ခြင်းကို ထိန်းသိမ်းဖို့ သီးသန့်ခွဲခြားမှုတွေလုပ်ဆောင်နိုင်ရေး တင်းကျပ်စွာပိတ်ပင်တားဆီးခြင်းကို မဖြစ်မနေ ပြုလုပ်ကြပါတယ်။ ဒါကိုသိတဲ့အချို့သူတွေဟာ ဒီလိုဆိုးရွားလှတဲ့ အခြေအနေက ကျော်လွှားဖို့ ဖြစ်နိုင်သမျှနည်းလမ်းကို အသုံးပြုပြီး အတတ်နိုင်ဆုံးကြိုးစားကြတဲ့အတွက် သီးသန့်ခွဲခြားမှုလုပ်ဆောင်ခြင်းဟာ အပြည့်အဝတော့ အောင်မြင်တယ်လို့ မဆိုနိုင်ပါဘူး။ အဲဒီလိုလူတွေဟာ တင်းကျပ်တဲ့ တားဆီးမှုတွေကို နည်းလမ်းရှာရှောင်တိမ်းပြီး အလုံပိတ်ထားတဲ့ မြို့က ထွက်ခွာလာနိုင်ခဲ့ပါတယ်။ သူတို့ဟာ ပြင်ပကမ္ဘာကိုရောက်လာတဲ့အခါ ပြည်သူ့ကျန်းမာရေးကို ခြိမ်းခြောက်လာတဲ့ အန္တရာယ်ဖြစ်လာတော့မှာပဲဖြစ်ပါတယ်။

### ရောဂါခြေချုပ်လုပ်ခဲ့တယ်

ဒီလိုရောဂါမကူးစက်စေဖို့ သီးသန့်ခွဲထားတဲ့ဥပဒေ သို့မဟုတ် ရောဂါခြေချုပ်ဥပဒေ (ရက်ပေါင်း ၄၀ ကြာ) ကို ၁၃၇၀ ပြည့်နှစ်လောက်က ပလိပ်ကပ်ရောဂါကိုကာကွယ်ဖို့ အီတလီနိုင်ငံ ဗင်းနစ်မြို့မှာ ပြဋ္ဌာန်းခဲ့ဖူးတာရှိပါတယ်။ ဘယ်လောက်ထိ ထိရောက်ခဲ့သလဲဆိုတာကတော့ လေ့လာမှုတွေ မပြုလုပ်ခဲ့ပါဘူး။ စက်မှုခေတ်တုန်းကလည်း ဥရောပနိုင်ငံတွေဟာ ကူးစက်ရောဂါမပြန့်ပွားစေရေး ပထဝီဝင်နယ်နိမိတ်တွေသတ်မှတ်ပြီး အဝင်အထွက်ကို ပိတ်ဆို့ကာ အစောင့်အကြပ်တွေထားရှိပြီးတောင် ဆောင်ရွက်ခဲ့ကြပါတယ်။ ၁၉ ရာစုကလည်း ဥရောပနဲ့ အမေရိကန်ပြည်ထောင်စုရဲ့ အဓိကမြို့ကြီးတွေမှာ ပင်လယ်ရေကြောင်းခရီးသွားတွေအတွက် ရောဂါမကူးစက်အောင် သူတို့ကို သီးသန့်ခွဲထားတဲ့နေရာတွေ ထားရှိခဲ့ပါတယ်။

၁၈၉၂ ခုနှစ်မှာ ရုရှား-ဂျူး ရွှေ့ပြောင်းအခြေချသူတွေနေထိုင်ရာ နယူးယောက်မြို့ရဲ့ အရှေ့အနိမ့်ပိုင်းဒေသမှာ တိုက်ဖွိုက်ဖြစ်တုန်းကလည်း ရောဂါမကူးစက်အောင် သီးသန့်ခွဲထားမှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ ၁၉၀၀ ပြည့်နှစ်က တရုတ်ရွှေ့ပြောင်းအခြေချသူ အများစုနေထိုင်ရာ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုမြို့မှာရှိတဲ့ တရုတ်တန်းမှာ ပလိပ်ကပ်ရောဂါကူးစက်မှုမှ ကာကွယ်ဖို့ သီးသန့်ခွဲထားတဲ့နေရာလေးတွေကို ဆန်ဖရန်စစ္စကိုအာဏာပိုင်တွေက ပြုလုပ်ပေးခဲ့ပါတယ်။ အဲဒီတုန်းကလည်း ဆရာဝန်အချို့က အသားစားတဲ့သူတွေမှာမဟုတ်ဘဲ ဆန်စားတဲ့သူတွေမှာ ပလိပ်ရောဂါကူးစက်နိုင်တယ်ဆိုပြီး အယူအဆတွေ ကွဲပြားခဲ့ကြပါတယ်။

၁၉၁၈-၁၉၁၉ ခုနှစ်မှာလည်း ကမ္ဘာအနှံ့ဖြစ်ပွားတဲ့ တုပ်ကွေးကူးစက်ရောဂါကြောင့် လူပေါင်း သန်း ၅၀ လောက် သေဆုံးခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်ကလည်း အမေရိကန်ပြည်ထောင်စုမှာ ဆေးမတိုးတဲ့အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါဖြစ်ပွားမှုမှာလည်း ရောဂါကူးစက်ခံရသူလို့ သံသယရှိသူတွေကို သီးသန့်ခွဲထားတာတွေ၊ လူစုလူဝေးဖြစ်ခြင်းကို တားဆီးတာတွေ၊ လမ်းတွေနဲ့ ရထားဘူတာတွေကို ပိတ်ဆို့ခြင်းတွေနဲ့ ကျောင်းတွေကို ပိတ်ခြင်းတွေပြုလုပ်ခဲ့ရပါတယ်။ အဲဒီတုန်းကလည်း လူတွေအတော်များများသေဆုံးခဲ့ပါတယ်။

၂၀၀၉ ခုနှစ်ကလည်း မက္ကဆီကိုနိုင်ငံမှာ $H_1N_1$ တုပ်ကွေးရောဂါကူးစက်မှုဖြစ်ပွားခဲ့ပါတယ်။ အဲဒီမှာလည်း သံသယဖြစ်ဖွယ်ရှိသူတွေကို သီးသန့်ခွဲထားမှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ ကျောင်းတွေကိုလည်းပိတ်ခဲ့ပြီး လူတွေစုဝေးခြင်းကိုလည်း တားဆီးခဲ့ပါတယ်။ အဲဒီလိုလုပ်ဆောင်ခြင်းကြောင့် အသစ်ထပ်မံဖြစ်ပွားမယ့် တုပ်ကွေးရောဂါကူးစက်မှုတွေကို မဖြစ်ပွားအောင် ထိုက်သင့်သလောက် လုပ်ဆောင်နိုင်ခဲ့သော်လည်း သေဆုံးသူ အရေအတွက်ဟာ ၄၂၀၀မှ ၁၂၀၀၀ အထိ ရှိခဲ့ပါတယ်။

### တိုက်တွန်းမှုတွေလုပ်ဆောင်

ယနေ့တရုတ်နိုင်ငံမှာလည်း ဘယ်တုန်းကနဲ့မှမတူတဲ့ သီးသန့်ခွဲခြားမှုတွေကို လုပ်ဆောင်ခဲ့ပါတယ်။ ဒီဖြစ်စဉ်မှာ ၂၀၀၂-၂၀၀၃ ခုနှစ်ကဖြစ်ပွားခဲ့တဲ့ ဆားစ်ရောဂါကို ပြန်လည်အမှတ်ရစေပါတယ်။ ဘယ်ကူးစက်ရောဂါမဆို အစောဆုံးသိရင် ထိရောက်တဲ့ဟန့်တားမှုတွေကို လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ အရေးကြီးတဲ့သတင်းအချက်အလက်ကသာ တိကျတဲ့ဆုံးဖြတ်ချက်ကို ချမှတ်နိုင်မှာဖြစ်ပါတယ်။ အခု ဝူဟန်မှာဖြစ်ပွားနေတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုမှာလည်း အကောင်းဆုံးတားဆီးကာကွယ်နိုင်ဖို့ လုပ်ဆောင်နေကြပါတယ်။ တရုတ်နိုင်ငံဟာ ဒီအရေးမှာ အခြားသောနိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်လုပ်ဆောင်သွားမှာဖြစ်သလို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဒဗလျူအိတ်ချ်အိုကို အကြောင်းကြားခဲ့ပါတယ်။ ဒဗလျူအိတ်ချ်အိုကလည်း အခြေအနေတွေကိုစောင့်ကြည့်နေပြီး ကမ္ဘာ့အရေးပေါ်ကျန်းမာရေးအဆင့်ကြေညာဖို့ စောလွန်းသေးတယ်လို့ ပြောခဲ့ပါတယ်။

ကိုရိုနာဗိုင်းရပ်စ်စတင်ဖြစ်ပွားပြီးနောက် မြို့ကိုပိတ်ပြီးနဲ့ မပိတ်ခင်အခြေအနေမှာ ဝူဟန်မြို့ထဲက လူဦးရေ ငါးသန်းလောက် တခြားနေရာတွေကို ထွက်ခွာခဲ့တယ်လို့ ဒေသဆိုင်ရာအာဏာပိုင်တွေကပြောပါတယ်။ တရုတ်နိုင်ငံကတော့ ပြည်သူတွေအနေနဲ့ စိုးရိမ်စိတ်မဖြစ်ဖို့နဲ့ နေမကောင်း ဖျားနာနေရင် အိမ်ထဲ မှာနေဖို့၊ ကောင်းမွန်စိတ်ချရတဲ့ လက်ဆေးနည်းတွေ လိုက်နာကျင့်သုံးဖို့၊ အသက်ရှူလမ်းကြောင်း ကောင်းမွန်ရေး ဂရုစိုက်ဖို့၊ ရေများများသောက်ဖို့၊ လူထူထပ်တဲ့နေရာတွေမသွားဖို့တွေကို တိုက်တွန်းမှုတွေလုပ်ဆောင်ထားပါတယ်။ ဒါပေမယ့် တချို့သူတွေက ရောဂါမပျံ့နှံ့ရေး မြို့ကိုလုံးဝပိတ်လိုက်သော်လည်း အချိန်နှောင်းနေပြီလို့ ဆိုကြပါတယ်။

**ကိုးကား - နယူးယောက်တိုင်းမ်**

---

**နိုင်ငံတကာသတင်းတိုထွာ**

## ဘရာဇီးနိုင်ငံတွင် ရေကြီးမှုကြောင့် သေဆုံးသူ ၃၇ ဦးရှိလာ

**ရီယိုဒီဂျနေးရိုး ဇန်နဝါရီ ၂၇**

ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူအရေအတွက် မြင့်တက်လျက်ရှိပြီး ယခုအခါ သေဆုံးသူ ၃၇ ဦးအထိရှိလာကြောင်း ဇန်နဝါရီ ၂၆ ရက်က ပြည်သူ့ကာကွယ်ရေးအာဏာပိုင်အဖွဲ့မှ ပြောကြားခဲ့သည်။ ဇန်နဝါရီ ၂၄ ရက်မှစတင်ကာ မိုးအဆက်မပြတ်ရွာသွန်းခဲ့ပြီး ဘီလိုဟော်ရီဇွန်တီမြို့ဝန်းကျင်တွင် လူ ၂၀ ဦးပျောက်ဆုံးလျက်ရှိကြောင်း၊ လူ ၁၂ ဦး ဒဏ်ရာရရှိခဲ့ပြီး လူပေါင်း ၁၃၆၈၇ ဦးကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် လူပေါင်း ၃၃၅၄ ဦးတို့ နေအိမ်များဆုံးရှုံးသွားခဲ့ကြောင်း သိရသည်။ အုပ်ချုပ်ရေးမှူး ရိုမီဇီမားသည် ရေလွှမ်းမိုးမှုခံစားနေရသည့် ဒေသများသို့သွားရောက်ခဲ့ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရန် တောင်းဆိုခဲ့သည်။

**ဆင်ဟွာ**

## ဆူဒန်အစိုးရနှင့် အတိုက်အခံအုပ်စုတို့ ငြိမ်းချမ်းရေးစာချုပ်တွင် လက်မှတ်ရေးထိုး

**ခါတွန် ဇန်နဝါရီ ၂၇**

ဆူဒန်အစိုးရနှင့် ဆူဒန်နိုင်ငံမြောက်ပိုင်းမှ အတိုက်အခံအုပ်စု နှစ်စုတို့ ငြိမ်းချမ်းရေးသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ ဆူဒန်နိုင်ငံမြောက်ပိုင်းမှ ကာ့ဒ်လှုပ်ရှားမှုအဖွဲ့နှင့် မြောက်ပိုင်းသီးခြားအဖွဲ့တို့နှင့် ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ယင်းအဖွဲ့နှစ်ဖွဲ့စလုံးသည် အတိုက်အခံထောက်လှမ်းရေးမဟာမိတ် တပ်ဦးတွင်ပါဝင်သည့် အဖွဲ့များလည်း ဖြစ်သည်။ ငြိမ်းချမ်းရေးစာချုပ်ကို တောင်ဆူဒန်မြို့တော် ဂျူဘားတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သဘောတူစာချုပ်တွင် ဆည်တည်ဆောက်ရေးစီမံကိန်းကြောင့် ပြဿနာဖြစ်ပွားမှုများနှင့် မြေယာဖွံ့ဖြိုးမှုများကိုပါ ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။

**ဆင်ဟွာ**

# သွေးချင်းတို့ရဲ့ပွဲတော်ဆီ ပွဲတော်ကြီးအောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်မြို့ ကျိုက္ကဆံကွင်းတွင် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ ကျင်းပသွားမည့် ဒုတိယအကြိမ်မြောက် "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော်ကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျိုက္ကဆံကွင်းရှိ ကယားအိမ်တော်တွင် ဇန်နဝါရီ ၂၅ ရက်က ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လုံခြုံရေးစီစဉ်ဆောင်ရွက်ထားရှိမှု၊ ဈေးဆိုင်များ စနစ်တကျရောင်းချနိုင်ရန် ပြင်ဆင်ထားရှိမှု၊ ပွဲတော်အတွင်းလာရောက်သည့် ပြည်သူများ လွယ်ကူစွာ ဝင်ထွက်သွားလာနိုင်ရေးအတွက် ပြင်ဆင်ထားရှိမှု၊ ကျန်းမာရေး၊ ပြန်ကြားရေး၊ ဖျော်ဖြေရေး၊ နေထိုင် တည်းခိုရေးနှင့် ကွင်းအတွင်း သန့်ရှင်းရေးပြင်ဆင်ထားရှိမှုများကို စနစ်တကျ ဆောင်ရွက်ထားရန် မှာကြားသည်။

မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးယောဆက်၊ ကယားတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးထွန်းကျော်နှင့် ကော်မတီများမှ တာဝန်ရှိသူများက ပွဲတော်ကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဆပ်ကော်မတီများက မိမိတို့တာဝန်ယူဆောင်ရွက်မည့်ကဏ္ဍများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပွဲတော်ကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ ပေါင်းစပ်ညှိနှိုင်း ပူးပေါင်းလုပ် ဆောင်ကြရန်နှင့် လိုအပ်ချက်များရှိပါက မိမိတို့ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မှာကြားသည်။ ပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ပွဲတော်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုခဲ့ကြသည်။

**ဆန်းကျော်ဦး (ပြန် / ဆက်)**



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း သွေးချင်းတို့၏ပွဲတော်ဆီကျင်းပရန် ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ကလေးစာပေပွဲတော် (ကြံခင်း) ဖွင့်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**ကြံခင်း ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော် (ကြံခင်း)၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၉နာရီက ကြံခင်းမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အခမ်းအနားကို အောင်ကျော်ခန်းမ၌ ဆက်လက်ကျင်းပရာ အ.ထ.က (၁) မှ ကျောင်းသား ကျောင်းသူများက "ကလေးစာပေပွဲတော် Theme Song" သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ မြို့နယ် ကလေးစာပေပွဲတော်ကို ကလေးများ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရသက်ပန်ပညာရှာမှီးသူများဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ဖြစ်လာစေရန်၊ ပညာဗဟုသုတနှင့် လူရည်လူသွေးပါ ပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရန်၊ ကျောင်းနေအရွယ် ကလေးငယ်များ ကလေးစာပေပွဲတော်နှင့် ပတ်သက်၍ ကျယ်ပြန့်စွာ သိရှိပြီး အများစုပါဝင်ဆောင်ရွက်ခွင့် ရရှိစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ကလေးစာပေပွဲတော် (ကြံခင်း) ၌ ခင်းကျင်းပြသထားသည့် ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားများ ပြခန်း၊ ကလေးစာဖတ်ခန်း၊ ပြိုင်ပွဲများ၊ ပညာရေး၊ ရဲတပ်ဖွဲ့၊ စိုက်ပျိုးရေးနှင့် သစ်တော၊ မွေးမြူရေးနှင့် ကုသရေး၊ စည်ပင်သာယာရေးအဖွဲ့၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြခန်း၊ ကျန်းမာရေးနှင့် ကြက်ခြေနီတပ်ဖွဲ့ပြခန်းနှင့် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ပြခန်းများ၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း ၏ Unicode စနစ်ပြောင်းလဲရေး ဝန်ဆောင်မှုပေးခြင်း ဆောင်ရွက်နေမှုများ၊ အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်နေမှု၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၏ မူခင်းအသိပညာပေးယာဉ်ဖြင့် အသိပညာပေးဆောင်ရွက်နေမှုများနှင့် စာအုပ်အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကလေးစာပေပွဲတော်များကို ဆက်လက်ကျင်းပလျက်ရှိရာ ကလေးစာပေပွဲတော် (ကြံခင်း) ကို အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ဇန်နဝါရီ ၂၇ ရက်မှ ၂၈ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ထားဝယ်မြို့၌ မသန်စွမ်းမှုဆိုင်ရာ ဆွေးနွေးပွဲနှင့် အသိပညာပေးသင်တန်းများဖွင့်လှစ်

**ထားဝယ် ဇန်နဝါရီ ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) တို့ ပူးပေါင်း၍ မသန်စွမ်းမှုဆိုင်ရာဆွေးနွေးပွဲနှင့် အသိပညာပေးသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်က ရွှေမင်းသားဖောင်ဒေးရှင်းအနေဖြင့် မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်း၊လူမှုရေး၊ စွမ်းဆောင်နိုင်ရည်နှင် စိတ်ဓာတ်ခွန်အားဖြည့်တင်းပေးခြင်းဆိုသည့်ကဏ္ဍ ကြီးငါးရပ်ကို ဟန်ချက်ညီညီ ဆောင်ရွက်ပေးနေသော အဖွဲ့အစည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းရှိ မသန်စွမ်းသူများ၏ အကျိုးကိုပိုမိုလုပ်ဆောင်နိုင်ရန်အတွက် ရန်ကုန်ရုံးချုပ်အပြင် အထက်မြန်မာပြည်မန္တလေးရုံးနှင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရုံးခွဲ ၁၀ ခုနှင့် အခြေစိုက်စခန်းငါးခု ဖွင့်လှစ်ထားပြီး ယခုအချိန်အထိ မသန်စွမ်းသူ ၁၃၀၀၀ ကျော်တို့၏ ဘဝစိုပြည်လှပရေး ဆောင်ရွက်ပေးနေသည်ကို ဝမ်းသာကြည်နူးမှုဖြစ်ရကြောင်း၊ ရွှေမင်းသား ဖောင်ဒေးရှင်းကဲ့သို့ တနင်္သာရီတိုင်းဒေသကြီးတွင် အခြားသောအဖွဲ့အစည်းများ ပေါ်ထွက်လာစေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့က အားပေးပါကြောင်း ပြောကြားသည်။



ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)ဥက္ကဋ္ဌ ဦးမြတ်သူဝင်းက မသန်စွမ်းမှုဆိုင်ရာ အသိပညာပေးသင်တန်းများ ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်အား အမှတ်တရပန်းချီကား လက်ဆောင်ပေးအပ်သည်။ **(အပေါ်ပုံ)**

ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) မှ ဒေါ်အေးနန္ဒာငွေးက မသန်စွမ်းသူများ ကိုယ့်အားကိုယ်ကိုးလျက် မသန်စွမ်းသူတစ်ဦးချင်း ကိုယ်စီလိုအပ်ချက်များဖြည့်ဆည်းနိုင်ပြီး ပိုမိုကောင်းမွန်သော ကမ္ဘာကြီးနှင့် လူ့အသိုင်းအဝိုင်း တည်ဆောက်ရေးကဏ္ဍတွင် မသန်စွမ်းသူများ ပါဝင်နိုင်ရေးအတွက်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်းနှင့် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) ၏ လှုပ်ရှားဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဌာနဆိုင်ရာများနှင့် ပြည်သူများတွေ့ဆုံ

**ပြည် ဇန်နဝါရီ ၂၇**

ပြည်မြို့နယ် ပေါင်းတလည်မြို့၌ ဇန်နဝါရီ ၂၅ ရက်က ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ အစိုးရဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများ တွေ့ဆုံပွဲကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ကျေးလက်လမ်းတံတား၊ ကုန်ထုတ်လမ်း၊ ဆိုလာပြားဖြင့် မီးလင်းရေး၊ သောက်သုံးရေဖြန့်ဝေမှုတို့ကို ရှင်းလင်းပြောကြားကာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုဦးက ရေဘေးကာကွယ်ရေး တာတမံ ၃၉ ခု တည်ဆောက်ထားပြီး ဒေသခံပြည်သူများလိုက်နာရမည့် ဥပဒေတားမြစ်ချက် ၈ ချက်ကို ကျယ်ကျယ်ပြန့်ပြန့် သိနိုင်အောင်ပြုလုပ်ထားပြီး၊ ရေခွန်များကိုလည်း ပုံမှန်ပေးဆောင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

တက်ရောက်လာသော ဒေသခံပြည်သူများ၏ တင်ပြမေးမြန်းမှုများကိုတာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **မင်းမင်းစိုး(ပြည်)**




# ပူတာအိုမြို့မှ တစ်ရက်ခရီးဖြင့် ရေခဲဆီးနှင်းများကျသည့် ဆန်းလွှတ်ချက်တောင်သို့ သွားလာနိုင်

**ပူတာအို ဇန်နဝါရီ ၂၇**

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း ရေခဲတောင်များစွာရှိသည့်အနက် ယခုနှစ်ဆောင်းရာသီတွင် ပူတာအိုမြို့မှ ရေခဲဆီးနှင်းများ ဖုံးလွှမ်းလျက်ရှိသော ဆန်းလွှတ်ချက်တောင်သို့ ကားလမ်းပေါက်၍ ရေခဲတောင်နှင့် ဆီးနှင်းကြည့်ရှုလိုသူများအတွက် သွားလာမှု အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆန်းလွှတ်ချက်တောင်သည် ပူတာအို-မချမ်းဘော-မဝွေဇ-ခေါင်လန်ဖူးကားလမ်းမပေါ်တွင် ရှိပြီး ပူတာအိုမြို့မှ ကား၊ ဆိုင်ကယ်များဖြင့် ၆ နာရီခန့် မောင်းလျှင် ရောက်ရှိနိုင်သောကြောင့် ယခုနှစ်ဆောင်းရာသီတွင် ပြည်တွင်းခရီးသွားများ လာရောက်လည်ပတ်မှုများရှိကြောင်း ဒေသခံများထံမှ သိရသည်။

"ညမှာ မိုးရွာထားပြီဆိုရင် တောင်ထိပ်ကားလမ်းမတစ်လျှောက်မှာ နှင်းတွေဖုံးလွှမ်းတတ်တယ်။ တစ်နှစ်မှာ လေးခါလောက် နှင်းကျပြီး တော်ရုံနဲ့ အရည်ပြန်မပျော်ဘူး။ အခုဆိုကား၊ ဆိုင်ကယ်တွေ တောင်ထိပ်အထိ သွားလာလို့ အဆင်ပြေပြီဆိုတော့ သွားလည်ဖို့အဆင်ပြေပါပြီ။ ဒေသတွင်းက နေ့ချင်းပြန် လာရောက်လည်ပတ်သူတွေရှိသလို ရန်ကုန်၊ မန္တလေးက ဧည့်သည်တွေကလည်း ဒီမှာတစ်ညအိပ်ပြီး မနက်ပိုင်းမှာ တောင်ထိပ်ကိုတက်၊ နေ့လယ်ပြန်သွားကြတာတွေလည်း ရှိပါတယ်" ဟု တောင်ခြေရှိ ငါ့လုံဒမ်းဘိုတဲစခန်းတွင် ခြောက်နှစ်ကြာဈေးရောင်း၍ နေထိုင်လာသူ ဒေါ်အားညီက ပြောသည်။



ဆန်းလွှတ်ချက်တောင်ပေါ်မှ မြင်တွေ့ရသည့် ရေခဲတောင် ဒေသမြင်ကွင်း။

အမြင့်ပေ ၇၇၀၀ ရှိသော ဆန်းလွှတ်ချက်တောင်တွင် ဒီဇင်ဘာလမှ မတ်လအထိ ဆီးနှင်းများဖုံးလွှမ်းလျက်ရှိပြီး ကားလမ်းမတစ်လျှောက် တစ်ပေနှင့် သုံးပေခန့်အထိ နှင်းထူထပ်စွာကျရောက်လျက်ရှိသည်။

ပူတာအိုဒေသသည် ထင်ရှားသည့် ခါကာဘိုရာဇီ ရေခဲတောင်၊ ဖုန်ကန်ရာဇီ ရေခဲတောင်များနှင့် အခြားသော သဘာဝအလှအပ နေရာများစွာရှိပြီး ယခုကဲ့သို့ ဆောင်းရာသီတွင် ဆီးနှင်းများကျသော ဆန်းလွှတ်ချက်တောင်သည်လည်း ပြည်တွင်း ခရီးသွားများကို ဆွဲဆောင်နိုင်သည့် နေရာတစ်ခု ဖြစ်လာသည်။

ယင်းနေရာသို့ ပူတာအိုမြို့မှ တောင်ခြေ ငါ့လုံဒမ်းဘိုတဲစခန်း အထိ ၈၆ မိုင်နှင့် ယင်းနေရာမှ တောင်ထိပ်သို့ ၇ မိုင်ရှိပြီး တောင်ခြေစခန်းတွင် တည်းခိုစရာ နေရာနှင့် စားသောက်ဆိုင်များလည်းရှိရာ ပူတာအိုမြို့မှ အဆင်ပြေစွာ အလွယ်တကူ သွားလာနိုင်ပြီဖြစ်ကြောင်းနှင့် ခရီးသွားများ လာရောက်စေလိုကြောင်း သိရသည်။

**ဆန်းညွန့် (ပူတာအို)**

## မန်းချောင်း ရေလှောင်တမံ ရေစတင်ပေးဝေ

**ငဖဲ ဇန်နဝါရီ ၂၇**

မင်းဘူးခရိုင် ငဖဲမြို့နယ်ရှိ မန်းချောင်းရေလှောင်တမံဆည်မှ မန်းရွှေစက်တော် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအမီ ယနေ့နံနက်ပိုင်းမှစ၍ မင်းဘူး(စကု)မြို့နယ် အိုင်းမရေလွှဲဆည်သို့ ရေကုဗပေ ၂၀၀ စတင်ရေလွှတ်ပေးနေပြီဖြစ်ပြီး ဇန်နဝါရီ ၂၈ ရက်တွင် ရေကုဗပေ ၂၅၀ အထိ ထပ်မံတိုးမြှင့်ပေးဝေသွားမည် ဖြစ်သည်။

မန်းရွှေစက်တော် မန်းချောင်းတစ်လျှောက် ရေအနည်းငယ်တိုးလာမည်ဖြစ်ကြောင်း၊ ဘုရားဖူးပြည်သူများနှင့် ဈေးဆိုင်ခန်းများ၊ တည်းခိုဆောင်များ အဆင်ပြေစေရေးအတွက် ဘုရားပွဲတော်ကာလတစ်လျှောက် ပုံမှန်ရေပေးဝေသွားမည်ဖြစ်ကြောင်း ငဖဲမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

**မယု(ငဖဲ)**

## ဆိပ်ဖြူမြို့နယ်၌ အသက်ကယ်လှေ စမ်းသပ်မောင်းနှင်

**ဆိပ်ဖြူ ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရှိ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက ရေပြင်ကယ်ဆယ်ရေးနှင့် ရေယာဉ်များ မီးငြိမ်းသတ်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ဖိုက်ဘာဘုတ်ရေယာဉ်ကို ယနေ့နံနက်ပိုင်းက ဧရာဝတီမြစ်အတွင်း ရေချစမ်းသပ်မောင်းနှင် လေ့ကျင့်သည်။

အဆိုပါ ရေယာဉ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ပေးခဲ့ကြောင်း၊ ရေချစမ်းသပ် မောင်းနှင်ခြင်းကို မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးအောင်ဇော်လင်းက ကြီးကြပ်၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး ဝန်ထမ်းအိမ်ရာသစ်ဖွင့်လှစ်

**မန္တလေး ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး ဝန်ထမ်းအိမ်ရာသစ်ဖွင့်ပွဲကို ယမန်နေ့က ချမ်းအေးသာစံမြို့နယ် ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ၆၄ လမ်းနှင့် ၆၅ လမ်းကြားရှိ တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ ပြုလုပ်သည်။

အဆိုပါ ဝန်ထမ်းအိမ်ရာသစ်ကို တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်၊ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးအောင်ဝင်းနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး (ယာပုံ) ဝန်ထမ်းအိမ်ရာအတွင်း လိုက်လံကြည့်ရှုကြသည်။



အဆိုပါ ဝန်ထမ်းအိမ်ရာသည် အာစီလေးခန်းတွဲ လေးထပ်ဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီး ခွင့်ပြုဘဏ္ဍာငွေကျပ် ၂၈၆ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ကာ Myanmar Land & Development Limited က တာဝန်ယူ တည်ဆောက်ခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ် ဧပြီ ၅ ရက်မှ လုပ်ငန်းစတင်ကာ အောက်တိုဘာ ၃၀ ရက်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## စလင်း၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**မကွေး ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မကျီးပင်ပုကျေးရွာ၌ ယမန်နေ့မှစတင်၍ စလင်းရဲတပ်ဖွဲ့က မူခင်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့သည်။

အဆိုပါ ဟောပြောပွဲ၌ စလင်းမြို့မရဲစခန်းမှ ဒုရဲအုပ်ကျော်သက်က ရွာသူ ရွာသားများအား မူးယစ်ဆေးဝါး အန္တရာယ် ကာကွယ်တားဆီးတိုက်ဖျက်ရေးနှင့် လူသတ်မှု၊ မုဒိမ်းမှု၊ သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေးအတွက် မူခင်းအသိပညာပေး ဟောပြောသည်။ ဟောပြောပွဲသို့ မကျီးပင်ပုကျေးရွာ ရာအိမ်မှူး ဦးမြသိန်း နှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇-၁-၂၀၂၀

### ရွှေ

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၅၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၅၂၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၆၀/၉၂၀ | ကျပ် | ၉၁၀/၉၄၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀/၉၃၀ | ကျပ် | ၉၂၅/၉၅၀ | ကျပ် |
| အောက်တိန်း ၉၂ | ၇၆၀/၈၃၀ | ကျပ် | ၈၄၅/၈၉၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၈၀/၉၅၀ | ကျပ် | ၉၇၅/၉၈၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၆၆ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၁၇ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၈၂ . ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၁၇ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၄၄ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၉၅ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၁ . ၃၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၅၂၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၄ . ၅၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၀ . ၆၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၇ . ၇၇၀ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၁၀၀၀ | ၂၆၂၅ | ၂၉၀၈၅၀၀၀ |
| MTSH | ၃၉၀၀ | ၃၉၀၀ | ၁၇၃၀ | ၆၇၄၇၀၀၀ |
| MCB | ၈၁၀၀ | ၀ | ၀ | ၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၄၉၂ | ၁၁၃၁၆၀၀၀ |
| TMH | ၂၈၅၀ | ၂၉၀၀ | ၁၉၆ | ၅၆၈၄၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# အမရပူရ ကျောက်တော်ကြီး နံရံဆေးပန်းချီများ

မောင်သာ(ရှေးဟောင်းသုတေသန)

**မြန်မာနိုင်ငံ အရပ်ရပ်ရှိ ရှေးဟောင်းစေတီပုထိုးများတွင် ခေတ်အဆက်ဆက်ရေးဆွဲခဲ့သည့် နံရံဆေးပန်းချီများ ရှိကြသည့်အနက် အမရပူရမြို့ရှိ ကျောက်တော်ကြီးစေတီလိုဏ်အတွင်း၌ ရေးဆွဲခဲ့သည့် ကုန်းဘောင်ခေတ်နှောင်းပိုင်း လက်ရာပန်းချီများသည် သုတေသီများအကြား၌ အထူးထင်ရှားခဲ့ပေသည်။ မဟာသကျရံသီဟု ဘွဲ့မည်တွင်ကာ တောင်သမန်ကျောက်တော်ကြီးဟုလည်း ထင်ရှားသည့် အမရပူရ ကျောက်တော်ကြီး စေတီတော်သည် တောင်သမန်အင်း၏ အရှေ့ဘက်တွင် တောင်သမန်ရွာနှင့် ထန်းတောရွာအကြား၌ တည်ရှိသည်။**

### မဟာသကျရံသီ

ကျောက်တော်ကြီး ရုပ်ပွားတော်ကို စစ်ကိုင်းမင်းက ထုလုပ်လှူဒါန်းခဲ့ပြီး ရုပ်ပွားတော် သီတင်းသုံးသည့် ဂန္ဓကုဋိတိုက်ကို ပုဂံမင်းက ဆောက်လုပ်လှူဒါန်းခဲ့သည်။ စစ်ကိုင်းမင်းသည် မြန်မာသက္ကရာဇ် ၁၁၈၈ ခုနှစ် တပေါင်းလဆုတ် ၃ ရက် (၁၅- ၃- ၁၈၂၇) တွင် ကြေးဆင်းတုတော်တစ်ဆူ သွန်းလုပ်၍ အင်းဝ မဟာမြတ်မုနိစေတီတော် အနောက်ဘက်ရှိ လေးထပ်ကျောင်းသို့ ပင့်ဆောင်ကိုးကွယ်ခဲ့သည်။ ထို့နောက် စစ်ကိုင်းမင်းသည် ကျောက်ဆင်းတုတစ်ဆူ ထုလုပ်ရန် စကျင်တောင်မှ ကျောက်တော်ကြီးတစ်တုံးကို ပင့်ဆောင်ခဲ့ရာ မြန်မာသက္ကရာဇ် ၁၁၉၂ ခုနှစ် ကဆုန်လဆုတ် ၁၁ ရက် ( ၁၇ - ၅ - ၁၈၃၀) တနင်္လာနေ့တွင် အင်းဝသို့ ရောက်ရှိခဲ့သည်။

ယင်းကျောက်တုံးကြီးကို နေမျိုးစည်သူနှင့် ရွှေတောင်ဇေယျနော်ရထာတို့က ကြီးကြပ်လျက် ဆင်းတုတော်ထုလုပ်ကာ မဟာသကျရံသီဟု ဘွဲ့တော်ပေး၍ ဘုံကျော်ကျောင်းတိုက်ရှေ့ရှိ တန်ဆောင်းတော်သို့ ပင့်ဆောင်ထားရှိ ပူဇော်ခဲ့သည်။

သာယာဝတီမင်းသည် နောင်တော်စစ်ကိုင်းမင်းထံမှ ထီးနန်းရယူခဲ့ပြီးနောက် နန်းမြို့ကို အင်းဝမှ အမရပူရသို့ ပြောင်းရွှေ့ခဲ့သည်။ မြန်မာသက္ကရာဇ် ၁၂၀၈ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၄ ရက် (၁၇ - ၁၁ - ၁၈၄၆) တွင် သားတော် ပုဂံမင်းက ထီးနန်းဆက်ခံခဲ့သည်။ ပုဂံမင်းသည် ဘကြီးတော် စစ်ကိုင်းမင်း ထုလုပ်ခဲ့သည့် ကျောက်တော်ကြီး ဆင်းတုတော်ကို အင်းဝမှ အမရပူရသို့ ပင့်ဆောင်ရန် တောင်သမန်သံတဲ၏ အစွန်တွင် မဟာရံတံတိုင်းနှင့် အုတ်ပြာသာဒ်တစ်ဆောင်ကို အုတ်မြစ်ချခဲ့သည်။

ထို့နောက် မြန်မာသက္ကရာဇ် ၁၂၁၁ ခုနှစ် ဝါခေါင်လဆုတ် ၆ ရက် (၁၈ - ၈ - ၁၈၄၉) တွင် ရုပ်ပွားတော်ကြီးကို အမရပူရသို့ ပင့်ဆောင်၍ ဂန္ဓကုဋိတိုက်တော်၌ ထားရှိပူဇော်ခဲ့ရာ တောင်သမန်ကျောက်တော်ကြီးဟု ထင်ရှားခဲ့သည်။ ၁၂၁၂ ခုနှစ် သီတင်းကျွတ်လဆုတ် ၉ ရက် (၂၉- ၁၀- ၁၈၅၀)တွင် ကျောက်တော်ကြီးရုပ်ပွားတော်ကိန်းဝပ်မည့် ဘုရားအုတ်ရိုး အင်္ဂတေပြီးစီးသဖြင့် ၇ တောင် ၂ မိုက် ၄ သစ် မြင့်၍ အဝ ၂ တောင် ၄ သစ်ကျယ်ပြီး အဝန်း ၆ တောင် ၁ မိုက် ၄ သစ်ရှိသည့် ထီးတော်ကို တင်လှူခဲ့သည်။

### ကျောက်တော်ကြီးဘုရား

ကျောက်တော်ကြီးဘုရားကို ကုလားကျောင်းခံလျက် ကွမ်းတောင် ပေါက်တည်ထားပြီး ကွမ်းတောင်အောက်ရှိ ပစ္စယာထောင့်တစ်ခုစီတွင် စေတီတစ်ဆူနှင့် ကလသာ အိုးသုံးလုံးစီ ထည့်သွင်းတည်ဆောက်ခဲ့သည်။ မုခ်လေးမုခ်ပါရှိသည့် ကုလားကျောင်း လိုဏ်အတွင်းရှိ အလယ်မဏ္ဍိုင်၌ တင်ပျဉ်ခွေ၊ ဘူမိဖဿမုဒြာ စကျင်ရုပ်ပွားတော်ကို ဖူးတွေ့ရပေသည်။



အမရပူရကျောက်တော်ကြီးဘုရားရှိ နံရံဆေးပန်းချီ။

ရုပ်ပွားတော် သီတင်းသုံးနေသည့် လိုဏ်စေတီသည် ဖိနပ်တော် အချင်း ၈၉ တောင်၊ အမြင့် ၇၇ တောင် ၆ မိုက်၊ အာရုံခံလိုဏ် သံတောင် ၂၀၊ လှေကား ၁၀ တောင်၊ ကွန်ကရစ်ကြမ်းခင်း အတောင် ၂၀ ရှိသည်။

ကျောက်တော်ကြီး ရုပ်ပွားတော်၏ ဥဏ်တော်သည် ၁၁ တောင် ၂ မိုက် ၄ သစ်၊ စမ္ဗခဏ်ထိပ် ၈ တောင် ၄ သစ်၊ ထက်ဝယ်တော် ၇ တောင် ၂ မိုက် ၄ သစ်၊ ဒူးတော်နှစ်ဖက် အကျယ် ၄ တောင် ၁ မိုက် ၄ သစ်၊ ပလ္လင်တော်လုံးပတ် ၂၁ တောင် ၁ မိုက် ၄ လေးသစ်၊ လက်မောင်း လုံးပတ်တော် ၃ တောင် ၂ မိုက် ၂ သစ် ဖြစ်သည်။ ဌာပနာ ပစ္စည်းများမှာ ရွှေဆင်းတု ၁၂ ဆူ၊ ငွေဆင်းတု ၃၅၈ ဆူဖြစ်ကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။

တောင်သမန်ကျောက်တော်ကြီး သီတင်းသုံးနေသည့် အုတ်တိုက်ကို ပုဂံရှိ အာနန္ဒာစေတီတော် လိုဏ်ပုံစံ တည်ဆောက်ထားကာ အဝင်မုခ်ပေါက် လေးခု၏ တစ်ဖက်စီတွင် မုခ်ပေါက်ငယ်များပြုလုပ်ထားပြီး ယင်းအပေါက်များမှလည်း လိုဏ်အတွင်းသို့ ဝင်ရောက်နိုင်သည်။

စေတီတော် လိုဏ်အမိုးကို အုတ်တိုင်များဖြင့် အတန်းလိုက် ထောက်ပင့်ထားသဖြင့် အုတ်တိုင်များသည် ပတ်လမ်းနှစ်ခု ခြားထားသည့်နှယ် ဖြစ်နေသည်။ လိုဏ်အတွင်း ပတ်လမ်းအရှေ့တွင် အုတ်ခုံပြုလုပ်၍ ရဟန္တာရုပ်တု ၈၈ ဆူကို ထားရှိ၍ တိုးလျှိုပေါက်နေသည့် အရှေ့နှင့် အနောက်မုခ်ပေါက် အလယ်၌ ပလ္လင်နှင့် ဆင်းတုတော်ကို ထားရှိသည်။

အမိုးများဆင့်ကာ တည်ဆောက်ထားသည့် ကျောက်တော်ကြီး ဘုရားတစ်ထပ် အဆောက်အအုံ ဝင်ပေါက်များ၏ အထက်ပိုင်းကို အင်္ဂတေပန်းခက်များနှင့် လူပျံတော်ရုပ်များဖြင့် တန်ဆာဆင်ထားသည်။ မုခ်တံကဲများတွင်လည်း စေတီ၊ နတ်ရုပ်၊ ခြင်္သေ့၊ ကြေးကွေး၊ မိကျောင်း၊ မကန်းရုပ်များကို ထည့်သွင်းပုံဖော်ထားသည်။ ရင်ပြင်ပေါ်သို့တက်သည့် လှေကားထိပ်တွင် မနုသီဟက မကန်းကို မေးအောက်မှ ထမ်းပိုးထားဟန်ကို ထူးခြားစွာ မြင်တွေ့နိုင်ကြပေသည်။

လိုဏ်အုတ်ပေါင်းကူး၏ မျက်နှာပြင်ကို ချောမွေ့စေရန် ပြုလုပ်ပြီး နံရံဆေးပန်းချီများ ရေးဆွဲထားသည်။ မုခ်ပေါက်လေးခုတွင် ပုဂံမင်း၏ ကုသိုလ်တော်ရုပ်ပုံများကို ရေးဆွဲပြီး အညွှန်းစာသားများလည်း ရေးသားထားသည်။ အမရပူရ၊ အင်းဝ၊ ဥက္ကလာပ၊ ရွှေတောင်၊ ပြည်၊ ကူခန်း၊ စစ်ကိုင်းနှင့် ပုဂံမြို့များတွင် ပုဂံမင်းကြီး လှူဒါန်းခဲ့သည့် ကျောင်း၊ ကန်၊ သိမ် ၊ ဥမင်ပုံများကို ရေးဆွဲထားသည်။ နတ်၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ နက္ခတ်တာရာ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားများနှင့် နန်းတော်သူ၊ နန်းတော်သား၊ လှေပြိုင်ပွဲ၊ သင်္ဘော၊ ဆိုင်းဝိုင်း၊ တောတောင် သစ်ပင်စသည်တို့ကို ဆေးရောင်စုံများ ခြယ်ထားသည်။ ယင်းပုံများကို မူလအနေအထားအတိုင်း နီးပါး ကောင်းမွန်စွာ ထိန်းသိမ်းထားသည်။

### ကျောက်တော်ကြီး နံရံဆေးပန်းချီများ

ကျောက်တော်ကြီးဘုရား ဂန္ဓကုဋိတိုက် မုခ်လေးခုတွင် ရေးဆွဲထားသည့် နံရံဆေးပန်းချီများသည် အနီးအဝေး သုံးဖက်မြင်ပုံများ ဖြစ်ကြသည်။ အဖြူ၊ အနက်၊ အဝါ၊ အနီနှင့် အပြာရင့်ရောင်တို့ကို အသုံးပြု၍ ကောက်ကြောင်းများကို အနီရောင် အသုံးပြုထားသည်။ အရောင်များသည် သဘာဝအရောင်နှင့် ပိုမိုနီးစပ်ကာ အရောင်ရောစပ်မှုများ အားကောင်းသည်။ မြောက်ဘက်မုခ်အနီရောင်တစ်ကြောင်းမျဉ်းဖြင့် ဆွဲထားသည့် ပုံကြမ်းများ ကျန်ရှိနေသည်။

> **“ကျောက်တော်ကြီးဘုရား ဂန္ဓကုဋိတိုက် မုခ်လေးခုတွင် ရေးဆွဲထားသည့် နံရံဆေးပန်းချီများသည် အနီးအဝေး သုံးဖက်မြင်ပုံများ ဖြစ်ကြသည်။ အဖြူ၊ အနက်၊ အဝါ၊ အနီနှင့် အပြာရင့်ရောင်တို့ကို အသုံးပြု၍ ကောက်ကြောင်းများကို အနီရောင် အသုံးပြုထားသည်။ အရောင်များသည် သဘာဝအရောင်နှင့် ပိုမိုနီးစပ်ကာ အရောင်ရောစပ်မှုများ အားကောင်းသည်။ မြောက်ဘက်မုခ် အနီရောင်တစ်ကြောင်းမျဉ်းဖြင့် ဆွဲထားသည့် ပုံကြမ်းများ ကျန်ရှိနေသည်”**

အရှေ့ဘက်မုခ် တောင်ဘက် မျက်နှာကြက်တွင် နတ်၊ ဝိဇ္ဇာ၊ ဇော်ဂျီနှင့် လူများ ပန်းပူဇော်နေပုံ၊ ထန်းတောနှင့် တောင်တန်းများ၊ တံတိုင်းအတွင်းရှိ စေတီ ငါးဆူ၊ ပျက်နေသည့် စေတီ တစ်ခြမ်းပုံတို့ကို ရေးဆွဲထားသည်။

အရှေ့ဘက်မုခ် မြောက်ဘက် မျက်နှာကြက်၌ နီညိုရောင်အောက်ခံတွင် ဆွဲထားသည့် မီးခိုးရောင် ကြာပွင့်အထပ်များကို မြင်တွေ့ရပေသည်။ ထို့အတူ ခြေတော်ရာနှင့် ဘီလူးပန်းဆွဲ၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ လူပျံများ ပန်းတံခွန်များ လှူဒါန်းနေပုံ၊ တံတိုင်းအတွင်းမှ စေတီတော်၊ ကျောင်းဆောင်နှင့် ဆင်းတု၊ ဘုန်းကြီးကျောင်းများ၊ ပဒေသာပင်လှည့်လည်ပုံနှင့် တောတောင်များကို ရေးဆွဲထားသည်။

အနောက်ဘက်မုခ် တောင်ဘက်နံရံတွင် နက္ခတ်တာရာများ၊ နတ်၊ ဝိဇ္ဇာ၊ ဇော်ဂျီနှင့် လူများ ပန်းတံခွန်ပူဇော်နေပုံ၊ တောင်တန်းများနှင့် တံတိုင်းခတ်ထားသည့်စေတီ၊ ပြည်မြို့မှ ရွှေဘုန်းမြင့်နှင့် ရွှေဘုန်းပွင့်စေတီ၊ ပုဂံအာနန္ဒာဘုရား၊ ဇရပ်၊ သစ်သားကျောင်း၊ မြစ်အတွင်းမှ လှေများ၊ ရေတွင်း၊ ဆွမ်းချက်ပုံများ ရေးဆွဲထားသည်။

အနောက်ဘက်မုခ် မြောက်ဘက်နံရံတွင် နက္ခတ်တာရာများ၊ ထန်းပင်များ၊ တောတောင်များ၊ ကုသိုလ်တော်ဘုရားစောင်းတန်း၊ ကူခန်းမြို့ သဲအင်းရွာ ကုသိုလ်တော်ဘုရား၊ အဝမြို့ လောက သရဖူဘုရား မဟာရံတံတိုင်းအတွင်းမှ စေတီအပါအဝင် စေတီများ၊ ကျောင်းဝင်းအတွင်း ဘုရားဖူးများ စခန်းချပုံ၊ ခြင်္သေ့နှင့် ကျားပုံ၊ တောင်ကမ်းပါးယံနှင့် တောတန်းတွင် မုဆိုးများ စခန်း ချနေပုံတို့ကို ရေးဆွဲထားသည်။

တောင်ဘက်မုခ်အရှေ့ဘက်နံရံတွင် နက္ခတ်တာရာများ၊ နတ်၊ ဇော်ဂျီ၊ လူပျံ၊ သူတော်စင်များ၊ တောင်ကုန်းတောင်တန်းများ၊ မဟာဝိဇယရံသီ ဝါဆိုကျောင်း၊ ပုဂံရွှေစည်းခုံ၊ အဝလောကသရဖူ မဟာရံအတွင်းမှ အုတ်ပြာသာဒ်၊ ဆင်များရေချိုးပုံ၊ လှေပြိုင်ပွဲ၊ အုတ်လှေကား ရှစ်စင်းပါကျောင်းပုံတို့ကို ရေးဆွဲထားသည်။

တောင်ဘက်မုခ် အနောက်ဘက်နံရံတွင် ရေးဆွဲထားသည့် ပန်းချီများတွင် နတ်၊ ဇော်ဂျီ၊ လူပျံများ၊ သူယောင်မယ်လုသည့် ဝိဇ္ဇာနှစ်ဦး ဓားချင်းယှဉ် ခုတ်ပုံ၊ တောင်တန်းများ၊ မဟာဝိဇယရံသီ ဝါဆိုကျောင်း၊ ပုဂံရွှေစည်းခုံ၊ အဝလောကသရဖူ မဟာရံအတွင်းမှ အုတ်ပြာသာဒ်၊ ဥက္ကလာပရှိအိမ်တော်ရာဘုရား၊ ကုသိုလ်တော်သိမ်နှင့် ရေကန်၊ တောတောင်နှင့် စာမရီများ၊ ကလေးများ ဆော့ကစားနေပုံ၊ ရှင်ပြုလှည့်လည်ပွဲ၊ အမြောက်တင် သင်္ဘောများ၊ တောတောင်များ၊ အဘိုးကြီးနှစ်ယောက်၊ မြစ်အတွင်းမှ သင်္ဘော၊ ဆင်များ ရေချိုးနေပုံတို့ ပါဝင်သည်။

မြောက်ဘက်မုခ် အရှေ့ဘက်နံရံတွင် နတ်၊ ဇော်ဂျီ၊ လူပျံများ ပန်းတံခွန် ပူဇော်နေပုံ၊ စေတီပုံ၊ ဆွမ်းချက်ဆွမ်းလောင်းပုံ၊ လှေပြိုင်ပွဲ ကျင်းပပုံ၊ အရှေ့ဘက်ဘေးလိုဏ်တွင် နန်းတော်ဆောင်နှင့် နန်းတွင်းသားများ၊ ဆင်၊ မြင်း၊ နွားများပုံတို့ကို ရေးဆွဲထားသည်။

မြောက်ဘက်မုခ် အနောက်ဘက်နံရံတွင် နက္ခတ်တာရာများ၊ နတ်၊ ဇော်ဂျီ၊ လူပျံများ ပန်းတံခွန်ပူဇော်နေပုံ၊ တောတောင်များ၊ ဘုရား တစ်ဆူ၊ တံတိုင်းခတ်ထားသည့် စေတီတစ်ဆူ၊ စစ်ကိုင်းမြို့ ဥမင် ၃၀၊ တံတိုင်းခတ်ထားသည့် ကုလားကျောင်းခံ စေတီတစ်ဆူ၊ အပါအဝင် စေတီများ၊ တောတောင်များ၊ ရသေ့များ တရားကျင့်နေပုံ၊ မုဆိုးများအမဲလိုက်နေပုံ၊ လှေ၊ ဆင်၊ ကျားနှင့် ကျွဲပုံများ ရေးဆွဲထားသည်။

မြောက်ဘက်မုခ် အနောက်ဘက်ဘေးလိုဏ်နံရံတွင် အနက်ရောင်ကောက်ကြောင်း ပန်းချီများ၊ နန်းဆောင်များ၊ ဆိုင်းဝိုင်းနှင့် ပရိသတ်များ၊ နန်းတော်သူ နန်းတော်သားများပုံကို ရေးဆွဲထားပေသည်။

*စာမျက်နှာ ၁၉ သို့*

# ဇောတိရှမ်းမျိုးနွယ်များ၏ စုပေါင်းရှင်ပြုပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မိုးညှင်း ဇန်နဝါရီ ၂၇**
မြန်မာတစ်နိုင်ငံလုံးရှိ ဇောတိရှမ်းမျိုးနွယ်များ၏ သုံးနှစ်တစ်ကြိမ်ကျင်းပသည့် စုပေါင်းရှင်ပြုပွဲကို မိုးညှင်းမြို့ နတ်ကြီးကုန်း (ရှမ်းပိုင်း) ရပ်ကွက်ရှိ ပညာ လင်္ကာရကျောင်း၌ ၂၂ ကြိမ်မြောက်အဖြစ် ဖေဖော်ဝါရီ ၂ ရက်မှ ၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ယခုကျင်းပမည့် စုပေါင်းရှင်ပြုပွဲကို အနယ်နယ်အရပ်ရပ်ရှိ ဇောတိရှမ်းမျိုးနွယ်ရှင်လောင်း အပါး ၁၇၀ ပါဝင်၍ ဖေဖော်ဝါရီ ၂ ရက်တွင် ဖွင့်ပွဲကျင်းပမည်ဖြစ်ကြောင်းကို ပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအိုက်မြင့်က ပြောသည်။

"အရင်က ဒီရှင်ပြုပွဲကို ရှမ်းပြည်နယ် မိုးမိတ်မှာ ကျင်းပခဲ့ကြတယ်။ ဒီနှစ်တော့ ရှင်လောင်းက ၁၇၀ ပဲရှိတယ်။ ပြီးခဲ့တဲ့နှစ်က ရှင်လောင်း ၃၀၀ နီးပါးရှိတယ်။ ရှင်ပြုပွဲမစခင် ဘုရားပွဲလည်း လုပ်မှာဆိုတော့ ပွဲတော်ရက်က ကိုးရက်လောက်ဖြစ်သွားမယ်" ဟု ၎င်းက ပြောသည်။

စုပေါင်းရှင်ပြုပွဲနှင့်အတူ ရှမ်းဇာတ်သဘင်အဖွဲ့များ၊ စတိတ်ရှိုးပွဲများ အပါအဝင် ပွဲတော်လာ ဧည့်သည်တော်များကိုလည်း စတုဒိသာများ ကျွေးမွေးဧည့်ခံသွားမည်ဖြစ်ပြီး ပွဲတော်အတွင်း ရိုးရာအစားအစာများ၊ ရိုးရာအသုံးအဆောင်ပစ္စည်းများနှင့် အဝတ်အထည်များကိုလည်း ဆိုင်ခန်းပေါင်း ၃၀၀ ကျော်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်ထွေး(မိုးညှင်း)**

# လှိုင်သာယာတွင် ဗိုလ်ချုပ်ကြေးရုပ်အား ဂုဏ်ပြုထားရှိပြီး ဖေဖော်ဝါရီ ၁၃ ရက်တွင် ဖွင့်လှစ်မည်

**လှိုင်သာယာ ဇန်နဝါရီ ၂၇**
ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့ BOC မှတ်တိုင်အနီးရှိ ဘုရင့်နောင်ပန်းခြံတွင် အမျိုးသားခေါင်းဆောင်၊ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုကို ဂုဏ်ပြုထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဗိုလ်ချုပ်ကြေးရုပ်တုကို ဖေဖော်ဝါရီ ၅ ရက်တွင် လှိုင်သာယာမြို့ အဝင် အောင်ဇေယျကြိုးတံတားထိပ်မှ ဘင်ခရာတီးဝိုင်းအဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ ကျေးရွာများမှ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများဖြင့် စည်ကားသိုက်မြိုက်စွာ လမ်းလျှောက်ဂုဏ်ပြုကြိုဆိုသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့နောက် မြို့တော်ခန်းမရှေ့ ရင်ပြင်တွင် ညအိပ်ရပ်နားပြီး စာပေဟောပြောပွဲနှင့် ဗိုလ်ချုပ်မိန့်ခွန်းပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်သည်။

ဆက်လက်၍ ဖေဖော်ဝါရီ ၆ ရက်တွင် ရပ်ကွက်၊ကျေးရွာများသို့ လှည့်လည်ဂုဏ်ပြုခံသွားမည်ဖြစ်ပြီး ဗိုလ်ချုပ်မွေးနေ့ဖြစ်သော ဖေဖော်ဝါရီ ၁၃ ရက်တွင် ဘုရင့်နောင်ပန်းခြံ၌ ပျော်ပွဲရွှင်ပွဲများဖြင့် ဗိုလ်ချုပ်ကြေးရုပ်တုကို စည်ကားစွာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

**မောင်မောင်တာ(ပြန်/ဆက်)**

# ပြည်ထောင်စုနေ့ အထိမ်းအမှတ် နွားအကြော့မောင်းပြိုင်ပွဲ ငါန်းဇွန်၌ ကျင်းပမည်

**ငါန်းဇွန် ဇန်နဝါရီ ၂၇**
(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် အားကစားပြိုင်ပွဲများနှင့် နွားလှည်းအကြော့မောင်း ပြိုင်ပွဲများကို မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့ ရှင်ပင်မိုးကောင်းဘုရားဝင်းအတွင်း ကျင်းပသွားမည်ဟု သိရသည်။

နွားလှည်းပြိုင်ပွဲကြောင့် ငါန်းဇွန်မြို့ရှိ စားသောက်ဆိုင်များ၊ ဆီဆိုင်များ၊ တောင်သူသုံးပစ္စည်းဆိုင်များ ရောင်းကောင်းခြင်း၊ နယ်ဝေးနွားများ ဥပဒေနှင့်အညီ ဖြတ်သန်းသွားလာရေး လွယ်ကူချောမွေ့သွားခြင်း၊ နွားမောင်းပြိုင်ပွဲလာကြရင်း နွားအရောင်းအဝယ်ဖြစ်သွားကြခြင်း၊ နယ်ဝေးမှ နွားပွဲလာရင်း စိတ်ကြိုက်နွားတွေ့ပါက ဈေးကောင်းပေး၍ အပြိုင်အဆိုင် ဝယ်ယူမှုကြောင့် သာမန်ပေါက်ဈေးထက် အဆများစွာ ပိုမိုရရှိ၍ ဒေသခံများ လူမှုစီးပွားတိုးတက်စေနိုင်ခြင်းကြောင့် နွားလှည်းပြိုင်ပွဲကို နှစ်စဉ် ကျင်းပမည်ဖြစ်ပြီး ထိုက်ထိုက်တန်တန် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း ငါန်းဇွန်မြို့နယ် မဲဆန္ဒနယ်မြေ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် နွားအကြော့မောင်းပြိုင်ပွဲ ကော်မတီနာယက ဦးကျော်စိုးနိုင်က ပြောသည်။

"ယခုနှစ်ရဲ့ ထူးခြားချက်တစ်ခုက စိန်ခေါ်နွားလှည်းမောင်းပြိုင်ပွဲ (အကယ်ဒမီတန်း ) ကိုလည်း ထည့်သွင်းကျင်းပမှာ ဖြစ်ပါတယ်။ နွားလှည်းပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကတော့ ငါန်းဇွန်မြို့နယ်အတွင်းရှိကျေးလက်နေ တောင်သူများရဲ့ လူမှုစီးပွားဘဝ ပိုမိုမြှင့်တင်ပေးနိုင်ဖို့နဲ့ မြန်မာ့ရိုးရာ အမွေအနှစ် အစဉ်အလာကောင်းတွေကို ထိန်းသိမ်းဆောင်ရွက်သွားနိုင်ဖို့ ရည်ရွယ်ပါတယ်" ဟု ၎င်းက ပြောသည်။

"ဒီနွားလှည်းအကြော့မောင်း ပြိုင်ပွဲကို သွားမစိုက်တန်း၊ သွားနှစ်ချောင်းစိုက်တန်း၊ သွားလေးချောင်း စိုက်တန်း၊ သွားခြောက်ချောင်း စိုက်တန်း၊ အကြီးတန်းစတဲ့ ငါးမျိုး ကျင်းပမှာပါ။ ပြိုင်ပွဲဆုကိုတော့ ပထမဆု ငွေကျပ် ၁၅၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၁၀၀၀၀၀၊ တတိယဆုကို ငွေကျပ် ၇၀၀၀၀၊ နှစ်သိမ့်ဆုကို ငွေကျပ် ၂၀၀၀၀ ချီးမြှင့်ပေးသွားမှာပါ" ဟု နွားအကြော့မောင်းပြိုင်ပွဲ ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးကျော်ဝင်းက ပြောကြားသည်။

အဆိုပါ နွားအကြော့မောင်း ပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက်မှ စတင်၍ ၁၁ ရက်အထိ ယှဉ်ပြိုင်ကျင်းပမည်ဖြစ်ပြီး ပြည်ထောင်စုနေ့တွင် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း နွားအကြော့မောင်း ပြိုင်ပွဲကော်မတီထံမှ သိရသည်။ **ဘိုဘို (မလှိုင်)**

# ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ကျင်းပ

**မတ္တရာ ဇန်နဝါရီ ၂၇**
မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဇဟိုဌာနတွင် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးက ပြိုင်ပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "ပြည်ထောင်စုစိတ်ဓာတ်နှင့် လူငယ့်တာဝန်"၊ အလယ်တန်း အဆင့်တွင် "စည်းလုံးညီညွတ်ရေးအစ ပြည်ထောင်စုနေ့က"၊ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် "စည်းလုံးညီညွတ်ရေး ပြည်ထောင်စုနေ့ အလေးပေး"၊ အလယ်တန်းအဆင့်တွင် "ပြည်ထောင်စုနေ့ ဒို့မမေ့" ခေါင်းစဉ်ဖြင့် ဖြေဆိုခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ ဝင်ရောက်ဖြေဆိုခဲ့ကြပြီး ဆုရရှိသူများအား(၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် ဆုများပေးအပ်သွားမည်ဖြစ်သည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## မန္တလေးမြို့၏ ပွဲလမ်းများ

### အနာကြီးရောဂါနေ့အခမ်းအနား

အနာကြီးရောဂါနေ့ အခမ်းအနားကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ Wilson ဟိုတယ်၌ ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

### ဂျပန်ရုပ်ရှင်ပွဲတော်

ဂျပန်ရုပ်ရှင်ပွဲတော်ကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဝင်းလိုက်ရုပ်ရှင်ရုံ၌ ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဇန်နဝါရီ ၃၁ ရက် ညနေ ၃ နာရီခွဲတွင် လည်းကောင်း၊ ဖေဖော်ဝါရီ ၁ ရက်တွင် မွန်းလွဲ ၁၂ နာရီခွဲနှင့် ညနေ ၃ နာရီခွဲတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂ ရက်တွင် မွန်းလွဲ ၁၂ နာရီ ခွဲနှင့် ညနေ ၃ နာရီခွဲတွင် လည်းကောင်း ပြသသွားမည်ဖြစ်ပြီး ရုံဝင်လက်မှတ်များကို ပွဲမစမီတစ်နာရီ ကြိုတင်၍ ဦးရာလူစနစ်ဖြင့် အခမဲ့ထုတ်ယူနိုင်ကြောင်း သိရသည်။

### တောရိုင်းတိရစ္ဆာန် ကာကွယ်ရေးသရုပ်ပြသ

တောရိုင်းတိရစ္ဆာန်ကာကွယ်ရေး သရုပ်ပြယာဉ် စီတန်းလှည့်လည်ပွဲကို မန္တလေးမြို့ရှိ မန္တလေးနန်းတော် တစ်လျှောက်၌ ဖေဖော်ဝါရီ ၁ ရက် နံနက် ၈ နာရီ မှ စတင်၍ စီတန်းလှည့်လည်သွားမည်ဖြစ်ကြောင်း သိရသည်။

### ဆွမ်းလောင်းပွဲ

(၃၃)ကြိမ်မြောက် သမိုင်းဝင်ရှင်ပင်အင်းခရုဆုတောင်းပြည့် ဘုရားပွဲတော် ဗုဒ္ဓပူဇနိယသံဃာ့ဒါန ဆွမ်းလောင်းပွဲကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် မင်းကြီးရန်နောင်လမ်း ၅၉ လမ်း နှင့် ၆၁ လမ်းကြားရှိ အဆိုပါဘုရားဝင်းအတွင်း၌ ဖေဖော်ဝါရီ ၂ ရက် နံနက် ၇ နာရီ တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့ သိန်တန်းရပ်ကွက် ရွှေမင်းဝံ ဓမ္မရိပ်သာ၌ ဇန်နဝါရီ ၂၅ ရက်က တောင်ငူမြို့ အထွေထွေရောဂါ ကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဦးဆောင်သော အထူးကုဆရာဝန်ကြီးများနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း(တောင်ငူ)အသင်းခွဲတို့ ပူးပေါင်းနယ်လှည့် ဆေးကုသရေးအဖွဲ့က အခမဲ့ဆေးကုသပေးစဉ်။

ကိုသားကြီး (ကျောက်ကြီး)

*စာမျက်နှာ ၁၈ မှ*

**ခြေတော်ရာ၊ ဘုရားစေတီနှင့် နက္ခတ်တာရာပုံများ**

ဘုရားရှင်ခြေတော်ရာပုံများကို ကျောက်တော်ကြီးဘုရားအရှေ့ဘက်မုခ်မျက်နှာကြက် အလယ်၊ တောင်ဘက်နှင့် မြောက်ဘက်မုခ် မျက်နှာကြက်စွန်းတွင် မြင်တွေ့ရသည်။ ယင်းခြေတော်ရာများတွင် စက်လက္ခဏာ ၁၀၈ ကွက်ပါရှိကာ ဘုရားရှင်သည် ဘုရားဖူးလာရောက်ကြသူများ၏ ဦးထိပ်တွင် တည်ရှိနေဟန် ရေးဆွဲခဲ့ကြောင်း ယူဆဖွယ်ရှိပေသည်။

ကျောက်တော်ကြီးဘုရား နံရံဆေးပန်းချီများတွင် စေတီပုထိုးပုံများပါရှိရာ ယင်းတို့အများစုသည် ပုဂံမင်း၏ ကုသိုလ်တော်များဖြစ်ကြပြီး အညွှန်းစာသားများလည်း ရေးသားထားသည်။ အမရပူရ၊ အင်းဝ၊ ဥက္ကလာပ၊ ရွှေတောင်၊ ပြည်၊ ကူခန်း၊ စစ်ကိုင်းနှင့် ပုဂံမြို့များတွင် ပုဂံမင်းကြီး လှူဒါန်းခဲ့သည့် ကျောင်း၊ ကန်၊ သိမ်၊ ဥမင်ပုံများကို ရေးဆွဲထားသည်။

မဟာသကျရံသီ အင်းဝမြို့မှ လောကသရဖူ၊ ပြည်မြို့မှ ရွှေဘုန်းမြင့်၊ ရွှေဘုန်းပွင့်၊ ပုဂံမှ အာနန္ဒာနှင့် ရွှေစည်းခုံ၊ ကူခန်းမြို့(ယခုမြန်အောင်)၊ သဲအင်းရွာမှ ကုသိုလ်တော်ဘုရား၊ စစ်ကိုင်းမြို့မှ ဥမင်သုံးဆယ်ဘုရားများကိုမြင်တွေ့ရသကဲ့သို့ မဟာဝေယံဘုံသာစံကျောင်း၊ မဟာဝိဇယရံသီ မဟာရံအတွင်းမှ ဝါဆိုကျောင်း၊ ရွှေကူကြီးတိုက်ဝါဆိုကျောင်း၊ ဥက္ကလာပမြို့(ရန်ကုန်မြို့)မှ အိမ်တော်ရာကျောင်း စသည့် သာသနိကအဆောက်အဦများကို ရေးဆွဲခဲ့သည်။ ဘုရားစေတီများနှင့် ကျောင်းကန်များကို ကုသိုလ်တော်ဟု သုံးစွဲခြင်းဖြင့် ပုဂံမင်း၏ အလှူဒါန ကောင်းမှုတော်များဟု ထင်ရှားစွာ သိရှိစေခဲ့သည်။

ကျောက်တော်ကြီးဘုရား အနောက်ဘက်မုခ် မျက်နှာကြက်တွင် ကောင်းကင်ပြင်၌ နက္ခတ်တာရာများ ရွေ့လျားနေပုံနှင့် တောင်ဘက်နှင့် မြောက်ဘက်မုခ် မျက်နှာကြက်တို့တွင် ၁၂ ရာသီခွင် စက်ဝိုင်းအတွင်း၌ နက္ခတ်တာရာများ တည်ရှိနေပုံကို ရေးဆွဲထားသည်။ ယင်းတို့သည် နက္ခတ် ၂၇ လုံး၊ အတွင်း တာရာ ၂၈ လုံးနှင့် အပြင်တာရာ ၂၈ လုံးတို့ ဖြစ်ကြပြီး နက္ခတ် ၂၇ လုံးပုံကို စာသားများဖြင့် ယှဉ်တွဲဖော်ပြထားပေသည်။

ထို့အတူ ကျောက်တော်ကြီး နံရံပန်းချီများတွင် နတ်သားပုံများနှင့် ခေတ်ကာလအခြေအနေ လူမှုစီးပွားပုံဟန်များကို ရေးဆွဲထားရာ ဘာသာရေးနှင့် စပ်လျဉ်း၍ ပြည်သူများ ဘုရားကျောင်းကန်များသို့ သွားရောက်ကြပုံ၊ ဥပုသ်သီလဆောက်တည်ကြပုံ၊ ဆွမ်းချက်၊ ဆွမ်းလောင်းကြပုံ၊ ရှင်ပြု မင်္ဂလာကျင်းပပုံ၊ ဆွမ်းခံထွက်ကြပုံ၊ ရသေ့များ တရားကျင့်နေပုံတို့ကို ရေးဆွဲထားသည်။

ပြည်သူတို့၏နေ့စဉ် လူနေမှုဘဝသရုပ်ဖော်ပုံများတွင် မြစ်ချောင်းများ၌ ရေချိုးနေပုံ၊ ငါးဖမ်းနေပုံ၊ အမဲလိုက်နေပုံ၊ လှည်း၊ လှေတို့ဖြင့် ခရီး သွားပုံ၊ ခြေကျင်သွားကြပုံ၊ ထန်းပင်တက်ပုံ၊ ဈေးရောင်းချပုံ၊ ကလေးများ ဆော့ကစားကြပုံတို့ ပါဝင်သည်။ ယင်းသရုပ်ဖော်ပုံများကို ပုဂံမင်း၏ ကောင်းမှုကုသိုလ်တော် အဆောက်အအုံများကို ရေးဆွဲရာတွင် သင့်လျော်သည့် နေရာများ၌ ထည့်သွင်းရေးဆွဲခဲ့သည်။

မြန်မာနိုင်ငံရှိ ရှေးဟောင်းစေတီပုထိုးများတွင် တွေ့ရလေ့ရှိသည့် နံရံဆေးပန်းချီများသည် ပုဂံခေတ်တွင် အလွန်ထင်ရှား များပြားခဲ့ပြီး ပုဂံရှိ ရှေးဟောင်းစေတီပုထိုးများစွာတွင် နံရံဆေးပန်းချီများကို ယနေ့တိုင် မြင်တွေ့ကြရပေသည်။ ပုဂံခေတ်ဦးပိုင်း နံရံဆေးပန်းချီလက်ရာများတွင် အိန္ဒိယဟန်များ ပါဝင်ခဲ့ကာ နောက်ပိုင်းလက်ရာများတွင် မြန်မာမှု မြန်မာဟန်များ ပါဝင်လာခဲ့သည်။

ညောင်ရမ်းခေတ်တွင်လည်း နံရံဆေးပန်းချီများကို များစွာရေးဆွဲခဲ့ကြ ပြီး ကုန်းဘောင်ခေတ် ပန်းချီများတွင် အနောက်တိုင်း ပန်းချီရေးဆွဲမှု စနစ်များ ပါဝင်လာခဲ့ကြောင်း သုတေသီများက သုံးသပ်ခဲ့သည်။ ထို့အပြင် အစဉ်အလာ ရေးဆွဲခဲ့ကြသည့် ဗုဒ္ဓဝင်ဇာတ်ကွက်များအပြင် လူမှုဘဝပုံရိပ်များ ရေးဆွဲခဲ့ပုံကို ကျောက်တော်ကြီး နံရံပန်းချီများတွင် မြင်တွေ့ကြရပေသည်။

အမရပူရ ကျောက်တော်ကြီးဘုရားရှိ ကုန်းဘောင်ခေတ်နှောင်းပိုင်းလက်ရာ နံရံဆေးပန်းချီများကို ခေတ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသဖြင့် ယနေ့တိုင် မူလလက်ရာများနီးပါးအတိုင်း ကျန်ရှိနေပေသည်။ ထို့ကြောင့် နှောင်းလူများက ယင်းနံရံပန်းချီများမှ သမိုင်းအထောက်အထားများကို ရှာဖွေနိုင်သကဲ့သို့ ယင်းခေတ်ကာလ ပန်းချီပညာရပ်ကိုလည်း လေ့လာနိုင်ခဲ့ကြပေသည်။ ကုန်းဘောင်ခေတ်နှောင်းလက်ရာ မြန်မာမှုပန်းချီပညာရပ် အထောက်အထားသက်သေများဖြစ်သည့် အမရပူရ၊ ကျောက်တော်ကြီးဘုရား နံရံဆေးပန်းချီများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ဂုဏ်ကို မြှင့်တင်နိုင်ကြမည် ဖြစ်ပေသည်။

**ကိုးကား**

**မြန်မာ့ရက်စွဲသမိုင်း၊ ကုန်းဘောင်ဆက် (ဦးတိက္ခဓမ္မာလင်္ကာရနှင့် ဒေါက်တာသန်းထွန်း)**

**တောင်သမန်ပတ်ဝန်းကျင် သမိုင်းဝင်နေရာများ(ကိုပညာ၊ အမရပူရ)**

**ခေတ်အဆက်ဆက် မြန်မာ့ပန်းချီများ (မင်းဘူးအောင်ကြိုင်)**

# အမျိုးသမီးများအပေါ်အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

၄၃။ မည်သူမျှ အမျိုးသမီးတစ်ဦးအား အောက်ဖော်ပြပါအကြောင်း တစ်ရပ်ရပ်အရ သားကြောဖြတ်ခြင်း၊ ကိုယ်ဝန်ဖျက်ချခြင်း သို့မဟုတ် ကိုယ်ဝန်ဆောင်စေခြင်း မပြုရ -

(က) ခြိမ်းခြောက်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် မလျော်သြဇာသုံးခြင်း၊

(ခ) အကျိုးခံစားခွင့် တစ်စုံတစ်ရာပေးမည်ဟု မက်လုံးပေး၍ တိုက်တွန်းဆောင်ရွက်ခြင်း၊

(ဂ) အကျိုးခံစားခွင့်များကို ရုပ်သိမ်းမည်၊ ငြင်းပယ်မည် သို့မဟုတ် ဆောင်ရွက်ခြင်း မရှိလျှင် ပြစ်ဒဏ်တစ်ခုခု ကျခံစေမည်ဟု ခြိမ်းခြောက်၍ ဆောင်ရွက်စေခြင်း၊

(ဃ) လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေသည့် သို့မဟုတ် အရေးပေါ်အမိန့် ထုတ်ပြန်ထားသည့်ကာလတွင် အမိန့်အာဏာသုံး၍ ဆောင်ရွက်ခြင်း။

၄၄။ မည်သူမျှ ပုဒ်မ ၁၆ ပါ ပြဋ္ဌာန်းချက်နှင့်မညီဘဲ ကိုယ်ဝန်ဖျက်ချခြင်း မပြုရ။

၄၅။ မည်သူမဆို ပုဒ်မ ၃၆ပါ တားမြစ်ချက်တစ်ရပ်ရပ်အား ကျူးလွန်ကြောင်း ပထမအကြိမ် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်အတွင်း ထပ်မံ၍ ကျူးလွန်ခြင်း မပြုရန် သတိပေးပြီး ခိုင်လုံသော အာမခံဖြင့် ခံဝန်ချုပ်ချုပ်ဆိုစေသည့်အမိန့်ချမှတ်ရမည်။

၄၆။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးလမှ အများဆုံးတစ်နှစ် အထိ ထောင်ဒဏ်ချမှတ်ရမည် -

(က) ပုဒ်မ ၄၅ အရ ခံဝန်ချုပ်ချုပ်ဆိုသည့်အမိန့် ချမှတ်ခံရပြီးနောက် ယင်းပြစ်မှုကို ထပ်မံကျူးလွန်မှု၊

(ခ) စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊

(ဂ) စီးပွားရေးဆိုင်ရာ အကြမ်းဖက်မှု၊

(ဃ) ဘေးဖြစ်စေတတ်သော လက်နက် သို့မဟုတ် အရာဝတ္ထုတစ်ခုခုကို အသုံးမပြုဘဲ ထိခိုက်နာကျင်စေသည့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတစ်ခုခု ပြုလုပ်ခြင်း၊

(င) လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ရန် ကြံရွယ်၍ ကျူးလွန်သည့် လက်ရောက်မှု၊

(စ) အမျိုးသမီးကို လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ရန် ရည်ရွယ်၍ အသံ သို့မဟုတ် ကိုယ်အမူအရာပြုလုပ်မှု၊

(ဆ) အကာအကွယ်ပေးရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ဖောက်ဖျက်မှု။

၄၇။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံးနှစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည် -

(က) စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ထပ်မံကျူးလွန်ခြင်း၊

(ခ) စီးပွားရေးဆိုင်ရာ အကြမ်းဖက်မှုကို ထပ်မံကျူးလွန်ခြင်း၊

(ဂ) ပုဒ်မ ၄ဂပါ တားမြစ်ချက်ကို ဖောက်ဖျက်ခြင်း၊

(ဃ) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို အသုံးပြု၍ အမျိုးသမီး၏ လိင်ပိုင်းဆိုင်ရာနှင့် စပ်လျဉ်းသည့် ခန္ဓာကိုယ်အစိတ်အပိုင်းကိုဖြစ်စေ၊ အပြုအမူကိုဖြစ်စေ ဓာတ်ပုံ သို့မဟုတ် ဗီဒီယိုရိုက်ကူးမှု၊ အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်များတွင် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု၊ ထုတ်ဖော်ဖြန့်ဝေမှု၊ ညစ်ညမ်းပုံများပေးပို့ဖြန့်ဝေခြင်း။

၄၈။ မည်သူမဆို ဘေးဖြစ်စေတတ်သော လက်နက် သို့မဟုတ် အရာဝတ္ထုတစ်ခုခုကို အသုံးပြု၍ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တစ်ခုခုပြုလုပ်၍ နာကျင်စေမှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

၄၉။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ခုခုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည် -

(က) ပုဒ်မ ၃၉ပါ တားမြစ်ချက်ကို ဖောက်ဖျက်ခြင်း၊

(ခ) အမျိုးသမီး၏ ခွင့်ပြုချက် မရှိဘဲ သားကြောဖြတ်ခြင်း သို့မဟုတ် ကိုယ်ဝန်ဆောင်စေခြင်း။

၅၀။ ခင်ပွန်းသည် မည်သူမဆို ပုဒ်မ ၄၁ ပါ တားမြစ်ချက်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ် အထိ ထောင်ဒဏ်ချမှတ်ရမည်။

၅၁။ မည်သူမဆို အမျိုးသမီးတစ်ဦးဦးကို ဘေးဖြစ်စေတတ်သော လက်နက် သို့မဟုတ် အရာဝတ္ထုတစ်ခုခု အသုံးပြုခြင်းမရှိဘဲ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တစ်ခုခုပြုလုပ်၍ အပြင်းအထန်နာကျင်စေမှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး နှစ်နှစ်မှ အများဆုံး ခုနစ်နှစ် အထိ ထောင်ဒဏ်ချမှတ်ရမည်။

၅၂။ မည်သူမဆို အမျိုးသမီးတစ်ဦးဦးကို ပြည့်တန်ဆာပြုလုပ်ရန် ခိုင်းစေမှု၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စပြုလုပ်မှု၊ စီးပွားရေးအလို့ငှာ လိင်ပိုင်းဆိုင်ရာ အလွဲသုံးမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံးနှစ်နှစ်မှ အများဆုံးဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

၅၃။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ခုခုကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးသုံးနှစ်မှ အများဆုံးဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည် -

(က) ပုဒ်မ ၃၇ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ခ) အမျိုးသမီး၏ ခွင့်ပြုချက် မရှိဘဲ ကိုယ်ဝန်ဖျက်ချခြင်း၊

(ဂ) ပုဒ်မ ၄၄ပါ ပြဋ္ဌာန်းချက်နှင့်မညီဘဲကိုယ်ဝန်ဖျက်ချခြင်း။

၅၄။ ကွယ်လွန်သူခင်ပွန်း၏ သွေးရင်းမိသားစုဝင် အမျိုးသားမည်သူမဆို ပုဒ်မ ၃၈ ပါ တားမြစ်ချက်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

၅၅။ မည်သူမဆို ဘေးဖြစ်စေတတ်သော လက်နက် သို့မဟုတ် အရာဝတ္ထုဖြင့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတစ်ခုခုပြုလုပ်၍ အပြင်းအထန်နာကျင်စေမှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ငါးနှစ်မှ အများဆုံးနှစ် ၂၀ အထိ ထောင်ဒဏ်ချမှတ်ရမည်။

၅၆။ မည်သူမဆို အမျိုးသမီးတစ်ဦးဦးကို အောက်ပါပြုလုပ်မှုတစ်ခုခုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်သက်ဖြစ်စေ၊ ထောင်ဒဏ် ၂၀နှစ် ဖြစ်စေချမှတ်ရမည်-

(က) တစ်ဦးထက်ပို၍ စုဖွဲ့ကျူးလွန်သည့် မုဒိမ်းမှု၊

(ခ) လူ၏ခန္ဓာကိုယ်ကို အသက်သေစေလောက်သော သို့မဟုတ် မသန်စွမ်းမှု၊ ထိခိုက်နစ်နာမှု၊ နာကျင်စေမှုဖြစ်စေသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊

(ဂ) ကလေးသူငယ်မြင်စေရန်ဖြစ်စေ၊ ကလေးသူငယ်မြင်မည်ကို သိလျက်နှင့် သို့မဟုတ် သိတန်ရာသောအကြောင်းရှိလျက်နှင့်ဖြစ်စေ ကလေးသူငယ်၏ရှေ့တွင် မုဒိမ်းမှုကို တမင်ကျူးလွန်ခြင်း၊

(ဃ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး သို့မဟုတ် အရက်သေစာတိုက်ကျွေး၍ ကျူးလွန်သည့် မုဒိမ်းမှု၊

(င) ဘေးဖြစ်စေတတ်သော လက်နက်ကို အသုံးပြု၍ ကျူးလွန်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊

(စ) အကြိမ်ကြိမ် ကျူးလွန်သည့် မုဒိမ်းမှု၊

(ဆ) ဆယ့်နှစ်နှစ်အောက် မိန်းကလေးကို ကျူးလွန်သည့်မုဒိမ်းမှု၊

၅၇။ သွေးရင်းမိသားစုတစ်ဦးဦးကဖြစ်စေ၊ အိမ်ထောင်စုဝင်တစ်ဦးဦးကဖြစ်စေ မိသားစုအတွင်း ကျူးလွန်သောမုဒိမ်းမှု၊ ဓမ္မတာနှင့်ဆန့်ကျင်သော လိင်ပိုင်းဆိုင်ရာပြုကျင့်မှု၊ ပြည့်တန်ဆာပြုလုပ်ရန် ခိုင်းစေမှု၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာ ကိစ္စပြုလုပ်မှု၊ စီးပွားရေးအလို့ငှာ လိင်ပိုင်းဆိုင်ရာအလွဲသုံးမှု တစ်ရပ်ရပ်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် တစ်သက်ဖြစ်စေ၊ ထောင်ဒဏ် ၂၀ နှစ် ဖြစ်စေ ချမှတ်ရမည်။

၅၈။ မည်သူမဆို ပုဒ်မ ၅၆ ပါ ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်မှုမှအပ မုဒိမ်းမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ရာဇသတ်ကြီးအရ အရေးယူအပြစ်ပေးရမည်။

၅၉။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယခင်ကလည်း ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရလျှင် ထပ်မံကျူးလွန်သော ပြစ်မှုအတွက် ပြဋ္ဌာန်းထားသော အမြင့်ဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၆၀။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန်အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ရမည်။

၆၁။ မည်သူမဆို ဘေးအန္တရာယ်တစ်ရပ်ရပ်ကြောင့်သော်လည်းကောင်း၊ လက်နက်ကိုင် ပဋိပက္ခကြောင့် သော်လည်းကောင်း နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူ ကလေးသူငယ်ကိုဖြစ်စေ၊ အမျိုးသမီးကိုဖြစ်စေ မုဒိမ်းမှုကျူးလွန်လျှင် ထိုသူကို ထောင်ဒဏ်တစ်သက်ချမှတ်ရမည်။

**အခန်း (၁၀)**

**တရားမ ဆိုင်ရာ သက်သာခွင့်များ**

၆၂။ အကြမ်းဖက်ခံရသူသည် ဤဥပဒေပါ ပြစ်မှုကြောင်းအရ တရားစွဲဆိုပိုင်ခွင့်ရှိသည့်အပြင် အောက်ဖော်ပြပါ မိမိ၏နစ်နာမှုများနှင့် ဆုံးရှုံးမှုများအတွက် တရားမဆိုင်ရာသက်သာခွင့်၊ ရပိုင်ခွင့်များကို သက်ဆိုင်ရာတရားရုံးတွင် တရားမကြောင်းအရ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားခွင့်ရှိသည် -

(က) ကိုယ်အင်္ဂါအစိတ်အပိုင်း ထိခိုက်နစ်နာမှုနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများအတွက် ဆေးဝါးကုသစရိတ်နှင့် နစ်နာကြေးများရထိုက်ခွင့်၊

(ခ) တရားစရိတ်များ ရထိုက်ခွင့်၊

(ဂ) ပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိဘဲ နစ်နာသည့်၊ ပျက်စီးဆုံးရှုံးသွားသည့် ပစ္စည်းများအတွက် လျော်ကြေးရထိုက်ခွင့်၊

(ဃ) ဝင်ငွေ သို့မဟုတ် စီးပွားရေးလုပ်ငန်း ဆုံးရှုံးမှုအတွက် လျော်ကြေးရပိုင်ခွင့်၊

(င) ကလေးသူငယ်များအား ယာယီထိန်းသိမ်းစောင့်ရှောက်ခွင့်အမိန့်နှင့် ထိန်းသိမ်းစောင့်ရှောက်မှုစရိတ် အပါအဝင် ကလေးသူငယ်စရိတ် ရထိုက်ခွင့်။

၆၃။ ကာမလိမ်လည်မှုခံရခြင်းကြောင့် ထိုအမျိုးသမီးတွင် ကိုယ်ဝန်ရရှိသွားလျှင် ထိုအမျိုးသမီးသည် မွေးဖွားလာသည့်ကလေးအား ပြုစုပျိုးထောင်စောင့်ရှောက်မှုစရိတ်ရရှိရန် သက်ဆိုင်ရာ တရားရုံးတွင် တရားမကြောင်းအရ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားခွင့်ရှိသည်။

၆၄။ အကြမ်းဖက်မှုကြောင့် အကြမ်းဖက်ခံရသူ သေဆုံးသွားလျှင် သေဆုံးသူ၏ မိသားစုဝင်သည် သင့်လျော်သည့် နစ်နာကြေးရရှိရန် သက်ဆိုင်ရာတရားရုံးတွင် တရားမကြောင်းအရ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားခွင့်ရှိသည်။

၆၅။ သက်ဆိုင်ရာတရားရုံးသည် ဤအခန်းပါ တရားမဆိုင်ရာ သက်သာခွင့်များရလိုသည့် လျှောက်ထားမှုများနှင့် တရားစွဲဆိုမှုများတွင် အကြမ်းဖက်ခံရသူ၏ ထိခိုက်နစ်နာမှုအတွက် လျော်ကြေး သို့မဟုတ် နစ်နာကြေးပေးရန် အကြမ်းဖက်သူအား အမိန့်ချမှတ်ရာတွင် ဤဥပဒေအရစွဲဆိုသည့် ပြစ်မှုတွင်ဖြစ်စေ၊ အကာအကွယ်ပေးရေးဆိုင်ရာ အမိန့်ချမှတ်ရာတွင်ဖြစ်စေ လျော်ကြေး သို့မဟုတ် နစ်နာကြေးပေးရန် ချမှတ်ပါက ယင်းလျော်ကြေး သို့မဟုတ် နစ်နာကြေးကို ခုနှိမ်၍ချမှတ်ရမည်။

**အခန်း (၁၁)**

**ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲသုံးစွဲခြင်း**

၆၆။ ကော်မတီသည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အောက်ပါရငွေများဖြင့် ရန်ပုံငွေတစ်ရပ်ကို ထူထောင်နိုင်သည် -

(၁) ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်မှထည့်ဝင်သည့် မတည်ငွေနှင့် နှစ်စဉ် နိုင်ငံတော်ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေဖြင့် ထောက်ပံ့ငွေ၊

(၂) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေနှင့် ပစ္စည်းများ၊

(၃) စုဆောင်းငွေမှရရှိသည့် အတိုးငွေများ။

(ခ) ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးတို့အတွက် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

(ဂ) ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီသည် ရန်ပုံငွေကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ပြုလုပ်ရမည့်အပြင် နှစ်စဉ်ဘဏ္ဍာရေး ရှင်းတမ်းနှင့် ရသုံးငွေစာရင်းရှင်းတမ်းများပြုစု၍ ကော်မတီသို့တင်ပြရမည်။

(ဃ) ကော်မတီသည် ရန်ပုံငွေစာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှု ခံယူရမည်။

**အခန်း (၁၂)**

**အထွေထွေ**

၆၇။ (က) လူမှုဝန်ထမ်းဦးစီးဌာနသည် ကော်မတီ၏လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းသည့် ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးရမည်။

(ခ) ဝန်ကြီးဌာနသည် ကော်မတီ၏ ရုံးလုပ်ငန်းကုန်ကျစရိတ်များကို မိမိ၏ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

၆၈။ သက်ဆိုင်ရာတရားရုံးသည် အကြမ်းဖက်မှုကျူးလွန်သူအား အမိန့်ချမှတ်ရာတွင် အကြမ်းဖက်ခံရသူ ထိခိုက်ဒဏ်ရာရမှုအတွက် ဆေးဝါးကုသမှုကုန်ကျစရိတ်၊ သွားလာစရိတ်နှင့် အကြမ်းဖက်ခံရမှုကြောင့် အကြမ်းဖက်ခံရသူ အလုပ်မလုပ်နိုင်ဘဲ ပုံမှန်ဝင်ငွေနစ်နာဆုံးရှုံးမှုများအတွက် အကြမ်းဖက်မှုကျူးလွန်မခံရမီ အကြမ်းဖက်ခံရသူ၏ နေ့စဉ်ပုံမှန်ဝင်ငွေ ပမာဏကိုသော်လည်းကောင်း၊ ပုံမှန်ဝင်ငွေ၏သင့်လျော်သည့် တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ပေးချေစေရန် ညွှန်ကြားသည့် အမိန့်ချမှတ်နိုင်သည်။

၆၉။ တည်ဆဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေနှင့် သက်ဆိုင်သောပြစ်မှုများကို ဤဥပဒေအရသာ အရေးယူရမည်။

၇၀။ ဤဥပဒေတွင် အနက်အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိသည့် စကားရပ်များနှင့် စပ်လျဉ်း၍ ရာဇသတ်ကြီးပါ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

၇၁။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၇၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ဝန်ကြီးဌာနနှင့် ကော်မတီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

## ချင်းပြည်နယ်ဝန်ကြီးချုပ် မင်းတပ်မြို့၌ တည်ဆောက်မည့် တက္ကသိုလ်မြေနေရာကို သွားရောက်ကြည့်ရှု

**မင်းတပ် ဇန်နဝါရီ ၂၇**
ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်ဝန်ကြီးများနှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မင်းတပ်မြို့၌ တည်ဆောက်မည့် တက္ကသိုလ်မြေနေရာကို ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုကြသည်။

ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တက္ကသိုလ်တည်ဆောက်မည့် ဆောက်လုပ်ရေးအထူးအဖွဲ့(၁၀)မှ တာဝန်ရှိသူများက မင်းတပ်တက္ကသိုလ်တည်ဆောက်မည့် မြေနေရာလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆောင်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**ခိုရှိန်း (ပြန်/ဆက်)**

## သွေးချင်းတို့ရဲ့ပွဲတော်ဆီသို့သွားရောက်မည့် ကိုယ်စားပြုအကအဖွဲ့အား ထောက်ပံ့ငွေပေးအပ်

**ပင်းတယ ဇန်နဝါရီ ၂၇**
ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ ဖေဖော်ဝါရီလပထမပတ်တွင် ကျင်းပပြုလုပ်မည့် ဒုတိယအကြိမ်မြောက် သွေးချင်းတို့ရဲ့ပွဲတော်သို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ကိုယ်စားပြုသွားရောက်ကြမည့်အကအဖွဲ့အား ထောက်ပံ့ငွေပေးအပ်ပွဲကို ယမန်နေ့က ဒေသဦးစီးအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက အမှာစကားပြောကြားပြီး ဒေသဦးစီးအဖွဲ့မှ ထောက်ပံ့ငွေကျပ်သိန်း ၃၀ နှင့် ကျန်းမာရေးအထောက်အကူပြု Health Care First Aid Kit သုံးအိတ်ကို ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌကပေးအပ်ရာ ဓနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ် (ဗဟို)ဥက္ကဋ္ဌ ဦးနေမျိုးကျော်က လက်ခံယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ ပွဲတော်သို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကိုယ်စားပြုအကအဖွဲ့အဖြစ် ဓနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ်(ဗဟို)ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပင်းတယမြို့နယ် ရပ်ကွက်၊ ကျေးရွာများမှ စုဖွဲ့ထားသည့် ဓနုတိုင်းရင်းသားမောင်မယ်များ စုစုပေါင်း ၆၀ တို့က ရိုးရာအက၊ ဓားသိုင်းအက၊ လက်သိုင်းအကနှင့် မီးတုတ်သိုင်းအကများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ရိုးရာအဝတ်အစား၊ အသုံးအဆောင်ပစ္စည်းများနှင့် ရှေးဟောင်းအမွေအနှစ်ပစ္စည်းများ ခင်းကျင်းပြသခြင်းများကိုလည်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

## တရုတ်နိုင်ငံသို့ နယ်စပ်မှတစ်ဆင့် သစ်သီးဝလံတင်ပို့မှုအခက်တွေ့လာ

**နေပြည်တော် ဇန်နဝါရီ ၂၇**
တရုတ်ပြည်သူ့သမ္မတ နိုင်ငံတွင် လတ်တလော ဖြစ်ပွားလျက်ရှိသည့် ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ) ပြဿနာများကြောင့် နယ်စပ် ကုန်သွယ်ရေးစခန်းများမှ တရုတ်နိုင်ငံသို့ ပို့ကုန်တင်ပို့ရန် အတွက် ကြန့်ကြာမှုများရှိနေကြောင်း ပို့ကုန်လုပ်ငန်းရှင်များထံမှ သိရသည်။



မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးစခန်းအတွင်း ရောက်ရှိနေသည့် မြန်မာဖရဲသီးတင်မော်တော်ယာဉ်တစ်စီး။

မြန်မာနိုင်ငံဘက်မှ တင်ပို့သည့် သစ်သီးဝလံများကို တရုတ်နိုင်ငံမှ အရေးပေါ်အခြေအနေနှင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်း ကန့်သတ်ထားမှုကြောင့် တင်ပို့ရောင်းချမှုနှင့် ဝယ်ယူမှုဈေးကွက်တွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပြီး ဝယ်ယူသူမရှိသလောက်ဖြစ်နေကြောင်း မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန် သစ်သီးဝလံကုန်စည်ဒိုင်များမှ သိရသည်။

တရုတ်နိုင်ငံရှိ ဝူဟန်ဒေသမှ အစပြုသည့် အဆိုပါ ကူးစက်မြန်ရောဂါကြောင့် တရုတ်နိုင်ငံအတွင်း လူစုလူဝေး၊ ပျော်ပွဲရွှင်ပွဲ၊ ခရီးသွားလာမှု လမ်းကြောင်းများကို တရုတ်နိုင်ငံအစိုးရမှ ကန့်သတ်ထားကြောင်း သိရသည်။

မူဆယ်မြို့(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရှိ သစ်သီးဝလံကုန်စည်ဒိုင်မှ ယနေ့ရက်စွဲဖြင့် အထူးသတိပေးကြေညာချက် တစ်စောင်ကိုလည်း ထုတ်ပြန်ထားသည်။ အထူးသဖြင့် ဖရဲသီး၊ သခွားမွှေးထုတ်လုပ် တင်ပို့ရောင်းချသူတောင်သူများ နစ်နာဆုံးရှုံးမှုမဖြစ်စေရေးအတွက် တရုတ်နိုင်ငံဘက်မှ အဆိုပါရောဂါကို ထိန်းချုပ်နိုင်ပြီး အခြေအနေတည်ငြိမ်သည်အထိ စောင့်ဆိုင်းပြီးမှသာ တင်ပို့ကြပါရန် အသိပေးနှိုးဆော်ထားခြင်းဖြစ်သည်။


လက်ရှိတွင် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၌ ကုန်စည်တင်ပို့မှုများ မရှိသလောက် ဖြစ်နေပြီး တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့တွင်လည်း လူစည်ကားရာနေရာများရှိ ကုန်စည်လက်လီလက်ကားရောင်းချဆိုင်များ ရက်အကန့်အသတ်မရှိ ပိတ်ထားကြောင်း၊ ကျောက်ဝိုင်းများတွင်လည်း လူမရှိသဖြင့် အရောင်းအဝယ်မရှိကြောင်းသိရသည်။

"ဒီနေ့ မနက်ကနေစပြီး (၁၀၅) မိုင် ကွင်းထဲကို တရုတ်ဘက်ကနေ လာဝယ်တဲ့ ဖရဲကုန်သည်မရှိသလောက် ဖြစ်နေပါတယ်။ ဖရဲသီးတင်ကားအချို့ကတော့ ကျင်စန်းကျော့ဘက်ဆင်းသွားပြီး ရောင်းဖို့ပြင်နေကြတယ်။ ဖရဲကားအများစုကတော့ ကွင်းထဲမှာပဲ အခြေအနေစောင့်ကြည့်နေကြတယ်။ လောလောဆယ် (၁၀၅) မိုင်ကွင်းထဲမှာ ဖရဲသီးတင်ကားအစီး ၁၀၀ ကျော်သောင်တင်နေပြီးအရောင်းအဝယ် ရပ်တန့်လုနီးပါး ဖြစ်နေရပါတယ်။ ဖရဲကုန်သည်တွေ၊ ဖရဲတင်ကားတွေနဲ့ ဖရဲစိုက်ပျိုးသူတွေ သတိထားပြီးမှ လာသင့်ပါတယ်။ တောင်သူတွေ မခူးသင့်သေးတဲ့ အနေအထား ဖြစ်နေပါတယ်။ ဈေးကွက်စုံစမ်းပြီးမှ တက်လာကြဖို့ အကြံပြုချင်ပါတယ်" ဟု သစ်သီးရောင်းဝယ်ရေးဒိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

တရုတ်နိုင်ငံ ရွှေလီမြို့မှလည်း ကြေညာစာတစ်စောင်ကို ထုတ်ပြန်ထားပြီး အသစ်ပေါ်လာသည့် အသက်ရှူလမ်းကြောင်းပြဿနာနှင့် အဆုတ်ရောင်ရောဂါကို ထိန်းချုပ်ရန်၊ ပြည်သူလူထုအသက်အန္တရာယ်ကင်းဝေးစေရန်အတွက် ဇန်နဝါရီ ၂၆ ရက်မှစ၍ ရွှေလီမြို့ရှိ ပန်းခြံ၊ ဟိုတယ်နှင့် ကစားကွင်းများအားလုံးကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း၊ လူစုလူဝေးဖြင့် ကျင်းပမည့်အခမ်းအနားများ၊ ပွဲလမ်းသဘင်များကိုလည်း ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

သို့သော် ရွှေလီမြို့အဝင် အထွက်များ၌ စစ်ဆေးမှုများ ဆောင်ရွက်ရန် ဂိတ်ဖွင့်လှစ်ထားကြောင်း၊ ရွှေလီမြို့အခြေအနေ ပြန်လည်တည်ငြိမ်ကောင်းမွန်သွားမှသာ လာရောက်လည်ပတ်နိုင်ပါကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

**သွန်းဝသန်**







## ရိုတာဗိုင်းရပ်စ် ကာကွယ်ဆေးများ ပူးတွဲတိုက်ကျွေးမည့် အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးပွဲပြုလုပ်

**ကျောက်ဆည် ဇန်နဝါရီ ၂၇**
ကျောက်ဆည်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အများပြည်သူများသို့ ပုံမှန်ကာကွယ်ဆေးတိုက်ခြင်း၊ ကာကွယ်ဆေးများ ထိုးပေးရာတွင် ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေးများပါတစ်ပါတည်း ထည့်သွင်းတိုက်ကျွေးပေးသွားမည်ဖြစ်သည်။

ထိုသို့ ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေးများပူးတွဲတိုက်ကျွေးမည့်အစီအစဉ်များနှင့် ပတ်သက်၍ ယမန်နေ့က အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆွေးနွေးပွဲပြုလုပ်ခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ တင်အောင်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပုံမှန်ကာကွယ်ဆေး ၁၁ မျိုးကို အသက်ငါးနှစ်အောက်ကလေးများအား ကူးစက်ရောဂါကြောင့် ဖြစ်ပွားသေဆုံးမှု မရှိစေရေးကာကွယ်ပေးနေရာမှ ၂၀၂၀ ပြည့်နှစ်တွင် ကာကွယ်ဆေးအသစ်နှစ်မျိုးဖြစ်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး(ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေး)နှင့် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးများကို ထည့်သွင်းတိုက်ကျွေးပေးသွားမည်ဖြစ်ကြောင်း၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသနေကြသော အသက်ငါးနှစ်အောက်ကလေးများတွင် ရိုတာဗိုင်းရပ်စ်ပိုးတွေ့ရှိနှုန်းမှာ မြင့်မားနေသည်ကို တွေ့ရှိရကြောင်း၊ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် အဆိုပါ ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေးကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှ စတင်၍ နိုင်ငံတော်အစိုးရမှ ဦးဆောင်ပြီးတစ်နိုင်ငံလုံးတွင် ထည့်သွင်းတိုက်ကျွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ကြောင့် ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် အထူးဂရုပြုကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အောင်တင့်က ကာကွယ်ဆေးအသစ်များ ထည့်သွင်းတိုက်ကျွေးသွားမည့် အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ဒုတိယခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာ စိုးလင်းထူးက ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ထိုးပေးခြင်းများကို ဒေသအလိုက်စုရပ်များရှိ လူအုပ်စုတိုင်း၊ ကလေးတိုင်းသို့ ရောက်ရှိစေရေးနှင့် ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေးသစ်များကို တစ်ပါတည်းတိုက်ကျွေးခြင်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သက်မောင် (ကျောက်ဆည်)**

## ကလေးအလုပ်သမား ဟူသည်အဘယ်နည်း။



### ကလေးသူငယ်အလုပ်သမားသည်တရားမဝင်ပါ

မြန်မာနိုင်ငံတွင်ကလေးအလုပ်သမားအတွက်သီးသန့်ဥပဒေမရှိဘဲကလေးအလုပ်သမားနှင့် တိုက်ရိုက်ဆက်နွှယ်နေသော၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများ ဥပဒေ၊ ၁၉၅၁ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ အမျိုးသားပညာရေးဥပဒေစသည်တို့သာ ရှိပါသည်။

၂၀၁၆ခုနှစ်၊ဆိုင်များနှင့်အလုပ်ဌာနများဥပဒေနှင့် ၁၉၅၁ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေများတွင် အသက်(၁၄)နှစ်အောက်ကလေးများအား အလုပ်မလုပ်ရန်တားမြစ်ထားသော်လည်း ၎င်းဥပဒေများက ကလေးအလုပ်သမား အများအပြားရှိသည်ဟု ယုံကြည်ရသော စိုက်ပျိုးရေးကဏ္ဍနှင့် ပုံမှန်မဟုတ်သည့် စီးပွားရေးလုပ်ငန်းများတွင်လုပ်ကိုင်နေရသော ကလေးများအတွက် အကျုံးမဝင်ပါ။



**သက်ဆိုင်ရာအလုပ်သမားဥပဒေများတွင် အလုပ်လုပ်ရန် အနိမ့်ဆုံးရှိရမည့် အသက်ကို (၁၄) နှစ်ဟု ပြင်ဆင်ပြဌာန်းပြီးဖြစ်ပါသည်။**

### အပြည်ပြည်ဆိုင်ရာပြဌာန်းချက်များ



၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံမှ အတည်ပြုလက်မှတ်ရေးထိုးခဲ့သည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) ၏ပြဌာန်းချက် အမှတ် ၁၈၂ အပိုဒ်(၃)ပါ အောက်ပါကဲ့သို့သော အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမား ခိုင်းစေခြင်း လျှော့နည်းပပျောက်ရေးအတွက် ဦးစားပေးအနေဖြင့် ချက်ချင်းလုပ်ဆောင်ရမည်-

(က) ပုံစံမျိုးစုံဖြင့်ကျွန်ပြုခိုင်းစေမှု(သို့) အလားတူကျွန်ပြုခိုင်းစေမှု (လူကုန်ကူးရောင်းဝယ်ခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခတွင်းတွင် အသုံးပြုရန်၊ မလုပ်မနေရအဓမ္မစုဆောင်းခြင်း)၊

(ခ) ကလေးသူငယ်များအား ပြည့်တန်ဆာလုပ်ငန်း (သို့) လိင်မှုဆိုင်ရာဖျော်ဖြေမှုများတွင် အသုံးပြုခြင်း၊

(ဂ) တရားဥပဒေနှင့်ဆန့်ကျင်သော မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းနှင့် ကုန်ကူးခြင်းတို့တွင် ကလေးကို အသုံးပြုခြင်း၊

(ဃ) ဘေးဥပါဒ်အန္တရာယ်ရှိသော လုပ်ငန်းဟုဆိုနိုင်သည့် ကလေးသူငယ်များ၏ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေး (သို့) ကိုယ်ကျင့်တရားဆိုင်ရာများကို ထိခိုက်ပျက်စီးစေသည့် သဘောသဘာဝ (သို့) အခြေအနေများတွင် လုပ်ကိုင်ရခြင်းတို့ဖြစ်သည်။

**လုပ်ငန်းခွင်ဝင်ရန် အနိမ့်ဆုံးအသက်အရွယ်နှင့်စပ်လျဉ်း၍ အိုင်အယ်(လ်)အိုပြဌာန်းချက်အမှတ် (၁၃၈) တွင် သာမန်အားဖြင့်မသင်မနေရ ပညာရေးပြီးဆုံးသည့် (၁၅)နှစ်အောက် မငယ်သင့်ဟု ပြဌာန်းထားသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဖြစ်နိုင်ခြေရှိသောချွင်းချက်မှာအသက် (၁၄)နှစ်ဖြစ်သည်။**

ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂပြဌာန်းချက်ကို မြန်မာနိုင်ငံက ၁၉၉၁တွင်အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး အပိုဒ်၃၂တွင် အဖွဲ့ဝင်နိုင်ငံများက ကလေးသူငယ်များ၏ အခွင့်အရေးကို အသိအမှတ်ပြု၍ ၎င်းတို့အပေါ် စီးပွားရေးခေါင်းပုံဖြတ်မှုနှင့် ၎င်းတို့၏ ပညာရေး၊ ကျန်းမာရေး (သို့) ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ကိုယ်ကျင့်တရားပိုင်းနှင့် လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုတို့ကို ထိခိုက်နစ်နာစေသည့် အန္တရာယ်ရှိသောအလုပ်များမှ အကာအကွယ်ပေးရမည်။

# ဒုတိယဝန်ကြီး ဦးတင်လတ် ကျိုက်ထိုမြို့၌ ဟိုတယ်လုပ်ငန်းရှင်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်သည် ယမန်နေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ ကျိုက်ထီးရိုးတောင် ဩဝါဒါစရိယ ဆရာတော်များကို ဖူးမြော်ကြည်ညို၍ ကျိုက်ထီးရိုး ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးဆိုင်ရာများကို လျှောက်ထားတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျိုက်ထိုမြို့ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေးပြီး Hotel Popular ၌ ဟိုတယ်လုပ်ငန်းရှင်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ ခရီးသွားဥပဒေအရ စီမံခန့်ခွဲမှုပုံစံအသစ်ပြောင်းလဲခြင်းကို ရှင်းလင်းပြောကြားကာ**(အပေါ်ပုံ)** ပြည်နယ်ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူးက မွန်ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။




ယင်းနောက် ဒုတိယဝန်ကြီးသည် ကျိုက်ထီးရိုးတောင်ပေါ်၌ TMA Recycle Co.,Ltd ၏ အမှိုက်ဖျက်ဆီးရေးစက်၊ ဆက်စပ်လုပ်ငန်းများနှင့် ကျိုက်ထီးရိုးတောင်ပေါ် အမှိုက်ရှင်းလင်းရေး ဆောင်ရွက်နေမှုနှင့် ကျိုက်ထီးရိုးတောင် Cabel ကားပြေးဆွဲနေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**သတင်းစဉ်**

# ပခုက္ကူဒေသတွင် ငရုတ်အထွက်ကောင်းပြီး ဈေးကောင်းရ

**ပခုက္ကူ ဇန်နဝါရီ ၂၇**

အညာဒေသ၏ အဓိကစိုက်ပျိုးထုတ်ကုန်ဖြစ်သောငရုတ်ကို ပခုက္ကူ-မြစ်ခြေကားလမ်းဘေး ဝဲယာတစ်လျှောက်ရှိ မှိုက်ပင်ကုန်း၊ မြို့ခင်းသာ၊ သရက်ပင်စု၊ နန်းတော်ရပ်၊ မြင်းဝန်း၊ ဘဲ၊ အောင်သာ၊ ကုလားချောင်း၊ ညောင်ပင်၊ ဥယျာဉ်၊ နံ့ဂါတ်၊ ငကျော်ကျေးရွာနှင့် ရောဝတီမြစ်ဘေး ရေဝင်ရောက်ရာမြေနုကျွန်းမြေများတွင် ဧကထောင်ချီစိုက်ပျိုးကြကြောင်း ငရုတ်ကိုယ်တိုင်စိုက်ပျိုးသူ မြင်းဝန်းကျေးရွာနေ ဦးတင်စိုးထံမှ သိရသည်။



ပခုက္ကူဒေသထွက် ငရုတ်သီးများ ခူးဆွတ်ပြီး နေလှန်းထားစဉ်။

ယခုနှစ်စိုက်ပျိုးရာသီ ငရုတ်စိုက်တစ်ဧကလျှင် ပိဿာ ၃၀၀ ခန့် ထွက်ရှိရာ ယမန်နှစ်ရာသီထက် အထွက်နှုန်း ကောင်းပြီး ဈေးနှုန်းမှာ ၁ ပိဿာလျှင် ငွေကျပ် ၅၀၀၀ လည်း ရရှိကြောင်းသိရသည်။ ယမန်နှစ်ရာသီ ဈေးနှုန်းထက် ပိုမိုကောင်းမွန်သော ဈေးနှုန်းရရှိပြီး ဘုရင့်နောင်ကုန်စည်ဒိုင်နှင့် အနယ်နယ်အရပ်ရပ်သို့လည်း တင်ပို့နေရကြောင်း ၎င်းက ပြောသည်။

ယခုနှစ်ရာသီတွင် ပခုက္ကူတစ်နယ်လုံး ငရုတ်သီးထွက်နှုန်း ခန့်မှန်းပိဿာ ၈ သိန်းခွဲခန့်ရမည်ဟု ခန့်မှန်းကြောင်း ဦးတင်စိုးက ဆက်လက်ပြောကြားသည်။ **ကိုတမာ(ပြန်/ဆက်)**

# ထိုင်းနိုင်ငံထွက် သရက်သီးများ ပခုက္ကူဈေးကွက်သို့ ဝင်ရောက်လာ

**ပခုက္ကူ ဇန်နဝါရီ ၂၇**

ထိုင်းနိုင်ငံထွက်သရက်သီးများ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁) မြို့မဈေးကြီးသို့ လှိုင်လှိုင်ဝင်ရောက်လာပြီဖြစ်ကြောင်း သရက်ချဉ်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သည့် ဒေါ်ကေသီထံမှ သိရသည်။

ထိုင်းနိုင်ငံထွက် သရက်သီးများ တစ်နှစ်ပတ်လုံး ဝင်ရောက်လျက်ရှိရာ ယခုအချိန်၌ သရက်သီးများ များပြားစွာဝင်ရောက်လာကြောင်းနှင့် မြန်မာနိုင်ငံအတွင်း ဒေသမျိုးရင်းသရက်ပင်များ ဖူးပွင့်ချိန်ရောက်မှသာ သရက်သီးဈေးနှုန်း အနည်းငယ်ကျဆင်းခဲ့ကြောင်း၊ ခြောက်ပိဿာအိတ် တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀ ပေးဝယ်ရကြောင်း၊ နွေရာသီက ခြောက်ပိဿာအိတ် တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀ အထိပေးဝယ်ရကာ သရက်သီးအသစ် မပြတ်စေရန် ဝယ်ယူပြီး သရက်သီးပေါက်စိတ်လုပ်၍ ရောင်းချခဲ့ကြောင်း သိရသည်။ သရက်သီးပေါက်စိတ် တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ ဖြင့် ပြန်လည်ရောင်းချရကြောင်းလည်း ဒေါ်ကေသီက ရှင်းပြသည်။

မြန်မာ့ဒေသ မျိုးရင်းသရက်များပေါ်ချိန်တွင် ပေါ်ဦးပေါ်စသာ ဈေးကောင်းရရှိပြီး သရက်မျိုးစုံ လှိုင်လှိုင်ပေါ်ချိန် သရက်သီးတစ်တင်း ငွေကျပ် ၂၀၀၀မှ ငွေကျပ် ၂၅၀၀ သာ ဈေးရရှိတတ်ကြောင်း၊ သရက်မျိုးစုံ လှိုင်လှိုင်ပေါ်ချိန် စဉ့်အိုးများဖြင့် လျှော်သိပ်ခြင်း၊ သစ်သားသေတ္တာများအတွင်း ပလတ်စတစ် ခံသိပ်ခြင်း၊ ဖက်ကြမ်းဆေးလိပ်ပိုများဖြင့် လျှော်သိပ်ထားကြကာ သရက်သီးအစိမ်းရှားပါးချိန်မှစတင်၍ လျှော်သိပ်ထားသည့် သရက်ချဉ်များအား စတင်ရောင်းချရကြောင်း၊ စတင်ရောင်းချချိန်က တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ မှ ယခုအခါ သရက်လျှော် သရက်ချဉ် (အဟောင်း) တစ်ပိဿာငွေကျပ် ၂၀၀၀ ဖြစ်နေကြောင်း သိရသည်။ ထိုင်းနိုင်ငံမှဝင်ရောက်လာသည့် သရက်သီးများသည် ဒေသမျိုးသရက်လောက် စားမကောင်းသော်လည်း တစ်နှစ်ပတ်လုံးသီးကာ ရောင်းချရခြင်းကြောင့် ဈေးကွက်အသာ စီးရနေကြောင်း သရက်ချဉ်လုပ်ငန်းရှင်များက ပြောသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# မီးဘေးကာကွယ်ရေး မီးငြှိမ်းသတ်မှု သရုပ်ပြလေ့ကျင့်

**တာချီလိတ် ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် ဝမ်ကောင်းမြို့မဈေးတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးငြှိမ်းသတ်ခြင်း သရုပ်ပြလေ့ကျင့်မှုကို ယမန်နေ့က ပြုလုပ်ခဲ့သည်။**(ယာပုံ)**



သရုပ်ပြလေ့ကျင့်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြှိမ်းသတ်ရေးယာဉ်များအသုံးပြုပြီး မီးငြှိမ်းသတ်ခြင်းများ၊ ဈေးသူဈေးသားများအား လက်တွေ့မီးငြှိမ်းသတ်ခြင်းများကို စုပေါင်းလေ့ကျင့်ခဲ့ကြပြီး အဆိုပါ သရုပ်ပြလေ့ကျင့်ရာသို့ တာချီလိတ်ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကို၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးစိုင်းခွန်ဇော်ဦး၊ စည်ပင်သာယာရေးကော်မတီဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

**စိုင်းအောင်ဇော်လင်း**

# ဗုဒ္ဓါဘိသေကဘုရားအနေကဇာတင် အခမ်းအနား နယ်သာလန်နိုင်ငံတွင် ကျင်းပ

**အမ်စတာဒမ် ဇန်နဝါရီ ၂၇**
နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့၌ ဗုဒ္ဓါဘိသေက အနေကဇာတင်နှင့် နယ်သာလန်နိုင်ငံရှိ မြန်မာမိသားစုဝင်များနှင့် သံရုံးမိသားစုဝင်များ တွေ့ဆုံပွဲ အခမ်းအနားတို့ကို ယနေ့ကျင်းပသည်။

ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်ခြင်းအခမ်းအနားကို ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် စတင်ကျင်းပရာ နယ်သာလန်နိုင်ငံရှိ မြန်မာမိသားစုဝင်များက ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်သည်။

ယင်းနောက် တွေ့ဆုံပွဲအခမ်းအနား ဆက်လက်ကျင်းပရာ နယ်သာလန်နိုင်ငံ IBEC ကျောင်းတည်ထောင်သူ ဆရာတော် ဒေါက်တာ အရှင်သောဘိတက အဖွင့်အမှာစကား မိန့်ကြားပြီး အလှူရှင် ဒေါ်တင်တင်ဝင်း မိသားစုက နိုင်ငံတော်သို့ မြေကေ ၄၀ လှူဒါန်းမှု စာရွက်စာတမ်းများကို နယ်သာလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးလင်းဟန်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ IBEC နယ်သာလန်ကျောင်းတော် ဖြစ်မြောက်ရေးကော်မတီ အစည်းအဝေးကျင်းပခြင်း၊ IBEC နာယကဆရာတော် အရှင်စန္ဒာဝရနှင့် အရှင်သေဋ္ဌိလတို့က အတွေ့အကြုံများအား မိန့်ကြားဆွေးနွေးခြင်းနှင့် အစည်းအဝေး တက်ရောက် လာကြသော ဒါယကာ ဒါယိကာမ များက အကြံပြုဆွေးနွေးကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# ရိုတာဗိုင်းရပ်စ် ကာကွယ်ဆေး တိုက်ကျွေးခြင်းနှင့်ပတ်သက်၍ ပညာပေးဆွေးနွေး

**ဟားခါး ဇန်နဝါရီ ၂၇**
ပုံမှန်ကာကွယ်ဆေးထိုး/ဆေးတိုက် အစီအစဉ်တွင် ကာကွယ်ဆေးသစ်ဖြစ်သော ရိုတာဗိုင်းရပ်စ် ကာကွယ်ဆေးကို စတင်ထည့်သွင်းခြင်းနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၂၇ ရက်က ဟားခါးမြို့ရှိ ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။


ကာကွယ်ဆေးတိုက်ကျွေးသွားမည့် အစီအစဉ်ကို ရှင်းလင်းဆွေးနွေးစဉ်။

ဆွေးနွေးပွဲတွင် ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနဦးစီးမှူး ဒေါက်တာငွေစံက အမှာစကား ပြောကြားပြီး ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှ လက်ထောက်ကျန်းမာရေးမှူး ဦးပီတာခိုင် ဒိတ်တုန်းက ရိုတာဗိုင်းရပ်စ် ကာကွယ်ဆေးနှင့် ပတ်သက်၍တိုက်ကျွေးနိုင်သည့် ကလေးငယ်များနှင့် တိုက်ကျွေးခွင့်မရှိသည့် ကလေးငယ်များ အကြောင်းကိုလည်းကောင်း၊ အဆိုပါကာကွယ်ဆေး ထည့်သွင်း တိုက်ကျွေးရသည့် ရည်ရွယ်ချက်များကို လည်းကောင်း ရှင်းလင်းပြောကြားကာ တက်ရောက် လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေး၍ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် အရပ်ဘက်အဖွဲ့အစည်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျွန်းလှမြို့နယ် မဒေါင်ကျေးရွာ၌ ကျေးရွာသစ်လွှပ်ရှားမှုစီမံကိန်း စတင်ဆောင်ရွက်နေ

**ကျွန်းလှ ဇန်နဝါရီ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှ မြို့နယ် မဒေါင်ကျေးရွာ၌ ကျေးရွာသစ်လှုပ်ရှားမှု (မြန်မာဆယ်လ်မားအူးအွန်ဒုံ) စီမံကိန်းကို ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့ငွေကျပ်သိန်း ၃၀၀ ဖြင့် ကျေးရွာနေပြည်သူများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးပွားရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောကြားသည်။


ကျေးရွာတွင်းလမ်းများတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေသည့် ပြည်သူများ

စီမံကိန်းအရ ကျေးရွာ၏ လူနေမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းနှင့် ရွာတွင်းလမ်းများတွင် အပတ်စဉ် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကိုလည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စီမံကိန်း ကော်မတီများ၊ ကျေးရွာနေပြည်သူများနှင့် ကျောင်းသားကျောင်းသူများ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၂၇**
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar ကုမ္ပဏီသည် ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် AUV Geophysical and Geotechnical Site Survey လုပ်ငန်းများအား MV.MP LAGENDA (Call Sign: 9V3831) ရေယာဉ်ဖြင့် ဖေဖော်ဝါရီ ၈ ရက်မှ ဇွန် ၃၀ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

AUV Geophysical and Geotechnical Site Survey လုပ်ငန်းများ ဆောင်ရွက်မည့် ရေယာအကျယ်အဝန်းများကို ဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| A | 16' 98' 63.69" N | 93' 71' 37.16" E |
| B | 16' 98' 66.97" N | 94' 23' 03.67" E |
| C | 16' 57' 09.74" N | 94' 15' 81.89" E |
| D | 16' 63' 16.35" N | 93' 71' 23.91" E |

သို့ဖြစ်၍ ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် AUV Geophysical and Geotechnical Site Survey လုပ်ငန်းများအား MV.MP LAGENDA (Call Sign:9V3831) ရေယာဉ်ဖြင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၈ ရက်မှ ဇွန် ၃၀ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်မရောမြို့၌ ပြည်သူပူးပေါင်းပါဝင်သော မြို့နယ်စီမံကိန်းရေးဆွဲခြင်း အလုပ်ရုံဆွေးနွေး

**ကျိုက်မရော ဇန်နဝါရီ ၂၇**
မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)တို့ ပူးပေါင်းကာ ပြည်သူပူးပေါင်းပါဝင်သော မြို့နယ်စီမံကိန်းရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၇ ရက်က ကျိုက်မရောမြို့ အတ္တရံခန်းမ၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အလုပ်ရုံဆွေးနွေးပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းမြင့်နိုင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ခိုင်က ဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ဖွံ့ဖြိုးမှု အထောက်အပံ့ ရန်ပုံငွေ အကြောင်းနှင့် UNDP ၏ ပံ့ပိုးမှုများ၊ နိုင်ငံသားများအတွက် ဘတ်ဂျက်ဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ မြို့နယ်ဖွံ့ဖြိုးရေးဆိုင်ရာ အဓိက ကဏ္ဍများနှင့် လက်ရှိ အခြေအနေများ၊ မြို့နယ်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ ဖွဲ့စည်းပုံနှင့် တာဝန်များ၊ စီမံကိန်းများ ဖော်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင် ဘေးကင်းလုံခြုံရေးနှင့် စီမံကိန်းများကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများ စသည်တို့ကို တက်ရောက်သူများက အုပ်စုများဖွဲ့၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ကျေးရွာ ၄၇ ရွာမှ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ် ဌာနဆိုင်ရာများ၊ ဒေသခံ တိုင်းရင်းသားအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့များ၊ အမျိုးသမီး ဆယ်အိမ်စုမှူးများ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၈ အထိ နှစ်ရက်ကြာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**



# အုတ်ဖိုမြို့နယ်၌ ဥပဒေရုံးအဆောက်အအုံသစ် ဖွင့်လှစ်

**အုတ်ဖို ဇန်နဝါရီ ၂၇**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့၌ မြို့နယ် ဥပဒေရုံးအဆောက်အအုံသစ်ကို ဇန်နဝါရီ ၂၇ ရက်က ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲတွင် ဥပဒေရုံးအဆောက်အအုံသစ် ဆိုင်းဘုတ်ကို ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းမြင့်၊ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးခင်မောင်လွင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောသူရအောင်နှင့် သာယာဝတီခရိုင် ဥပဒေအရာရှိ ဦးစိုးမိုးသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ တိုင်းဒေသကြီး ဥပဒေချုပ်က အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်မေစန္ဒီဦးက ဥပဒေရုံး အဆောက်အအုံသစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဥပဒေရုံးအဆောက်အအုံသစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မင်းသွေးပိုင်ကုမ္ပဏီမှ ဒါရိုက်တာ ဦးနိုင်ဝင်းက ပဲခူးတိုင်းဒေသကြီး ဥပဒေအရာရှိဦးခင်မောင်လွင်ထံပေးအပ်ခဲ့သည်။ အဆိုပါ ရုံးအဆောက်အအုံသည် အလျား ပေ ၅၀၊ အနံ ပေ ၃၀ ရှိသည့် အာရ်စီတစ်ထပ် အဆောက်အအုံဖြစ်ပြီး မင်းသွေးပိုင်ကုမ္ပဏီက တာဝန်ယူဆောက်လုပ်ပေးခဲ့ကြောင်း သိရသည်။

**အောင်သူ(အုတ်ဖို)**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ အသိပညာပေးဟောပြောပွဲ သုံးခွမြို့၌ ကျင်းပ

**သုံးခွ ဇန်နဝါရီ ၂၇**
ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အထက(၁)ကျောင်းခန်းမ၌ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေအသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၂၇ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းဝင်းနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးတင်လှတို့က အမှာစကားပြောကြားပြီး သုံးခွမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမြင့်က "ကလေးငယ်များအား အကြမ်းဖက်မှုအကြောင်း၊ ကလေးကို နှုတ်အားဖြင့် ရက်စက်ကြမ်းတမ်းစွာ ဆက်ဆံခြင်း၊ ကလေးကို မလိုအပ်ဘဲ စနောက်ခြင်း၊ ညစ်ညမ်းပုံများနှင့် စာပေများကို ကလေးမြင်အောင်ပြသခြင်း၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ခြင်းနှင့် ဆောင်ရန်ရှောင်ရန်အချက်များ၊ ကလေးသူငယ်အခွင့်အရေးနှင့် လိုက်နာရမည့်စည်းကမ်းများ၊ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဥပဒေများ" စသည့် ခေါင်းစဉ်များဖြင့် အသေးစိတ် ရှင်းလင်း ဟောပြောခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# ဆင်ဖြူကျွန်းမြို့ ရွှေကျွန်းဆည်းဆာ ဂိလာနအဘိုးအဘွားစောင့်ရှောက်ရေးဂေဟာ ဆောက်လုပ်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**ဆင်ဖြူကျွန်း ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ဆင်ဖြူကျွန်းမြို့တွင် တည်ဆောက်လျက်ရှိသော ရွှေကျွန်းဆည်းဆာ ဂိလာနအဘိုးအဘွားစောင့်ရှောက်ရေးဂေဟာ အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ရာ မကြာမီဖွင့်လှစ်၍ ဒေသတွင်းရှိ ခိုကိုးရာမဲ့ ဂိလာနအဘိုးအဘွားများအား ပြုစုစောင့်ရှောက်မှုပေးသွားတော့မည်ဖြစ်ကြောင်း ဂေဟာ စတင်တည်ထောင်သူ ဆင်ဖြူကျွန်းမြို့ ပြည်သူ့ဆေးရုံမှ တာဝန်ခံဆရာဝန် ဒေါက်တာကျော်ထက်အောင်ထံမှ သိရသည်။

ဂေဟာအဆောက်အအုံ ဆောက်လုပ်ရန်အတွက် ဆင်ဖြူကျွန်းမြို့ ဆုတောင်းပြည့်ဆရာတော် ဦးဇနိန္ဒက မြေ ၁ ဒသမ ၅ ဧက လှူဒါန်းခဲ့ပြီး စေတနာရှင် ပြည်သူများ၏ လှူဒါန်းငွေ ကျပ်သိန်း ၇၀၀ ဖြင့် အလျား ၉၆ ပေ၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ သွပ်မိုး သံဖရိမ်အုတ်ညှပ် ကြွေပြားခင်း၊ ကြွေပြားကာ တစ်ထပ်ခန်းမ တစ်ဆောင်၊ တစ်ဆက်တည်း အလျား ၄၈ ပေ၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ ဂေဟာဝန်ထမ်းများနေထိုင်ရန်နှင့် ဧည့်ခန်းမဆောင် တစ်ဆောင်၊ ပေ ၃၀ ပတ်လည် စားဖိုဆောင်တစ်ဆောင်၊ ဂါလန် ၅၀၀ ဆံ့ ရေစင်တစ်စင်နှင့် ရေချိုးခန်းရေအိမ်တွဲလျက် နှစ်လုံးကို ဆောက်လုပ်ပြီးစီးသွားပြီဖြစ်သည်။

"ကျွန်တော်တို့ အခုလို ဂိလာန အဘိုးအဘွားစောင့်ရှောက်ရေးဂေဟာ တည်ထောင်ရတဲ့ ရည်ရွယ်ချက်ကတော့ စောင့်ရှောက်သူ ကူကယ်ရာမဲ့ ဂိလာနအဘိုးအဘွားများရဲ့ ကျန်ရှိတဲ့ ဘဝနောက်ဆုံးနေ့ရက်များမှာ ကျန်းမာပျော်ရွှင် လုံခြုံစိတ်ချစွာ တရားဓမ္မများနဲ့ ကုန်ဆုံးသွားနိုင်ဖို့ဖြစ်ပါတယ်"ဟု ဒေါက်တာကျော်ထက်အောင်က ပြောသည်။

အဆိုပါ ဂေဟာ၌ ဒေသအတွင်းရှိ အသက် ၇၅ နှစ်နှင့်အထက် ဆွေမျိုးရင်းချာ စောင့်ရှောက်မှုမရှိသူနှင့် ဒုက္ခိတဘဝရောက်နေသူ အဘိုးအဘွားများအား လူမျိုးမရွေး၊ ဘာသာမရွေး လက်ခံသွားမည်ဖြစ်ကြောင်း၊ စိတ်ရောဂါနှင့် ကူးစက်ရောဂါ ခံစားနေရသူဖြစ်ပါက ဦးစွာ ရောဂါပျောက်ကင်းအောင် ကုသပေးပြီး နောက်ပိုင်းတွင် ဂေဟာသို့ ခေါ်ယူစောင့်ရှောက်မည်ဖြစ်ကြောင်း၊ ဂေဟာအတွင်းချမှတ်ထားသည့် စည်းကမ်းများကို လိုက်နာနိုင်သူ ၂၀ ဦးအား ကနဦး စတင်လက်ခံ၍ စောင့်ရှောက်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရွှေကျွန်းဆည်းဆာ ဂိလာန အဘိုးအဘွားစောင့်ရှောက်ရေးဂေဟာကို လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ဂေဟာ ဆောက်လုပ်ရေးအတွက် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်း ၁၀ ပေသွပ် အချပ် ၄၀၀ ကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုးမိုးသူ(စလင်း)**

# မိတ္ထီလာမြို့နယ်မှ ရေအခက်အခဲဖြစ်နေသည့် ကျေးရွာခုနစ်ရွာ၌ စက်ရေတွင်းများတူးဖော်

**မိတ္ထီလာ ဇန်နဝါရီ ၂၇**

မိတ္ထီလာမြို့နယ်အတွင်းမှ သောက်သုံးရေ အခက်အခဲ ဖြစ်ပေါ်နေသည့် ကျေးရွာ ခုနစ်ရွာ၌ စက်ရေတွင်းများကို မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇန်နဝါရီ ပထမပတ်အတွင်းမှစ၍ တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများ နွေရာသီတွင် သောက်သုံးရေ အခက်အခဲမရှိစေရန် စီမံချက်များ ရေးဆွဲ၍ ဘဏ္ဍာရေးနှစ်အလိုက် မြေသားကန်များ တူးဖော်ပေးခြင်း၊ စက်ရေတွင်းများ တူးဖော်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် သောက်သုံးရေ လိုအပ်လျက်ရှိသော အိုင့်၊ ငွေးချို၊ ဖလံကျင်း၊ မကျီးကုန်း၊ ညောင်ပင်လှ၊ မြင်တော်ကန်နှင့် ဆည်ကုန်းကျေးရွာများ၌ စက်ရေတွင်းများ တူးဖော်ပေးနေခြင်းဖြစ်သည်။



ကျေးရွာတစ်ရွာ၌ စက်ရေတွင်း တူးဖော်ပေးနေစဉ်။

တူးဖော်ပေးနေသည့် စက်ရေတွင်းများအနက် ငွေးချိုကျေးရွာမှ စက်ရေတွင်းမှာ အနက် ပေ ၇၀၀ ရှိ လေးလက်မ စက်ရေတွင်းဖြစ်ကာ ညောင်ပင်လှ၊ ဖလံကျင်း ၊ မကျီးကုန်း၊ အိုင့်ကျေးရွာများမှ စက်ရေတွင်းများမှာ အနက် ပေ ၄၀၀ စက်ရေတွင်းများဖြစ်သည်။ စက်ရေတွင်းတူးဖော်ခြင်းနှင့်အတူ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်နှင့် ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် မြင်တော်ကန်ကျေးရွာ၌ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်းနှင့် ရေစင်တည်ဆောက်ခြင်း၊ ဆည်ကုန်းကျေးရွာ၌ သုံးလက်မ စက်ရေတွင်း တူးဖော်ခြင်း၊ ရေစက်ရုံနှင့် ရေစင်တည်ဆောက်ခြင်း၊ ရေပိုက်သွယ်တန်းခြင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်း၊ ဒီးဒုတ်တောင်ကျေးရွာ၌ အိမ်တိုင်ရာရောက် ရေမီတာသုံး ပိုက်လိုင်းသွယ်တန်းခြင်း စသည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးနှင့် အရည်အသွေး ပြည့်မီစေရန် မြို့နယ် အရည်အသွေးစစ်ဆေးရေးအဖွဲ့က ဇန်နဝါရီ ၂၆ ရက်က ကွင်းဆင်းစစ်ဆေး၍ ကျေးရွာရေကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# နော်ဘူဘောဆုတောင်းတောင် အတက်လမ်း၌ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**သံတောင်ကြီး ဇန်နဝါရီ ၂၇**

ကရင်ပြည်နယ် သံတောင်ကြီးမြို့ရှိ နော်ဘူဘောဆုတောင်းတောင်သို့သွားသော တောင်တက်လမ်း၌ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၂၇ ရက်က ဆောင်ရွက်ပြီးစီးပြီဖြစ်၍ တောင်ခြေအထိ မော်တော်ယာဉ်များ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းခင်းခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ ဆောင်ရွက်ခဲ့ပြီး လမ်း၏အရှည်မှာ ပေ ၂၆၄၀ ရှိကာ အကျယ် ၁၂ ပေရှိကြောင်း၊ ခွင့်ပြုရန်ပုံငွေ ကျပ် သန်း ၈၀ ဖြင့် ခင်းခဲ့ခြင်းဖြစ်သည်။ ထို့အတူ တပ်နယ်မိသားစုကလည်း နော်ဘူဘောဆုတောင်းတောင် အတက်လမ်း ပေ ၁၀၀ တွင် ကတ္တရာခင်း၍ လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကနီမြို့နယ်အတွင်း လူထုဗဟိုပြုစီမံကိန်း ဆောင်ရွက်ထားမှုများကို ကွင်းဆင်းစစ်ဆေး

**ကနီ ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်အတွင်း ကျေးရွာများ၌ လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ် စီမံကိန်းစက်ဝန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာ လူထုဗဟိုပြုစီမံကိန်းမှ အကြံပေးပညာရှင် Ms.Corazon Juliano Soliman နှင့် ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့(NAG)မှ အမျိုးသားစီမံကိန်းအကြံပေး ဦးစောကိုဦးတို့ ပါဝင်သည့်အဖွဲ့သည် ကနီမြို့နယ် တောင်ပေါက်အရှေ့ကျေးရွာ၌ လုပ်ငန်းဆောင်ရွက်ထားမှုကို ဇန်နဝါရီ ၂၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။



နိုင်ငံတကာ လူထုဗဟိုပြုစီမံကိန်း အကြံပေးပညာရှင်နှင့် အဖွဲ့သည် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီးနောက် ကျေးရွာမှ စီမံကိန်းအထောက်အကူပြုကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် ဒုတိယနှစ် စီမံကိန်းတွင် ကွန်ကရစ်လမ်းလုပ်ငန်းကို ရွေးချယ်ရသည့် အကြောင်းရင်း၊ ကျား/မ တန်းတူ ပူးပေါင်းပါဝင်မှုနှင့် လုပ်အားဆောင်ရွက်မှု အခြေအနေများ စသည်တို့ကို မေးမြန်းကာ ကျေးရွာ စီမံကိန်းကော်မတီဝင်များက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **သန်းဌေးအောင်(ကနီ)**

# ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၂)နှစ်အောက် ကလေးငယ်များအား ထောက်ပံ့ကြေးပေးအပ်

**ရှမ်းရွာသစ် ဇန်နဝါရီ ၂၇**

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့ ပိုးပလေကျေးရွာအုပ်စု ခလော့ဒေးကျေးရွာမှ ကိုယ်ဝန်ဆောင်မိခင်များ၊ အသက်(၂)နှစ်အောက် ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပထမအကြိမ် ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇန်နဝါရီ ၂၇ ရက်က ကျင်းပခဲ့သည်။

ထောက်ပံ့ကြေးပေးအပ်ပွဲတွင် ခလော့ဒေးကျေးရွာ အုပ်ချုပ်ရေးမှူးက ထောက်ပံ့ကြေးများကို သုံးလလျှင်တစ်ကြိမ် ပေးအပ်လျက်ရှိရာ ယခုပေးအပ်ခြင်းမှာ အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလအတွက် ပေးအပ်ခြင်းဖြစ်ကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၂)နှစ်အောက် ကလေးများအတွက် တစ်လလျှင် ကျပ် ၁၅၀၀၀ နှုန်းဖြင့် သုံးလအတွက် ကျပ် ၄၅၀၀၀ နှင့် အသက် ၈၅ နှစ်အထက် သက်ကြီးရွယ်အိုများအတွက် တစ်လလျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် သုံးလအတွက် ကျပ် ၃၀၀၀၀ တို့ကို ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ မိခင်သေဆုံးမှုလျှော့ချနိုင်ရေး၊ ကလေးငယ်များ လုံလောက်သောအာဟာရ ရရှိစေရေးနှင့် ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး ရည်ရွယ်လျက် ထောက်ပံ့ကြေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာရှိကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက်ကလေး စုစုပေါင်း ၇၅ ဦးနှင့် အသက် ၈၅ နှစ်အထက် ဘိုးဘွား နှစ်ဦးတို့အတွက် ထောက်ပံ့ကြေးငွေ ကျပ် ၃၄၃၅၀၀၀ ကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# နမ့်ဆန်၌ တအာင်းဂီတနှင့် ရုပ်ရှင်အစည်းအရုံး နှစ်ပတ်လည် အခမ်းအနားကျင်းပ

**နမ့်ဆန် ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် ဇယန်းကြီးအုပ်စု သမဝါယမခန်းမ၌ နမ့်ဆန်မြို့နယ် တအာင်းဂီတနှင့် ရုပ်ရှင်အစည်းအရုံးဖွဲ့စည်းခြင်း တစ်နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယအကြိမ် အဆိုပြိုင်ပွဲ ကျင်းပနိုင်ရေး၊ တအာင်းတေးသီချင်းသစ်များ ရေးသားနိုင်ရေးနှင့် တေးရေးဆရာ၊ အဆိုရှင်များ၏ အခက်အခဲနှင့် ကာကွယ်သည့် စည်းမျဉ်းစည်းကမ်းများကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အောင်မိုး (ပြန်/ဆက်)**

# ညောင်တုန်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လျှပ်စစ်မီးစတင်ရရှိ

**ညောင်တုန်း ဇန်နဝါရီ ၂၇**

အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းဖြင့် ဆောင်ရွက်သည့် ကျေးရွာလျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ညောင်တုန်းမြို့နယ် နတ်ပေးကျေးရွာအုပ်စု နတ်ပေးကျေးရွာ၌ ကျင်းပသည်။

ညောင်တုန်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းက အမှာစကားပြောကြားပြီး မြို့နယ်လျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကရင်ရိုးရာ ဒုံးယိမ်းအဖွဲ့ဝင်များနှင့် ရွာသူ ရွာသားများ စုပေါင်း၍ မီးခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ဒေသခံ ဦးသန်းနိုင်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့သည် အဆိုပါအုပ်စုရှိ စိန်ဘုရားစုကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း အစီအစဉ်ဖြင့် ညောင်တုန်းမြို့နယ် နတ်ပေးကျေးရွာအုပ်စုအတွင်း ကျေးရွာပေါင်းလေးရွာအထိ လျှပ်စစ်မီးရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

**သပြေထွန်း**

## စဉ့်ကူးမြို့၌ ကျောင်းသား ကျောင်းသူများအား သဘာဝဘေးအန္တရာယ်အကြောင်း အသိပညာပေး

**စဉ့်ကူး ဇန်နဝါရီ ၂၇**
မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူး၍ သဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ကလေးသူငယ်များအား အသိပညာပေး အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက်က စဉ့်ကူးမြို့အခြေခံပညာ အထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်နီလင်းက ကျောင်းသား ကျောင်းသူများအနေဖြင့် ဘေးအန္တရာယ်ကာကွယ်လျှော့ချရေးဆိုင်ရာ အသိပညာဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအစီအစဉ် (Kaeru Caravan)ကို ပြုလုပ်ခြင်းဖြစ်ကြောင်း၊ Kaeru Caravan သည် ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ လေ့ကျင့်ရေးအစီအစဉ်တစ်ခုဖြစ်ပြီး ပါဝင်သူများအနေဖြင့် လေ့ကျင့်မှုကာလအတွင်း ဘေးအန္တရာယ်ကာကွယ်ရေး အတွေ့အကြုံများနှင့် အသိပညာများရရှိစေနိုင်မည်ဖြစ်ကြောင်း၊ Kaeru Caravan အစီအစဉ်ကို ဂျပန်နိုင်ငံ ကိုဘေးမြို့၌ ၂၀၀၅ ခုနှစ်မှ စတင်ခဲ့ကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ကလေးများသည် ထိခိုက်ဒဏ်ရာရရှိမှုနှင့် အသက်ဆုံးရှုံးနိုင်ခြေ အများဆုံးဖြစ်သောကြောင့် ကလေးများအတွက် သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေးများကို ဂိမ်းပုံစံပြုလုပ်ပြီး ၎င်းတို့၏ မိသားစုများနှင့်အတူ လေ့လာဆော့ကစားနိုင်သော ကစားနည်းတစ်ခုလည်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား အဖွဲ့ ၁၀ ဖွဲ့ခွဲ၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးချမ်းပြည့်ကျော် နှင့် မီးသတ်တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးသည့် ဂိမ်းကစားနည်း ၁၀ မျိုးကို လက်တွေ့သရုပ်ပြ ကစားစေခြင်းဖြင့် ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာများကို လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**မင်းဇော်ဦး(ပြန်/ဆက်)**



## နွေစပါးနှင့် ပဲတီစိမ်းစိုက်ခင်းများကို ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၂၇**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုသည် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြင့်ဆွေ၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဇော်လင်းထွန်းနှင့် ရန်ကုန်တောင်ပိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဆန်းထွန်းဝင်းတို့နှင့်အတူ သန်လျင်မြို့နယ်အတွင်းရှိ နွေစပါးစိုက်ပျိုးထားရှိမှုများနှင့် ပုဂံထောင်ကျေးရွာရှိ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း နည်းစဉ်များဖြင့် ပဲတီစိမ်းတစ်ကွင်းတစ်စပ်တည်း ဧက ၃၀၀ စိုက်ပျိုးအောင်မြင်နေမှုများကို ဇန်နဝါရီ ၂၆ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့အပြင် ဒုတိယညွှန်ကြားမှူးချုပ်သည် သန်လျင်မြို့နယ် ကဒတ်ဖြာကျေးရွာအုပ်စု ပြည်တော်သာကျေးရွာ၌ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)နှင့် ကိုရီးယားသမ္မတနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုဌာနတို့ ပူးပေါင်းဆောင်ရွက်နေသော စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဝေနေမှု အစီအစဉ်များကို ကြည့်ရှုစစ်ဆေးပြီးနောက် ရန်ကုန်တောင်ပိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနများမှ ဦးစီးမှူးများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ စိုက်ပျိုးရေးဦးစီးဌာန လုပ်ငန်းစဉ်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

## အားကစားဆိုင်ရာ သိကောင်းစရာများ ဟောပြောပြီး Fitness Dance အက ပညာပေးသရုပ်ပြ

**စေတုတ္တရာ ဇန်နဝါရီ ၂၇**
မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ ကိုယ်ကာယ ကျန်းမာကြံ့ခိုင်စေရန်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ အားကစားဆိုင်ရာ သိကောင်းစရာများ ဟောပြောပွဲနှင့် Myanmar Fitness Dance အက ပညာပေးသရုပ်ပြသည့် အစီအစဉ်ကို မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ စေတုတ္တရာ အခြေခံပညာ အထက်တန်းကျောင်း၌ ဇန်နဝါရီ ၂၇ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှူး ဦးမြတ်စိုးလင်းက အားကစားပြုလုပ်ခြင်းဖြင့် ကိုယ်ကာယ ကျန်းမာကြံ့ခိုင်စေသည့် အကျိုးကျေးဇူးများအကြောင်းနှင့် အားကစားပြုလုပ်ရာတွင် ဆောင်ရန်ရှောင်ရန်များကို ပညာပေးဆွေးနွေးဟောပြောသည်။ ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာနမှ နည်းပြ(နည်းစနစ်မှူး) ဒေါ်ခင်မို့မို့လွင်က ကိုယ်လက်လှုပ်ရှားဆေးတစ်ပါးအကကို သရုပ်ပြခဲ့ရာ ကျောင်းသား ကျောင်းသူ ၁၅၀ ခန့် ပါဝင်လေ့ကျင့်ခဲ့သည်။

**ခင်သန်းလှိုင်(ပြန်/ဆက်)**

## ကြေးနီစီမံကိန်းများ၏ ပတ်ဝန်းကျင်ကျေးရွာများမှ ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲနှင့် ကျောင်းသားကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲကျင်းပ

**ဆားလင်းကြီး ဇန်နဝါရီ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် အတွင်းရှိ ကြေးနီစီမံကိန်းများဖြစ်သော လက်ပံတောင်းတောင်၊ စံပယ်တောင်နှင့် ကြေးစင်တောင် ကြေးနီစီမံကိန်းများ၏ အနီးပတ်ဝန်းကျင် ကျေးရွာများမှ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီး ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲနှင့် တက္ကသိုလ်/တက္ကသိုလ်ဝင်တန်းကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆားလင်းကြီးမြို့နယ် ကျော်ရွာကျေးရွာရှိ လက်ပံတောင်းတောင် တောင်ကြားစေတီအနီး သာသနာ့ဗိမာန်တော်၌ ဇန်နဝါရီ ၂၆ ရက်က ကျင်းပခဲ့သည်။




အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းထွန်းအောင်က အမှာစကားပြောကြားပြီး မြန်မာ-ဝမ်ပေါင် မိုင်းနင်းကော့ပါးလီမိတက်နှင့် မြန်မာ-ယန်စီ ကော့ပါးလီမိတက်တို့၏ ဥက္ကဋ္ဌ မစ္စတာကျန်းရီဖုန်းက ထောက်ပံ့ကြေးပေးအပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ တာဝန်ရှိသူ ဦးခင်မောင်မြင့်က စီမံကိန်းများ ဆောင်ရွက်ရာတွင် စီးပွားရေးဆိုင်ရာ လူမှုရေးတာဝန်ယူမှု(CSR) လုပ်ငန်းများကို တာဝန်ယူမှု တာဝန်ခံမှုများဖြင့် ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ စီမံကိန်းနေရာအတွင်းရှိ ကျေးရွာများ ဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေတစ်ရပ်ထူထောင်၍ လမ်းတံတားများနှင့် ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ ဆေးရုံ/ဆေးခန်းများ ဆောက်လုပ်ပေးခြင်းနှင့် နယ်လှည့်ဆေးကုသရေးယာဉ်များဖြင့် ကျေးရွာများအရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် အခြေအနေများ၊ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်းနှင့် ဒေသခံ ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေများပေးအပ်နေသည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက အဘိုးအဘွားများအား ထောက်ပံ့ငွေများ ပေးအပ်ရာ အဘိုးအဘွားများကိုယ်စား အဘိုးဦးဌေးက လက်ခံရယူခဲ့သည်။ **(အပေါ်ပုံ)** ဆက်လက်၍ တက္ကသိုလ်နှင့် တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေများကို မြန်မာ-ဝမ်ပေါင် မိုင်းနင်းကော့ပါး လီမိတက်ဥက္ကဋ္ဌ မစ္စတာကျန်းရီဖုန်းက ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကြေးနီစီမံကိန်းများဖြစ်သော လက်ပံတောင်းတောင်၊ စံပယ်တောင်နှင့် ကြေးစင်တောင် စီမံကိန်းများ၏ အနီးပတ်ဝန်းကျင်ကျေးရွာအုပ်စု ကိုးစု၊ ကျေးရွာပေါင်း ၄၂ ရွာမှ အသက် (၇၅) နှစ်နှင့်အထက် အဘိုးအဘွား ၁၂၂၂ ဦးအား တစ်ဦးလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ကျပ် ၆၁၁ သိန်းကိုလည်းကောင်း၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၁၃၅၅ ဦးအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ကျပ် ၁၃၅၅ သိန်းကိုလည်းကောင်း၊ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူ ၇၀၁ ဦးအား တစ်ဦးလျှင် ထောက်ပံ့ ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ကျပ် ၃၅၀၅၀၀၀၀ ကိုလည်းကောင်း မြန်မာ-ဝမ်ပေါင် မိုင်းနင်းကော့ပါးလီမိတက်နှင့် မြန်မာ-ယန်စီ ကော့ပါးလီမိတက်တို့မှ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်လင်း(ဆားလင်းကြီး)**

## ကျောင်းသားကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**တောင်တွင်းကြီး ဇန်နဝါရီ ၂၇**
မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ အလက (မြို့မ)ကျောင်းမှ ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး




ဟောပြောပွဲကို ဇန်နဝါရီ ၂၇ ရက်က ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နှင်းမိုးတင်က အမှာစကားပြောကြားပြီး အမှတ်(၁၅) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ကြပ်ထွန်းမင်းထွေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဟောပြောခဲ့သည်။ (ဝဲပုံ)

အသိပညာပေးဟောပြောပွဲ ပြုလုပ်သည့် ရည်ရွယ်ချက်နှင့် ပတ်သက်၍ တပ်ကြပ်ထွန်းမင်းထွေးက "ကျောင်းသူ ကျောင်းသားတွေ ယာဉ်အန္တရာယ်ကင်းရှင်းစေဖို့အတွက် အဓိကထားပြီး ဆောင်ရွက်ပေးနေတာပါ၊ လမ်းစည်းကမ်းတွေကိုလည်း နားလည်အောင် ကလေးတွေကို သေချာရှင်းပြပေးပါတယ်၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေး လက်ကမ်းစာစောင် ၂၅၀ ကိုလည်း ဖြန့်ဝေပေးပါတယ်၊ ကလေးတွေကို လမ်းဖြတ်ကူးရင် ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် ဆိုတဲ့ ဆောင်ပုဒ်ကိုလည်း သေချာရှင်းပြပြီး သင်ကြားပေးခဲ့ပါတယ်"ဟု ပြောကြားသည်။

**(၀၈၅)**

## နတ်တလင်း၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံသင်တန်းဖွင့်

**နတ်တလင်း ဇန်နဝါရီ ၂၇**
လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးက ကြီးမှူး၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၀)ကို နတ်တလင်းမြို့၌ ဇန်နဝါရီ ၂၇ ရက်က ဖွင့်လှစ်ခဲ့သည်။

နတ်တလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် သင်တန်းဖွင့်ပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်နိုင်က သဘာဝဘေးအန္တရာယ်များတွင် အချို့သည် ကြိုတင်သိနိုင်သလို မသိနိုင်သည့် အရာများလည်းရှိကြောင်း၊ ရုတ်တရက်ဖြစ်ပေါ်လာသော သဘာဝဘေးများအတွက် အလျင်အမြန် အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်နိုင်ရန်အတတ်ပညာနှင့် စီမံခန့်ခွဲမှုပညာများကို သိရှိထားရန်လိုအပ်ကြောင်း၊ ယခု သင်တန်းတွင် စာတွေ့လက်တွေ့သင်ကြားပို့ချမည်ဖြစ်ကြောင်း၊ သင်ကြား လိုက်သည်များကို မိမိတို့ဌာန မိမိတို့ပတ်ဝန်းကျင်ရှိ ပြည်သူများထံသို့လည်း အသိပညာများ ဆင့်ပွားမျှဝေပြောကြားရန် တိုက်တွန်းပါကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှူး ဒေါ်ဝင်းဝင်းမာက သင်တန်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ သင်တန်းကို ဆက်လက်ဖွင့်လှစ်ပို့ချခဲ့သည်။ အဆိုပါသင်တန်းသို့ နတ်တလင်းမြို့နယ်အတွင်းမှ သင်တန်းသား သင်တန်းသူ ၃၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ လေးရက်ဖြစ်ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# အထူးဝမ်းမြောက်ဂုဏ်ယူပူဇော်ခြင်း

ဖောဓိရိပ်ငြိမ်တောရကျောင်းတိုက် (မှော်ဘီမြို့)၊ သဒ္ဓမ္မောဒယ ဂိုဏ်းထောက်ကျောင်းတိုက်(သန်လျင်မြို့)၊ မဟာနေ ဘုရင်ကျောင်းတိုက် (မအူကုန်းကျေးရွာ၊ ဟသ်ာတမြို့နယ်) လက်လုပ်တောင်တောရကျောင်းတိုက်(နေပြည်တော်)နှင့် ဖောဓိဂုဏ်ရည်ကျောင်းတိုက်(ကျောက်မိုး၊ နေပြည်တော်)ကျောင်းများ၏ ဦးစီးပဓာန နာယက ဆရာတော် ဖြစ်တော်မူသော

**ဘဒ္ဒန္တကုန္တာစရိယ**
**မဟာကမ္မဋ္ဌာနာစရိယ(ဗုဒ္ဓေါရသ)အရှင်သူမြတ်**

အား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၄ ရက်(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၀)ဖြင့်-

**"အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ"**

ဘွဲ့တံဆိပ်တော်အား ဆက်ကပ်ချီးမြှင့် ပူဇော်ခံရသည့်အတွက် တပည့်သာဝကများမှ အတိုင်းမသိ ဝမ်းမြောက်ဂုဏ်ယူဖြစ်ရပါကြောင်းနှင့် ဆရာတော် သာသနာ့ဝန်ကို၊ ခန္ဓာ့ဝန်ကို လွယ်ကူစွာဆောင်ရွက်နိုင်ပြီး သက်တော်ရာကျော်ရှည်ကာ သာသနာပြုနိုင်ပါစေကြောင်း မေတ္တာပို့သဆုမွန်ကောင်းတောင်းအပ်ပါသည်။

**တပည့် သာဝကများ**

ဖောဓိရိပ်ငြိမ်တောရကျောင်းတိုက် (မှော်ဘီမြို့)
သဒ္ဓမ္မောဒယ ဂိုဏ်းထောက်ကျောင်းတိုက်(သန်လျင်မြို့)
မဟာနေ ဘုရင်ကျောင်းတိုက်(မအူကုန်း၊ ဟသ်ာတမြို့)
လက်လုပ်တောင်တောရကျောင်းတိုက်(နေပြည်တော်)
ဖောဓိဂုဏ်ရည်တောရကျောင်းတိုက်(ကျောက်မိုး၊ နေပြည်တော်)
ဖောဓိဟိတကာရီသာသနာပြုအဖွဲ့(နေပြည်တော်)

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၄)(မော်လမြိုင်)
## Open Tender ခေါ်ယူခြင်း

၂၄-၁-၂၀၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၄)၊ မော်လမြိုင်မှ မွန်ပြည်နယ်အတွင်း တာဝန်ယူတည်ဆောက်လျက်ရှိသော ကျိုက်မရောမြို့နယ်၊ ကျိုက်မရော-စံပယ်ဂူ -ကော့ပနော လမ်းပေါ်ရှိ အတ္တရံ မြစ်ကူး(စံပယ်ဂူ)တံတား တည်ဆောက်ခြင်းအတွက် (၂၀၁၉-၂၀၂၀) ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ လုပ်ငန်းခွင်အရောက်ဝယ်ယူခြင်း၊ စက်ယာဉ်ယန္တရား ငှားရမ်းခြင်းနှင့် သံမဏိသံပေါင် သယ်ယူပို့ဆောင်ခြင်းတို့ကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

-ဝယ်ယူမည့် ပစ္စည်းများ
- H.S.D (ရိုးရိုး၊ Premium),J-Wood
- 10mm thk; M.S Plate(5'x20')
- 100mm x 100 mm x 4.5mm Steel Box (6m Length)
- 75mm x 45 mm x 3.2mm Steel Box (6m Length)

- ငှားရမ်းမည့်စက်ယာဉ်များ
  - 80 Ton Crawler Crane နှင့် 120 Ton Crawler Crane , Loader
- သယ်ယူပို့ဆောင်ခြင်း
  - သံမဏိသံပေါင်

တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ၂၇-၁-၂၀၂၀ ရက်မှစ၍ ရုံးချိန်အတွင်း တံတားအထူးအဖွဲ့(၁၄)ရုံး၊ မော်လ မြိုင်မြို့၊ (ဖုန်း- ၀၉-၄၂၆၉၈၀၈၉၈၊ ၀၉-၇၉၂၃၉၈၇၀၀၊ ၀၉-၄၅၂၉၀၄၅၅၉)တို့တွင် ဝယ်ယူနိုင်ပါသည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၁-၂-၂၀၂၀ရက် ညနေ ၄:၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၄-၂-၂၀၂၀ရက် နံနက် ၁၀:၀၀ နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဖယ/၃၅၅၄၅, Honda Click 125 MC ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးကိုကိုဝင်း ၉/မတရ(နိုင်)၁၅၇၅၉၇ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/51522 Shayan 110 M/C ယာဉ်လက်ဝယ်ရှိသူ Sabi Thinn Co.,Ltd; က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပခုက္ကူ)**

---

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ အကွက်အမှတ်(၁၀)၊ တံတားဦးအနောက်ရပ်၊ ဦးပိုင်အမှတ်(၄၂-ခ+၄၃-ခ)၊ မြေယာအမှတ်(3-B/273+72/264-B)၊ မြေဧရိယာ ၀ဒသမ ၀၆၃ ဧကရှိ မြေနှင့်မြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်များကို ဦးထွန်းအေးက မြေဂရန် အမည်ပေါက်ပိုင်ဆိုင်ခဲ့ပါသည်။ ဦးထွန်းအေး၏ အထွေထွေ ကိုယ်စားလှယ် ဦးနန္ဒာစိုးထံမှ ဦးကျော်မျိုးအောင်က မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူလက်ရှိ ပိုင်ဆိုင်ပါသည်။ အထက်ပါမြေနှင့် နေအိမ်အား ဦးကျော်မျိုးအောင်မှ မြေငှားဂရန် အမည်ပြောင်းပေးပါရန် ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထား ပြီးဖြစ်ပါသည်။ ဦးကျော်မျိုးအောင်မှ ဂရန်အမည်ပြောင်းပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်သော စာရွက်စာတမ်းမူရင်းများနှင့်တကွ ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြင်ဦးလွင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဦးကျော်မျိုးအောင်မှ ဂရန်အမည်ပြောင်း ပေးပါရန် လျှောက်ထားသည့် ကိစ္စအား ဥပဒေနှင့် အညီ ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

---

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**ဧရာဝတီတိုင်းဒေသကြီး**
**လမ်းဦးစီးဌာန၊ မြောင်းမြခရိုင်**
**၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့်**
**ဆောင်ရွက်မည့် လုပ်ငန်းခွင်သုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ မြောင်းမြခရိုင်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းနှင့်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း-တံတား၊ လုပ်ငန်းများ၌ အသုံးပြုရန် လိုအပ်သောလုပ်ငန်းခွင်သုံးပစ္စည်းများအား သက်ဆိုင်ရာ ဆိပ်ကမ်းအလိုက် (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့် လုပ်ငန်းခွင်သုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက် ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို မြောင်းမြခရိုင်၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၏ ကြော်ငြာသင်ပုန်းတွင် (၂၁-၂-၂၀၂၀)ရက်မှ စတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

**တင်ဒါပိတ်မည့် ရက်/အချိန်** - (၂၇-၂-၂၀၂၀)ရက် (ကြာသပတေးနေ့) ညနေ (၃:၀၀)နာရီ
**တင်ဒါဖွင့်မည့်နေ့ရက်/အချိန်** - (၂၈-၂-၂၀၂၀)ရက် (သောကြာနေ့) နံနက် (၁၀:၀၀)နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် (၂၁-၂-၂၀၂၀) ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင် ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**မြောင်းမြခရိုင်၊ လမ်းဦးစီးဌာန**
**ဖုန်း-၀၄၂-၇၀၁၅၃**

---

## အစုရှယ်ယာလျှော့ချကြောင်း ကြေညာခြင်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ထင်းရှူးကျေးရွာတောင်ပိုင်း၊ အမှတ်(၄/၁၅၉)တွင် ရုံးခန်းဖွင့်လှစ်ထားသော မွန်ကင်းစတား ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်(ကုမ္ပဏီမှတ်ပုံတင်အမှတ်-122401170)သည် ၂၅-၁-၂၀၂၀ရက်တွင် ကျင်းပခဲ့သော ကုမ္ပဏီ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ လက်ရှိအစုရှယ်ယာအရေအတွက် ၅၀၀ (တန်ဖိုးကျပ်သိန်း ၅၀၀)မှ အစုရှယ်ယာအရေအတွက် ၁၀၀ (တန်ဖိုးကျပ်သိန်း ၁၀၀)သို့ အစုရှယ်ယာလျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ မင်းကုန်းရပ်ကွက်၊ အကွက်အမှတ်(၂၈)ဦးပိုင် ၅၈၊ ၀ဒသမ၁၄၄ဧကရှိ အမှတ်(၂၁)ထောက်လှမ်းရေးတပ် အမည်ပေါက် မြေကွက်အား စစ်ဖက်ရေးရာ လုံခြုံရေးတပ်ဖွဲ့အမည်ဖြင့် စက်မှုစီးပွားအမည်ပြောင်း မြေငှားဂရန် အသစ်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**စစ်ဖက်ရေးရာလုံခြုံရေးတပ်ဖွဲ့၊ ဗန်းမော်မြို့**

---

## ကန့်ကွက်နိုင်ပါသည်

ဦးသန့်ဇင် ၇/ပခန(နိုင်)၂၅၂၅၉၀ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၇)ရပ်ကွက်၊ ယဿဝတီလမ်း၊ အမှတ်(၂၀၈)အား ကျွန်ုပ်မှဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက အထောက်အထား ပြည့်စုံစွာဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးဗိုလ်ဗိုလ်**
**၀၉-၄၃၁၃၉၀၈၇**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ (၈၆)ရပ်ကွက်၊ မြေကွက်အမှတ်(၃၅၅)၊ ဧရိယာပေ(၄၀ x ၆၀)မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော ဧရိယာပေ( ၂၀ x၆၀)မြေနှင့် အကျိုးခံစားခွင့်အားလုံးကို ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ချိုရည်ဝင်း ၁၂/ဒဂတ(နိုင်)၀၅၂၃၅၁ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်မေသော်တာဗိုလ် ၈/ပခက(နိုင်) ၂၅၂၃၂၆၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး(ဥပဒေဘွဲ့)၊ အထက်တန်းရှေ့နေ(စဉ်-၂၆၆၁၈/၀၇)**
**(ရုံး)ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၈၉၂၀၉၀၁၇၂**

---

# ရောင်းချရန်ကြော်ငြာစာ
# (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
# ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
# ၂၀၁၇ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅

| | | |
|---|---|---|
| မြဝတီဘဏ်လီမိတက် (၎င်း၏ကိုယ်စားမန်နေဂျာဒေါ်အိလဲ့ဝင်းကြိုင်) | နှင့် | (၁)ဦးမောင်မောင်ကြီး(ခ)ဦးမောင်ကြီး (၂)ဒေါ်တင်တင်မွေး(ခ)ဒေါ်မိမိ(ခ)ဒေါ်မီမီ |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမကြီးမှုအမှတ် ၁၄၇/၂၀၁၄အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသည့်ပစ္စည်းများကို ၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီ(၂၁) ရက် နံနက် ၁၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂၅-က)၊ မြေကွက်အမှတ် (၂၂/က+၂၂/ခ)၊ ဧရိယာ ၂ဒသမ၈၀၀ဧကရှိ ဦးမောင်မောင်ကြီးအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှစ်ကွက်နှင့် ယင်းမြေပေါ်ရှိ အမှတ်(၂၂/က-ခ)၊ ရန်ကုန်-ပြည်လမ်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် ခြံဝင်းအတွင်းရှိ အဆောက်အအုံများအားလုံးနှင့် အခြားအကျိုးခံစားခွင့်များအားလုံး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း(၂၀၀၀၀)(ကျပ်သိန်းပေါင်းနှစ်သိန်းတိတိ)**

၂။ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆)၊ မြေကွက်အမှတ်(၂၃)၊ ဧရိယာ ၀ဒသမ၂၉၅ဧကရှိ ဒေါ်မိမိ(ခ)ဒေါ်တင်တင်မွေး-ဦးမောင်မောင်ကြီး(ခ)ဦးမောင်ကြီး အမည်ပေါက် ဘီ-လ/န(၃-ခ)ရပြီး မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-စ/၂၀၇၊ ဓမ္မာရုံလမ်း၊ ဇ/မြောက်ရပ်ကွက်၊ လေးဒေါင့်ကန်လမ်းမကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် ခြံဝင်းအတွင်းရှိ အဆောက်အအုံများ အားလုံးနှင့် အခြားအကျိုးခံစားခွင့်အားလုံး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း(၂၀၀၀၀)(ကျပ်သိန်းပေါင်းနှစ်သိန်းတိတိ)**

၃။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂၁စီ)၊လူနေရပ်ကွက်အမှတ်၊ ကိုးလုံးတောင်ကွင်း၊ မြေကွက်အမှတ်(၇၄/ဃ၊၇၄/ခ)မြေဧရိယာ (၂ဒသမ၉၉၈ဧက+၄ဒသမ၀၄၄ဧက)=၇ဒသမ၀၃၉ဧကရှိ ဒေါ်တင်တင်မွေး-ဦးမောင်မောင်ကြီး အမည်ပေါက် ဘီ-မြေ(၃/ခ)ရပြီး မြေကွက်နှစ်ကွက်တစ်ဆက်တည်းနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၇၄၊ကိုးလုံးတောင်ရပ်ကွက်၊ သန္တေပင်ရွာ၊ ရန်ကုန်-ပြည်လမ်း၊ မှော်ဘီ-မင်္ဂလာဒုံမြို့နယ်ဟုခေါ်တွင်သည့် ခြံဝင်းအတွင်းရှိ အဆောက်အအုံများအားလုံးနှင့် 316 KVAYAMAR Gas Generator (၁)ခုနှင့် ပူးတွဲပါစက်ပစ္စည်းအမျိုး(၄၀)။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း(၂၀၀၀၀)(ကျပ်သိန်းပေါင်းနှစ်သိန်းတိတိ)**

၄။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂၁စီ)၊ လူနေရပ်ကွက် သန္တေပင်၊ မြေကွက်အမှတ် (၇၇/ခ+၇၆/ခ၊ ခ/၇၈)ဧရိယာ (၂ဒသမ၅၈+၃ဒသမ၈၅+၁ဒသမ၉၂)=၈ဒသမ၃၅ဧကရှိ ဦးမောင်မောင်ကြီးအမည်ပေါက် ဘီ-မြေ(၃/ခ)ရပြီးနှင့် ယင်းမြေပေါ်ရှိ အမှတ်(၇၄)၊ ကိုးလုံးတောင်ရပ်ကွက်၊ သန္တေပင်ရွာ၊ ရန်ကုန်-ပြည်လမ်း၊ မင်္ဂလာဒုံမြို့နယ်ဟုခေါ်တွင်သည့် ခြံဝင်းအတွင်းရှိ အဆောက်အအုံများအားလုံးနှင့် TUSCO TRAFO Transformer 3000KVA (၁)ခုနှင့်ပူးတွဲပါ စက်ပစ္စည်း(၄၀)မျိုး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း(၅၀၀၀၀) (ကျပ်သိန်းပေါင်းငါးသောင်းတိတိ)**

၅။ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၂၁-အေ-၁၊ မြေကွက်အမှတ် Eastern I/6 of 1.5 Western Portion of III 37A Piece of Land Adjacent and South of West Portion III 37ဧရိယာ (19'-4"x100')(11'-4'x 40')(2'-6" x11'-14")(19'x140')ဒေါ်တင်တင်မွေး(ခ)ဒေါ်မိမိ(ခ)ဒေါ်မီမီအမည်ပေါက် မြေပိုင်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအမှတ်-၄၀၆၊ကမ်းနားလမ်း၊လသာမြို့နယ်၊ရန်ကုန်မြို့ဟုခေါ်တွင်သည့် ခြံဝင်းအတွင်းရှိအဆောက်အအုံများအားလုံးနှင့် အခြားအကျိုးခံစားခွင့်များအားလုံး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း(၁၅၀၀၀၀)(ကျပ်သိန်းပေါင်းတစ်သိန်းငါးသောင်းတိတိ)**

**လေလံရောင်းချမည့်စည်းကမ်းများ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်ပါက တရားရုံးကတာဝန်ယူမည် မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်သည်။ သို့သော်အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကထင်မြင်လျှင် လက်မခံဘဲငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့ပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကိုလေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက်နေ့ချင်းပေးသွင်းရမည်။ထိုသို့ပေးသွင်းခြင်းမပြုလျှင် တဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ် ယူခွင့်ရှိမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်ရက်သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များ၌ ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြေညာစာထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(ကျော်စိုးညွန့်)**
**ဒုတိယညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ နဝရတ်(၁)လမ်း၊ မြေကွက်အမှတ်(၄၀၈)၊ အကျယ်အဝန်းပေ( ၄၀ x ၆၀)၊ ဧရိယာ(၂၄၀၀)စတုရန်းပေရှိ၊ နှစ်(၆၀)မြေငှားဂရန်မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာနတွင် ဦးတင်ဝင်း ၁၂/သကတ(နိုင်) ၀၅၂၃၄၀ အမည်ပေါက်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော (ခြေရင်းဘက်ခြမ်း) ပေ(၂၀ x ၆၀) အပြင် မြေပို(၃ပေ) ပါဝင်သော မြေကွက်နှင့် အဆောက်အအုံအား (၁-၁၁-၂၀၁၆)ရက်စွဲပါ ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ ပြုလုပ်ချုပ်ဆိုသော "အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်" ဖြင့် ပိုင်ဆိုင်လာသော ဒေါ်မြင့်မြင့်စိန် ပါ-၃ဦး ၁၂/သကတ(နိုင်)၁၅၇၆၁၇တို့ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဒေါ်နွယ်နွယ်ဆွေ ၁၄/မမန(နိုင်)၀၀၉၁၀၁၊ ဒေါ်မာမာဆွေ ၁၄/မမန(နိုင်) ၀၀၉၅၅၀တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ကိုပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းများ နှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **၁။ ဒေါ်နွယ်နွယ်ဆွေ** | **ဦးလှဝင်း(ဥပဒေဘွဲ့)** |
| **၂။ ဒေါ်မာမာဆွေ** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၈၄)** |
| | **အမှတ်-၁၆၂၀/က၊ ဦးမင်းလမ်း၊ ၄၂/ရပ်ကွက်၊ မ/ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၁၀၉၉၆၁** |

---

**ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ် (၄၅/မြမာလာ)၊ဦးပိုင်အမှတ်(၁၆၆-က)၊မြေယာအမှတ်(166-A)၊ မြေဧရိယာ ၀ဒသမ ၀၇၈ ဧကရှိ မြေကွက်နှင့် ဦးပိုင်အမှတ် (၁၆၆-ခ)၊မြေယာအမှတ်(166-B) ၊ မြေဧရိယာ ၀ဒသမ ၀၆၅ ဧကရှိ မြေကွက်တို့အားမြေငှားဂရန်(မိတ္တူမှန်)လျှောက်ထားနိုင်ရေး ဦးအောင်မင်း(ခ) ချန်ကြည်ဆိုက် ၉/မရမ(နိုင်)၀၉၁၅၁၅မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက် လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဝဏ္ဏကျော်ထင် ဦးမောင်မောင်
### စီမံထုံးချုပ်(ပထမဆင့်)
### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)(မြေတိုင်းဦးစီးဌာန)
### ယခင် အကြံပေးပုဂ္ဂိုလ်(နိုင်ငံခြားရေးဝန်ကြီးဌာန)
### အသက်(၉၀)

ရန်ကုန်မြို့၊ သုဝဏ္ဏ(၂၃)ရပ်ကွက်၊ ယင်းမာမြိုင်လမ်း၊ အမှတ်(68/A)နေ (ဦးကျော်ဇံ-ဒေါ်ဖွားမြင့်)တို့၏သား၊ (ဦးအောင်လှ-ဒေါ်လှလှ)တို့၏သားသမက်၊ ဒေါ်မိမိခိုင် @ Lucy Hla (အထပြ-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာသိင်္ဂီမောင်မောင်(AIMST University-Malaysia)၊ ဒေါ်သီရိမောင်မောင်(World Bank)-ဦးအယ်လ်ဆိုင်းလီ(Green Hills Academy)တို့၏ချစ်လှစွာသောဖမွေးသဖခင်၊ မောင် Brian အယ်လ်ဇော်ဘုန်းအောင်(Grade II-A, Green Hills Academy)၏ချစ်လှစွာသောဘိုးဘိုးသည် ၂၇-၁-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၆:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂-၂-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ကျောင်းဒါယိကာမကြီး
## ဒေါ်ထွေးအောင်(မလှိုင်မြို့)
## အသက်(၈၈)နှစ်

မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နေ(သူကြီးဦးအေး-ဒေါ်တွယ်)တို့၏သမီးထွေး၊ မလှိုင်မြို့နေ(ဈေးခေါင်းကြီးဦးချစ်လှ-ဒေါ်ရွှေ)တို့၏ သမီးချွေးမ၊အမှတ်(၁၀)ရပ်နေ (ဦးအောင်ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဒေါ်သန်းသန်းအေး(T.E.O-ငြိမ်း)၊(ဦးဝင်းမြင့်)-ဒေါ်အေးလွင်၊ ဦးသက်နှင်း-ဒေါ်မြမူ(သမဦးစီးငြိမ်း)၊ဒုရဲမှူးသိန်းဆွေ-ဒေါ်ခင်ခင်မြ၊ဦးစိန်တိုး-(ဒေါ်နုနုယဉ်)၊ဒေါက်တာစိုင်းမန်းအုံ-ဒေါက်တာမို့မို့ဝင်း (ကျောက်ဆည်)၊ဒေါ်သန္တာထွေး(ကထိက၊သမိုင်းဌာန၊မိတ္ထီလာတက္ကသိုလ်)တို့၏ ချစ်လှစွာသောမိခင်၊ မြေး(၁၀)ယောက်၊မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၇-၁-၂၀၂၀ရက် (တနင်္လာနေ့)နံနက် ၈:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၂၀ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် မလှိုင်မြို့ မြို့မသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်း ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းစိန်
## အသက်(၇၈)နှစ်

ပဲခူးမြို့နေ (ဦးတင်အောင်-ဒေါ်အေး)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးခင်မောင်မောင်)၏ဇနီး၊ ရန်ကုန်မြို့၊ ယုဇနဥယျာဉ်အိမ်ရာနေ ဦးဝင်းနိုင်-ဒေါ်သန်းမြင့်တို့၏အစ်မ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ ပြည်သာယာလမ်း၊ အမှတ် ၁၉နေ ဗိုလ်မှူးချုပ်စိုးမြင့်မောင်-ဒေါ်သိင်္ဂီတင်၊ ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ အောင်ဇေယျာအိမ်ရာ၊ အမှတ်(၃၉/၂၀၂)နေ ဦးမိုးမြင့်မောင်-ဒေါ်အေးအေးမော်၊ ဦးသိုက်စိုးမောင်၊ ဦးနိုင်လင်းမောင်-ဒေါ်တင်တင်မာ တို့၏မိခင်၊ မောင်ခန့်မင်းမောင်၊မောင်ခန့်စည်သူ၊ မနန္ဒာပြည့်စုံ၊ မောင်ကျော်ဘုန်းအောင်၊ မအိသံစဉ်ချိုတို့၏အဘွားသည် ၂၇-၁-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၉:၄၀ နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၂) တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၃၁-၁-၂၀၂၀ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ်(၃၉/၂၀၂)၊အောင်ဇေ ယျာအိမ်ရာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်းဒါယိကာမကြီး
## ဒေါ်ခင်မျိုးဝေ
### အသက်(၆၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ထန်းသုံးပင်အုပ်စု၊ ပေကုန်းကျေးရွာနေ (ဦးကြည်အေး-ဒေါ်ခင်စိန်)တို့၏သမီး၊ (ဦးလှ-ဒေါ်မေပု)တို့၏ချွေးမ၊ ဦးဝင်းထွန်း၏ဇနီး၊ (ဒေါ်ခင်မျိုးဝင်း)၊ ဒေါ်ခင်မျိုးမြင့်တို့၏ညီမ၊ ဒေါ်ခင်စန်းအေး၏အစ်မ၊ ဦးပဥ္စင်း ဦးထေရိန္ဒ၏မယ်တော်ကြီး၊ ဦးဇေယျာမျိုး-ဒေါ်ယဉ်မူအေး၊ ဒေါ်မြတ်လေးဝေတို့၏မိခင်၊ မောင်ကောင်းမြတ်ဇေယျ၊ မောင်လင်းထွဋ်ဇေယျ၊ မသန့်ဇေယျသူတို့၏အဘွား၊ တူ/တူမ ရှစ်ယောက်တို့၏အဒေါ်သည် ၂၇-၁-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၀:၁၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဇေယျာသိဒ္ဓိ(၂)လမ်း၊ အမှတ်(၃၉)နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဗိုလ်မှူးကျော်ကျော်(ငြိမ်း) O.T.S(၈၁)
### လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူး
### အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
### ပြည်သူ့အင်အားဝန်ကြီးဌာန
### ပြည်ထောင်စုဝန်ကြီးရုံး
### အသက်(၅၈)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ကံ့ကော်အိမ်ရာနေ ဒေါ်တင်တင်အေး၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ကြီးနိုင်လင်းကျော်-ဒေါ်မီမီမျိုးဝင်း၊ ဗိုလ်ကြီးပြည့်ဖြိုးကျော်-ဒေါ်မေသဇင်တို့၏ဖခင်၊ မောင်ရှိုင်းမြင့်မြတ်၏အဘိုးသည် ၂၇-၁-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၆:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် ကျေ့ကြီးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂-၂-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ကံ့ကော်အိမ်ရာ၊ တိုက်အမှတ်(၂၄၄)၊ အခန်း(၁၃)သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာပွင့်
### အသက်(၃၉)နှစ်

ပျူမြို့ဟောင်း(၃)မြို့နှင့်ပုဂံရှေးဟောင်းအမွေအနှစ်ဒေသတို့အား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရေးတွင်လည်းကောင်း၊ မြန်မာခေတ်သစ်ဗိသုကာနှင့်အနုပညာစုစည်းမှုတွင်လည်းကောင်း၊တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သည့် ICOMOS Myanmar ၏ EC အဖွဲ့ဝင် ရန်ကုန်နည်းပညာတက္ကသိုလ်၊ ဗိသုကာဌာနမှ ပါမောက္ခဒုတိယဌာနမှူး ဒေါက်တာပွင့်သည် ၂၃-၁-၂၀၂၀ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုတို့နှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **ICOMOS Myanmar**

## အနိစ္စ

## အထူးဝမ်းနည်းကြေကွဲခြင်း
## NAW Charity Crown
### အသက်(၉၀)

သူငယ်ချင်းCaptain Saw Shlomo Crown ၏ မိခင်ဖြစ်သူ NAW Charity Crownသည် ၂၇-၁-၂၀၂၀ရက် နံနက် ဝ၄:၄၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **IMT,CD-20/CE-18 မှ သူငယ်ချင်းများ**

## ဆရာမကြီးဒေါ်မေမေကြည်
### အထပြ(ငြိမ်း)
### အထက(၁)ဒိုက်ဦး၊ အထက(၁)ညောင်လေးပင်
### အသက်(၈၃)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့၊ ဘုရင့်နောင်လမ်းနေ ဆရာကြီးဦးကြိုင်၏ဇနီး၊ ကိုမင်းသူ-မစန္ဒာဝင်း၊ ကိုထွန်းထွန်းဝင်း၊ ကိုကျော်စိုးလှိုင်-မယုယုမေတို့၏ မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၂၆-၁-၂၀၂၀ရက်နံနက် ၆:၀၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၂၀ရက် မွန်းတည့် ၁၂နာရီတွင် ရွာတန်းရှည်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (၁-၂-၂၀၂၀ရက်တွင် ဒိုက်ဦးမြို့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

**ကျန်ရစ်သူမိသားစု**

## ဦးခိုင်ဝင်း
### (ကြို့ပင်ကောက်)
### အသက်(၆၅)နှစ်

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ ကံဦးလမ်းနေ(ဦးလှတင်-ဒေါ်ခင်ရွှေ)၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့၊(၁၀)ရပ်ကွက်၊ အမှတ်(၈၃၂)နေ (ဦးခင်မြင့်-ဒေါ်တင်လှ)တို့၏သား၊ တောင်ဥက္ကလာပမြို့ (၁၀)ရပ်ကွက်၊ ဘယသကြံနီလမ်း (ဦးဒီဇူဇာ-ဒေါ်တင်ကြည်)တို့၏ သမက်၊ ဦးတင်မောင်ဦး (ပြန်/ဆက်ဝန်ထမ်းငြိမ်း၊ အယ်ဒီတာချုပ်၊ ပြည်ထောင်စုနေ့စဉ်သတင်းစာ)-ဒေါ်ခင်ခင်သိန်း(အ-လ-က ၁/ဗဟန်း)၊ မင်းလှမြို့နေ ဒေါ်ညာဏသီတို့၏ ညီ/မောင်၊ တောင်ဥက္ကလာပမြို့ (၁၀)ရပ်ကွက်နေ ဒေါ်အေးအေးမွန်၊ ဦးကျော်သူ(တိုင်းရင်းဆေးဆရာ)၊ (ဦးသက်နိုင်)၊ ဦးစိုးအောင်-ဒေါ်ဝေဝေသင်းတို့၏အစ်ကို၊ ဒေါ်မြကြည်၏ခင်ပွန်း၊ မောင်ကျော်ဇောလင်း၏ ဖခင်၊ မအင်ကြင်းခိုင်၊ မောင်ဟန်စိုးပိုင်တို့၏ ဦးလေးသည် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် စံပြဆေးရုံကြီးတွင် ၂၆-၁-၂၀၂၀ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၃:၁၀နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ခရစ်တော်၌ အိပ်ပျော်ခြင်း
## Daw Man Ngaih Ciin
### အသက်(၇၃)နှစ်

Thal Mual Khua (Pu Zel Khaw Thang-Pi Ning Khaw Pum) တို့၏ ချစ်လှစွာသောသမီးထွေး၊(Pu Thang Khaw Dongh- Pi Sel Khaw Cing) တို့၏ ချစ်လှစွာသောသမီးချွေးမ၊ (Pa Gin Do Kham),Nu Ciin Ngaih Ciang(USA),(Pa Zam Za Kam-Nu Kim Ngaih Cing)-Nu Dim Lian Cing,(Pa ZamKhaw Thang-Nu Dim Ngaih Zo),Capt.Pum Khan Pau(Rtd)-Nu Man Khan Ciin,Rev. Thawng NgaihKhup-Nu Thang Za Nem (USA)တို့၏ ချစ်လှစွာသောညီမ/ အစ်မ၊ အမှတ် ၉၊ သရဝဏ်ရိပ်သာ(၁)လမ်း၊ လင်းလွန်းမြောက်ရပ်ကွက်၊ စမ်းချောင်းနေ(Pu Cin Za Mung)၏ချစ်လှစွာသောဇနီး၊ (Rev.Dong Khan Mang)-Rev.Cing Cian Lun(Yangon Christian Churchစမ်းချောင်း)၊ Nu Cing Ngaih Sian-Pa Hang Sian Mung(USA), Nu Vung Ngaih Hau-(Pa Naing), Pa Thang Kho Khai-Nu Chong (USA)တို့၏ချစ်လှစွာ သောမိခင်ကြီး၊ Rev.Mung Sian Thawn (Ps. Joshua)-Siama Hanna, Tg Suan Sian Muang(Jonathan),Lia Ciin Sian Hoih (Ruth), Pa Thawng Sian Sawn Tuang-Nu Khai Cing, Tg.Mung Tung Thang, Lia Ciin Sian Hau Nuam,Lia Ciin Bawi (Aye Thandar Moe) တို့၏ချစ်လှစွာသောအဘွားသည် ၂၇-၁-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၁၀:၄၀ နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၉-၁-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ သင်္ဂြိုဟ်မည်ဖြစ်ပြီး ကားများ ယုဇနပိတောက်ကွေ့မှ နံနက် ၁၁နာရီ၊ ဆူးလေဘုရားနှင့် ဗန္ဓုလပန်းခြံထောင့်မှ နံနက် ၁၁နာရီ၊ နေအိမ်ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## အဗ္ဗဒူရာမန်(ခ)ဘိုကြီး(ခ)ဦးအေးဖေ
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊၁၀၁လမ်း၊ အမှတ် ၁၁နေ [ဝဏ္ဏကျော်ထင် ဦးဘအေး- ဒေါ်ခတီဇာဘီဘီ(ခ)ဒေါ်ခင်တီ] တို့၏ တစ်ဦးတည်းသောသား၊ (ဟာဂျီ ဦးအေးမောင်-ဒေါ်ရန်)တို့၏သားသမက်၊ ဟာဝါဘီ(ခ)ဒေါ်လှလှ အေး၏ခင်ပွန်း၊ ဦးတင်ဝင်း-ဒေါ်သင်းသင်းအေး၊ ဦးစိုးကိုကိုထက်၊ ဒေါ်မင်းမင်းအေး၊ ဦးရဲဇော်အေးတို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၅-၁-၂၀၂၀ရက်(စနေနေ့)ည ၁၀:၂၀ နာရီတွင် အမှတ် ၁၆၊ သိမ်ကုန်းလမ်း၊ အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့နယ်နေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၆-၁-၂၀၂၀ ရက်(တနင်္ဂနွေနေ့)တွင် အဆွရ်အပြီး သန်လျင်ဒါရ်ဂါ၌ ဒါဖနာပြုလုပ်ပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဝမ်းနည်းကြေကွဲခြင်း
### ကြည်း ၂၂၆၂၇ ဗိုလ်မှူးကျော်ကျော်(ငြိမ်း) အသက်(၅၈)နှစ်
### (ညွှန်ကြားရေးမှူး)

ဦးကျော်ကျော် (ညွှန်ကြားရေးမှူး) ပြည်ထောင်စုဝန်ကြီးရုံး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အသက်(၅၈)နှစ် သည် ၂၇-၁-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများ**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ရဟန်း ဒါယိကာမကြီး
## ဒေါ်ခင်အုန်းရီ(စစ်ကိုင်း)
### အသက်(၉၀)

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်နေ မီးရထားရုံပိုင်ကြီး(ဦးထွန်း-ဒေါ်သန်းသန်း)တို့၏သမီး၊ (ဦးလတ်-ဒေါ်ခင်ခင်လေး)တို့၏ ချွေးမ၊ ရန်ကုန်မြို့၊ အနောက်ရန်ကင်း၊ တိုက်(၃၃၂)၊ အခန်း(၁၇)နေ (ဗိုလ်မှူးသိန်းအောင်-လေထီး)၏ဇနီး၊ ဦးလှိုင်မြင့်ဦး(ညွှန်ကြားရေး မှူး၊ငြိမ်း)(နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ခင်လေးရီ၊ (ဒေါ်ခိုင်ခိုင်မြင့်)၊ (ဗိုလ်မှူးဇော်သက်နိုင်)(ငြိမ်း)-ဒေါ်စန်းစန်းငွေ၊ ဒေါ်စိုးစိုးမြိုင်၊ [ဦးထင်အောင်(ခ)ဦးစိမ်းစို]- ဒေါ်မိုးမိုးကြိုင်(တပ်/ဆွယ်တာစက်ရုံခွဲ)၊ (ဦးအောင်စိုးပိုင်)တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၂၇-၁-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၇:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂-၂-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက်တွင် မင်္ဂလာဒုံ မြို့နယ်၊ တပ်မတော်အထည်ချုပ်ဝန်ထမ်းအိမ်ရာ (ဗိုလ်ရွှေ)၊ အခန်း(၃၉)နေ ဒေါ်မိုးမိုးကြိုင်၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြား အပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ရဟန်း ဒါယိကာမကြီး
## ဒေါ်ခင်အုန်းရီ(စစ်ကိုင်း) အသက်(၉၀)

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်နေ မီးရထားရုံပိုင်ကြီး(ဦးထွန်း-ဒေါ်သန်းသန်း)တို့၏သမီး၊ (ဦးလတ်-ဒေါ်ခင်ခင်လေး)တို့၏ ချွေးမ၊ (ဦးလှမောင်-ဒေါ်ခင်စု)၊(ဒေါ်နုနု)၊ (ဦးသိန်းထွဋ်ဖြိုး-ဒေါ်ညွှန့်ညွှန့်)၊ (ဦးအောင်ဝင်း-ဒေါ်ယဉ်ယဉ်)တို့၏ညီမ၊ ဗိုလ်ကြီးညွှန့်မောင်-(ဒေါ်ကြည်ကြည်ဝင်း)၊ (ဒုဗိုလ်မှူးကြီးမျိုးဝင်း)-ဒေါ်ခင်ခင်တော်၊ ဦးစိုးဝင်း-ဒေါ်ခင်စာ၊ ဦးတိုးဝင်း-ဒေါ်နွဲ့နွဲ့ချိုတို့၏အစ်မ၊ တူမခုနစ်ယောက်၊ တူနှစ်ယောက်တို့၏အဒေါ်၊ မြေး ၁၄ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီး၊ ရန်ကုန်မြို့၊ အနောက်ရန်ကင်း၊ တိုက် (၃၃၂)၊ အခန်း(၁၇)နေ (ဗိုလ်မှူးသိန်းအောင်-လေထီး)၏ဇနီး ဒေါ်ခင်အုန်းရီသည် ၂၇-၁-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၇:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂-၂-၂၀၂၀ရက်(တနင်္ဂနွေနေ့) နံနက်တွင် မင်္ဂလာဒုံမြို့နယ်၊ တပ်မတော် အထည်ချုပ်ဝန်ထမ်းအိမ်ရာ (ဗိုလ်ရွှေ)၊ အခန်း(၃၉)နေ ဒေါ်မိုးမိုးကြိုင်၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဦးစံထွား
### ကျော်စွာသိန်းပရိဘောဂ
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆-အနောက်ရပ်ကွက်၊ ဇမ္ဗူသီရိအရှေ့(၄)လမ်း၊ အမှတ်(၄၂၄)နေ ဒေါ်ခင်ချို၏ခင်ပွန်း (ဦးသန်းထွန်း-ဒေါ်စမ်းစမ်းမြင့်)၊ဦးအောင်မြင့်-ဒေါ်ချိုမာစမ်း၊ ဦးအောင်တင့်၊ ဦးအောင်သိန်း-ဒေါ်သန္တာစိုး၊ ဦးဝင်းပိုင်-ဒေါ်စုစုလွင်၊ ဦးကျော်စွာသိန်း-ဒေါ်မိုးမိုးလွင်၊ ဦးညီညီလွင်-ဒေါ်ခင်မိုးသူတို့၏ဖခင်၊ မြေး(၁၀)ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂၆-၁-၂၀၂၀ရက် (တနင်္ဂနွေနေ့)ညနေ ၆:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၂၀ရက်(အင်္ဂါနေ့)ညနေ ၄နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။ ကွယ်လွန်သူအား ရည်စူး၍ ၁-၂-၂၀၂၀ရက် (စနေနေ့)နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြသန်း(မဟာစည်ယောဂီ)
### မြောင်းမြ/ဝါးခယ်မ
### အသက်(၇၆)နှစ်

မြောင်းမြမြို့၊ ဗောဓိပင်လမ်း၊ အမှတ်(၇)နေ (ဦးမြင့်သန်း)(ခရိုင်ဦးစီးမှူး-ငြိမ်း၊ စက်မှုလယ်ယာ)၏ဇနီး၊ (ဦးလှမောင်-ဒေါ်တင်ရီ)တို့၏သမီးကြီး၊ ရန်ကုန်မြို့နေ ဦးမြစံ(ဘဏ္ဍာရေး-ငြိမ်း)-ဒေါ်ထွေးတင်(ဘဏ္ဍာရေး-ငြိမ်း)၊ ဦးချစ်ညွှန့်-ဒေါ်ဝေဝေ(အိတ်စတိုး၊ သဃ်န်းကျွန်းဈေးကြီး)၊ ဦးမြင့်ကျော်-ဒေါ်မာမာချို(မေကံ့ကော်-ရတနာဆိုင်၊ သဃ်န်းကျွန်းဈေးကြီး)တို့၏ချစ်လှစွာသောအစ်မကြီး၊ (ဦးချစ်လွင်)-ဒေါ်မူမူခိုင်(ကန်ကြီးဒေါင့်မြို့)၊ ဒေါက်တာ ဇော်မင်းခိုင်(ထူးသစ်အစာတောင့်စက်ရုံ)-ဒေါက်တာတင်နွယ်ရီ(ဒု-ညွှန်မှူး၊ စီး/ထောက်၊ နေပြည်တော် မွေး/ကု)၊ ဦးဇော်ထွန်း(မြို့နယ်ဦးစီးမှူး၊ စက်မှုလယ်ယာ၊ မုံရွာမြို့)-ဒေါ်နီလာခိုင်၊ ဦးမင်းဇော်(ဂျပန်ပစ္စည်းရောင်းဝယ်ရေး)-ဒေါ်ဆွေဇင်အေးတို့၏မွေးသမိခင် ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏ချစ်လှစွာသောအဘွား ဒေါ်မြသန်းသည် ၂၄-၁-၂၀၂၀ရက် (သောကြာနေ့) ညနေ ၃:၃၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၂၀ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း ဒါယိကာမကြီး
## ဒေါ်လှနှင်းခိုင်
### Managing Director
### International School of Myanmar
### အသက်(၇၆)နှစ်

အထက(၃)တာမွေ ၆၄/၇၂အပူဇော်ခံဆရာမကြီး ကွယ်လွန်သွားပါသဖြင့် မိသားစုဝင်များနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အထက(၃)တာမွေ ၆၄/၇၂**
**ဆရာ/ဆရာမများနှင့်ကျောင်းသူကျောင်းသားဟောင်းများအဖွဲ့**

# “သွေးချင်းတို့ရဲ့ ပွဲတော်ဆီ” ပွဲတော်နှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့် ကယားပြည်နယ် တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပမည့် “သွေးချင်းတို့ရဲ့ ပွဲတော်ဆီ” ပွဲတော်နှင့် ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ ကျိုက္ကဆံကွင်းအတွင်း ကျင်းပသည်။

၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် “သွေးချင်းတို့ရဲ့ပွဲတော်ဆီ”ပွဲတော်ကြီးကို ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ တိုင်းရင်းသားလူမျိုးပြခန်းများအနေဖြင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသော ပြခန်း ရှစ်ခန်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသပြခန်း ခြောက်ခန်းတို့အပြင် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းပြခန်းနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနပြခန်း စုစုပေါင်း ပြခန်း ၁၆ ခန်း ပါဝင်ပြသမည်ဖြစ်ကာ ညီနောင်အသင်းများဖြစ်သော မြန်မာနိုင်ငံ သစ်တောထွက်လုပ်ငန်းရှင်များ အသင်းမှလည်း ပြခန်းပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ကြီးအတွင်း ဆိုင်ခန်းများကို ဇုန်သုံးဇုန် ခွဲခြားထားပြီး ဇုန် A တွင် အီလက်ထရွန်နစ်ပစ္စည်းများ၊ ဆေးဝါးများ၊ ပိုးထည်အစရှိသော ပစ္စည်းများပါဝင်ကာ ဆိုင်ခန်းပေါင်း ၁၇၁ ခန်း နေရာချထားမည်ဖြစ်ပြီး ဇုန် B တွင် ၁၀ ပေပတ်လည် အခန်းများပါဝင်ကာ အထည်အလိပ်များ၊ တိုင်းရင်းသားရိုးရာ အဝတ်အထည်များကို ပြသမည်ဖြစ်သည်။ ထို့ပြင် ဆိုင်ခန်းပေါင်း ၄၄ ခန်း ပါဝင်သော စားသောက်ဆိုင်တန်းကိုလည်း ဖွင့်လှစ်ထားမည်ဖြစ်ကာ အဆိုပါဆိုင်ခန်းများတွင် တိုင်းရင်းသားရိုးရာအစားအသောက်ဆိုင်များ ပါဝင်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ◆

## 2019 Novel Coronavirus
## ကြိုတင်ပြင်ဆင်ထားရှိမှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

*စာမျက်နှာ - ၁၀*




မြိတ်မြို့ အဝေးပြေးကားဂိတ်၌ ခရီးသည်များအား နိုဗယ်ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု ရှိ မရှိ စစ်ဆေးဆောင်ရွက်နေစဉ်။

# မြန်မာအမျိုးသမီးအသင်းနှင့် ထိုင်းအမျိုးသမီးအသင်း ဒုတိယခြေစမ်းပွဲ ယနေ့ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၇**

အိုလံပစ်တတိယအဆင့်ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ထိုင်းလက်ရွေးစင် အမျိုးသမီးအသင်းတို့၏ ဒုတိယခြေစမ်းပွဲကို ဇန်နဝါရီ ၂၈ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။

ယင်းနှစ်သင်းသည် လာမည့်ရက်ပိုင်းအတွင်းစတင်မည့် အိုလံပစ်တတိယအဆင့်ခြေစစ်ပွဲအတွက် အပြီးသတ်ပြင်ဆင်ရန် ခြေစမ်းပွဲများကစားခြင်းဖြစ်ပြီး လေးရက်အတွင်း ခြေစမ်းပွဲနှစ်ပွဲ ကစားခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် ထိုင်းအသင်းသည် ပထမခြေစမ်းပွဲအဖြစ် ဇန်နဝါရီ ၂၅ ရက်က ယှဉ်ပြိုင်ကစားရာ ထိုင်းအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ယင်းပွဲတွင် ပထမပိုင်း၌ ကစားပုံမကောင်းခဲ့သော်လည်း

*စာမျက်နှာ ၁၂ ကော်လံ ၁* ❍

# မြိတ်မြို့တွင် နိုဗယ်ကိုရိုနာဗိုင်းရပ်စ် တားဆီးကာကွယ်ရေး လေဆိပ်၊ ကားဂိတ်နှင့် သင်္ဘောဆိပ်တို့တွင် ကျန်းမာရေးစစ်ဆေးလျက်ရှိ

**မြိတ် ဇန်နဝါရီ ၂၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ လေဆိပ်၊ ကားဂိတ်နှင့် သင်္ဘောဆိပ်တို့၌ နိုဗယ်ကိုရိုနာဗိုင်းရပ်စ် တားဆီးကာကွယ်ရေးအတွက် ခရီးသည်များအား ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ဇန်နဝါရီ ၂၇ ရက်တွင် အပူချိန်တိုင်းစမ်းသပ်ကိရိယာဖြင့် ကျန်းမာရေးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

“လူတစ်ယောက်မှာ ပုံမှန်အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ် ရှိပါတယ်။ ဒီထက်ပိုရင် အဖျားရှိပါတယ်။ နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ကတော့ အဖျား ၁၀၁ ကျော်ပါတယ်။ သူ့ရဲ့ လက္ခဏာကတော့ ခေါင်းကိုက်တာ၊ လည်ပင်းနာတာ၊

*စာမျက်နှာ ၈ ကော်လံ ၄* ✻

# ၂၀၂၁ ဆီးဂိမ်းအတွက် မြန်မာ ယူ-၂၂ အသင်း ကစားသမားရွေးချယ်ရန် စတင်ဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၂၇**

မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ် ပိုပေါ့ဗ်သည် ၂၀၂၁ ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်မှုများ စတင်ပြုလုပ်နေပြီဖြစ်၍ ကစားသမားများရွေးချယ်ရန် စတင်ဆောင်ရွက်နေပြီဖြစ်သည်။

၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲကျင်းပရန် လိုသေးသော်လည်း နည်းပြချုပ် ပိုပေါ့ဗ်အနေဖြင့် အလားအလာရှိပြီး အသက်မီသည့် ကစားသမားများကို ရေရှည်လေ့ကျင့်ပေးသွားရန် ကစားသမားရွေးချယ်မှုကို စတင်ပြုလုပ်ခြင်းဖြစ်သည်။ ပိုပေါ့ဗ်သည် ယခုလအတွင်း စတင်ကျင်းပလျက်ရှိသည့် MNL လိဂ်ပွဲစဉ်များအပါအဝင် MNL-2 ပြိုင်ပွဲနှင့် လူငယ်လိဂ်ပြိုင်ပွဲများကိုပါ လိုက်လံကြည့်ရှုမည်ဖြစ်ကာ အသက် ၂၂ နှစ်အောက် ပြိုင်ပွဲဖြစ်သောကြောင့် ယခုနှစ်တွင် အသက် ၂၁ နှစ်အောက်ရှိသည့် ကစားသမားများကို အဓိက ရွေးချယ်သွားမည်ဖြစ်သည်။ ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲ

*စာမျက်နှာ ၁၂ ကော်လံ ၁* ❂



၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာအသင်း။ ဓာတ်ပုံ-စိုးညွန့်

## ယနေ့ သ တင်း အ ညွှန်း

**လေးလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော်ရရှိ**

*စာမျက်နှာ - ၄*

**လှိုင်ကော်၊ ဟိုပုံးနှင့် မိုင်းတုံမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ**

*စာမျက်နှာ - ၁၃*

စေတနာဆေး မေတ္တာဆေး သစ္စာဆေး – ဆေးစွမ်းထက်တာ ထွန်းရွှေဝါ . . .
ထွန်းရွှေဝါ တိုင်းရင်းဆေးက ဆေးစွမ်းထက်ပါသည်။